# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၁၅၁)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ

## ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံမှ အပြုသဘောကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❐



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် အဆိုကို လွှတ်တော်ကအတည်ပြု** စာ - ၇

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာ** စာ - ၈

**ထူးခြားသည့် ညအပူချိန်များ**

| | |
|---|---|
| ဟားခါးမြို့တွင် | ၆ ဒီဂရီစင်တီဂရိတ် |
| သီပေါမြို့တွင် | ၇ ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့တွင် | ၇ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့တွင် | ၈ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့တွင် | ၈ ဒီဂရီစင်တီဂရိတ် |
| တွန်းဇံမြို့တွင် | ၈ ဒီဂရီစင်တီဂရိတ် |


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အခြေခံဥပဒေနှင့် ပြည်သူ့အချုပ်အခြာ

လက်ရှိ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ မြန်မာပြည်သူလူထုအကြား ဆန္ဒထုတ်ဖော်မှုများကို တွေ့မြင်နေရပါသည်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်အများစုက လွှတ်တော်ထဲတွင် အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပူးပေါင်းကော်မတီ တစ်ရပ်ဖွဲ့စည်းရန် အဆိုပြုလိုက်ခြင်းက ပြည်သူလူထု၏ မျှော်လင့်ချက်ကို အားတက်စေခဲ့သည်ဟု ယူဆပါသည်။

လက်ရှိ အခြေခံဥပဒေပြင်ဆင်ရေးသည် ပြည်သူအများစု၏ သဘောဆန္ဒကို ကိုယ်စားပြုသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။ အခြေခံဥပဒေပြင်ဆင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုသူတို့သည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်အများစုဖြစ်သည့်အတွက် အခြေခံဥပဒေပြင်ဆင်ရေး သဘောထားသည် ပြည်သူကို ကိုယ်စားပြုသည်ဟု ဆိုချင်ပါသည်။

ဤနေရာ၌ မည်သည့်နေရာမဆို ရှိနိုင်သည့် သဘောထားကွဲလွဲမှုများအရ ၂၀၀၈ အခြေခံဥပဒေကို မပြင်ဆင်လိုသည့် လူအချို့လည်း ရှိနိုင်ပါသည်။

သို့သော်လည်း ပြည်သူလူထု ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့်ဖွဲ့စည်းထားသည့် လက်ရှိပြည်သူ့အစိုးရနှင့် လွှတ်တော်အသီးသီးအပါအဝင် တိုင်းရင်းသား အင်အားစုများ၊ တပ်မတော်၊ အတိုက်အခံ နိုင်ငံရေးပါတီများ စသည့်အင်အားစုများကလည်း လက်ရှိအခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်သည်ဟု သဘောတူထားကြကြောင်း သိရှိနေရပါသည်။

ပြင်ဆင်ရေးကို သဘောတူထားကြပြီး မည်သည့်အချက်များကို မည်ကဲ့သို့ ပြင်ဆင်ကြမည်လဲ ဆိုသည်ကသာ ကွဲပြားနေသည်ဖြစ်ကြောင်းကို သတိပြုမိပါသည်။

မည်သို့ပင်ဖြစ်စေ ပြင်ဆင်ရန်လိုအပ်သည်ဟု အားလုံးသော အင်အားစုများက သဘောတူထားခြင်းကို ထောက်ရှုခြင်းအားဖြင့် လက်ရှိအခြေခံဥပဒေသည် အားနည်းချက်များ ရှိနေသည်ဆိုခြင်းက ထင်ရှားပေါ်လွင်နေသည်ဟု ထင်မြင်ပါသည်။

လက်ရှိအခြေခံဥပဒေနှင့် ပတ်သက်သည့် မူလဘူတအကျဆုံး ပြဿနာမှာ မူပြဿနာ ဖြစ်ပါသည်။ အခြားအခြားသော ဥပဒေအချက်အလက်များကို မပြောသေးဘဲ အခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်သည့် အခါ မည်သို့မည်ပုံ ပြင်ဆင်ရမည်ဟူသည့် အချက်တစ်ချက်တည်းကို ကြည့်လျှင်ပင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို မြန်မာပြည်သူလူထုကသာ ပိုင်သည်ဟူသောမူနှင့် ကွဲလွဲမှုရှိနေပြီဖြစ်ကြောင်း အထင်အရှားဖြစ်နေသည်။

မည်သို့ဆိုစေ၊ ယနေ့ကာလကဲ့သို့သော ဒီမိုကရေစီ အတော်အတန်ပွင့်လင်းလာသည့်ခေတ်တွင် အားရစရာကောင်းလာသည့် အချက်တစ်ခုကို တွေ့မြင်နေရပါသည်။

ပြည်သူ့ကိုယ်စားလှယ်အများစုက ပြင်ဆင်ရန်လိုအပ်သည်ဟု ဆုံးဖြတ်ကာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အတည်ပြုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်နေမှု အဆင့်ဆင့်သည် နိုင်ငံရေး ယဉ်ကျေးမှုတစ်စုံတစ်ရာကို ဖော်ပြနေခြင်းဖြစ်ပါသည်။

ကိုယ့်လက်ထဲ အာဏာရှိသည်၊ ကိုယ်လုပ်ချင်သလိုလုပ်မည် ဟူသည့် ငါတကောကော သဘောထားမရှိ။ အခြေခံမှုများကို ကိုယ့်သဘောနှင့် ကိုယ်ရေးဆွဲထားမည်၊ ကျန်သူများက ထောက်ခံအတည်ပြုကြ၊ မထောက်ခံသူများ၊ ဝေဖန်သူများကို ဥပဒေသစ်ရေးဆွဲကာ အပြစ်ပေးမည်၊ နှိပ်စက်မည်ဟူသည့် သဘောထားမျိုး လုံးဝမရှိဘဲ ဆွေးနွေးကြ၊ ညှိနှိုင်းကြပြီး အကောင်းဆုံးနည်းလမ်းကို ရှာဖွေကာ ပြင်ဆင်ရေးဆွဲကြမည်ဟူသည်မှာ မင်္ဂလာကျက်သရေရှိလှသည်ဟု ဆိုချင်ပါကြောင်း။ ။




## ဆန်တွင်အဏုအာဟာရ ဖြည့်စွက်ခြင်းလုပ်ငန်းဆိုင်ရာ ဆွေးနွေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် PATH အဖွဲ့အစည်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း ဆန်တွင် အဏုအာဟာရဖြည့်စွက်ခြင်းလုပ်ငန်း လမ်းညွှန်အား အသိပေးခြင်း အလုပ်ရုံဆွေးနွေးပွဲ ( Advocacy Workshop for Technical Guidance on Rice Fortification in Myanmar) ကို မတ် ၂ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ တာမွေမြို့နယ် ချက်ထရီယံဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။ **မြန်မာ့အလင်း**

## ထန်းတပင်မြို့နယ်၌ ရွှေခရုကျရောက်မှုကြောင့် သီးနှံပျက်စီးသွားသောဧက ၂၃၃၀ အတွက် ထောက်ပံ့ငွေပေးအပ်

**ထန်းတပင် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးရာသီတွင် ရွှေခရုကျရောက်မှုကြောင့် တောင်သူများ၏ သီးနှံထိခိုက်ပျက်စီးသွားသော စိုက်ပျိုးလယ်မြေ ဧက ၂၃၃၀ အတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၃၃၀၀၀၀ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သီးနှံထိခိုက်ပျက်စီးသွားသော ကျေးရွာအုပ်စု ၂၁ အုပ်စုတို့မှ တောင်သူ ၄၁၁ ဦးတို့ကို တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ကျေးရွာအုပ်စုရှိ တောင်သူတစ်ဦးချင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်၌ (၂၀၁၈-၂၀၁၉) ခုနှစ် မိုးစပါးရာသီတွင် ရွှေခရုကျရောက်မှုကြောင့် အပြင်ရေကျော် ကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ၈၆ ဧက၊ လမုတန်းကြီးကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီးဧက ၁၃၀၊ ချောင်းညီအကိုကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ၂၃ ဧက ၊ နဲပျောကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီးဧက ၂၀ ၊ ကလိန်ကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ၁၃၀၊ ဝါးတရာကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီးဧက ၉၆ ဧက၊ ကတွယ်ကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီးဧက ၁၁၉ ဧက၊ ကြိမ်ပိုက်ကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ၂၁၆ ဧက၊ ဒေါင့်ကြီးကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ၇၂ ဧက၊ ဆတ်ကလေးကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ၉၀၊ ပက်အင်းကလေးကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီးဧက ၁၃၁ ဧက၊ အစုကြီးကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ရှစ်ဧက ၊ သံပုရာကုန်ကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ၄၀၇ ဧက၊ တံတားဦး ကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီးဧက ၅၈ ဧက၊ ငှက်သိုက်ကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီးဧက ၁၁ ဧက၊ စန္ဒယော်ကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီးဧက ၂၀၀၊ ရေစိုကျေးရွာအုပ်စုတွင် သီးနှံထိခိုက်ပျက်စီး ဧက ၃၅၈ ဧက၊ ထိန်နှစ်ပင်ကျေးရွာအုပ်စုတွင် သီးနှံထိခိုက် ပျက်စီး ဧက ၅၄ ဧက၊ အမှတ် ၂ ရပ်ကွက်တွင် သီးနှံထိခိုက်ပျက်စီးဧက ၁၅ ဧက၊ အမှတ် ၃ ရပ်ကွက်တွင် သီးနှံထိခိုက်ပျက်စီး ဧက ၃၂ ဧကနှင့် အမှတ် ၅ ရပ်ကွက်တွင် သီးနှံထိခိုက်ပျက်စီး ဧက ၇၄ ဧကရှိပြီး သီးနှံထိခိုက်ပျက်စီးမှုများအတွက် ထောက်ပံ့ငွေများကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ဇင်မင်းထိုက် (ထန်းတပင်)**

## နေပြည်တော်ရှိ လက်လုပ်တောင်ရွှေနန်းသွင်းစေတီတော်ကြီးတွင် ကုသိုလ်ဖြစ် ဆေးခန်းဖွင့်လှစ်၍ အခမဲ့ကုသပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရာဇဌာနီလမ်းမကြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ လက်လုပ်တောင်ရွှေနန်းသွင်းစေတီတော်ကြီးတွင် ကုသိုလ်ပြုဆေးခန်းဖွင့်လှစ်၍ အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

လက်လုပ်တောင်ရွှေနန်းသွင်းစေတီတော်ကြီးတွင် အပတ်စဉ်ဗုဒ္ဓဟူးညနှင့်



တနင်္ဂနွေညများတွင် ကံပွင့်ဉာဏ်ပွင့် အစီအစဉ်၌ လာရောက်ကုသိုလ်ပြုကြသော တရားကျင့်ဖော်များအား ကျန်းမာရေးစောင့်ရှောက်မှုပြုရန်အတွက် ကုသိုလ်ပြုဆေးခန်းအား ဗောဓိဟိတကာရီသာသနာပြုအဖွဲ့နှင့် စေတနာရှင်ပရဟိတဆရာဝန်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၇ ရက်နေ့က စတင်ဖွင့်လှစ်ကုသပေးလျက်ရှိပြီး ဆေးခန်းအား ညနေ ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ နောင်အခါမှာ ဆေးကုသဆောင် သီးသန့်ဆောက်လုပ်ပြီး ကျန်းမာရေးကုသမယ့် အသုံးအဆောင်တွေ အပြည့်အစုံထားရှိဖို့၊ အလှူရှင် ဓမ္မမိတ်ဆွေတွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး စံနမူနာပြဆေးခန်းဖြစ်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု အဆိုပါ လက်လုပ်တောင်ဗောဓိဟိတကာရီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ အထူးအစီအစဉ်ဖြင့် လက်လုပ်တောင်ရွှေနန်းသွင်းစေတီတော်ကြီးသို့ တရားအားထုတ်သူများအတွက် ညနေပိုင်းများတွင် တိုင်းရင်းဆေးဆရာများမှလည်း လာရောက်၍ အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

ထင်သာမြင်သာပြုပြင်စရာ

## အန္တရာယ်ရှိ တမာပင်အခြောက်ကြီး အမြန်ဆုံးရှင်းပေးစေလို

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ အောင်မင်္ဂလာရပ်ကွက် မီးရထားဝန်ထမ်းအိမ်ရာတွင် သက်တမ်းရင့် တမာပင်အခြောက်ကြီးတစ်ပင်ရှိရာ အဆိုပါ တမာပင်ခြောက်ကြီးကို လွန်ခဲ့သည့်တစ်နှစ်က ကိုင်းဖျားကိုင်းနားများကို ခုတ်ထွင်ခဲ့ပြီး ပုံပါအတိုင်းထားခဲ့သည်။ **(ယာပုံ)**



အသက်အန္တရာယ်ရှိပါ၍ သက်ဆိုင်ရာသို့ အကြောင်းကြားရန် ပြောသော်လည်း အရေးယူဆောင်ရွက်ခဲ့ခြင်း မရှိပါ။ လွန်ခဲ့သောလအနည်းငယ်က မြစ်ငယ်မြို့ သော်ကရပ်ကွက်တွင် ညောင်ပင်ပိပြီး လူသေဆုံးမှုဖြစ်စဉ်ရှိထား၍ လေပြင်းများ တိုက်ခတ်ပါက ယင်းတမာပင်ခြောက်ကြီးသည် ဘေးအိမ်များပေါ် ပိ၍ လူ့အသက်အန္တရာယ်ရှိနေပါသောကြောင့် အမြန်ဆုံးရှင်းလင်းပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။ **မောင်မောင်စိုး (မြစ်ငယ်)**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် e-Government ဦးဆောင်ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# မိမိတို့နိုင်ငံ၏ Tele Density မှာ ၁၀၀ ရာခိုင်နှုန်းကျော်ရှိပြီး အင်တာနက်အသုံးပြုမှုမှာ ၈၀ ရာခိုင်နှုန်းကျော်ရှိ

## e-Government ဦးဆောင်ကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**e-Government ဦးဆောင်ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးတွင် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် သတ်မှတ်ထားသည့် စီးပွားရေးရည်မှန်းချက် ၁၂ ရပ်ထဲတွင် e-Government ကိုစွပါဝင်ပါကြောင်း၊ ၎င်းတို့မှာ Data ID Card System ၊ Digital Government Strategy နှင့် e-Government System ထူထောင်ရန် ဖြစ်ပါကြောင်း၊ ထိုသို့ ထူထောင်ခြင်းအားဖြင့် မိမိတို့နိုင်ငံသည် တိုးတက်နေသည့် ကမ္ဘာကြီးထဲသို့ ဝင်လာရုံတင်မကဘဲ မိမိတို့ရင်ဆိုင်နေရသည့် ပြဿနာများအတွက်ပါ ကျော်လွှားနိုင်မည့် အခွင့်အရေးများရရှိနိုင်ပါကြောင်း၊ ထို့ကြောင့် e-Government စနစ်ကို အမြန်ဆုံး ထူထောင်ရန် အလွန်အရေးကြီးပါကြောင်း။

**စိန်ခေါ်မှုများ ပို၍တိုးလာ**

ယခုဆိုလျှင် လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် လုပ်ငန်းများကို သွက်သွက်လက်လက် အရှိန်အဟုန်ဖြင့် ရှေ့ကိုဆက်တက်နိုင်မည်ဟု ထင်ပါကြောင်း၊ e-Government အတွက် အခြေခံကျသည့် ကိစ္စမှာ e-Government Integrated Data Center (e-GIDC) ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းနှင့်ပတ်သက်ပြီး အဘက်ဘက်က စဉ်းစားရပါကြောင်း၊ ယင်း Data Center တွင် ပြည်သူပြည်သားများနှင့် ပတ်သက်သည့်၊ သတင်းအချက်အလက်များနှင့် Data များ ရှိမည်ဖြစ်သည့်အတွက် လုံခြုံရေးသည် အရေးကြီးပါကြောင်း၊ ယနေ့ ဒီဂျစ်တယ်ခေတ်ကြီးတွင် ဆက်သွယ်ရေးစနစ်များ အင်မတန်တိုးတက်နေသည့် တစ်ချိန်တည်းတွင် စိန်ခေါ်မှုများသည်လည်း ပို၍များလာပါကြောင်း၊ ယင်းတိုးတက်မှုများကို အပြုသဘောဆောင်သည့် တိုးတက်မှုများဖြစ်အောင် အစဉ်တစိုက် ထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း။

**အရေးတကြီးလုပ်ဆောင်ရန် လိုအပ်**

e-Government Master Plan တွင်ပါဝင်နေသည့် အစိုးရ၏ Electronic ဝန်ဆောင်မှုများကို ပြည်သူအားလုံး သိရှိနားလည်ရေးအတွက် မြန်မာဘာသာစကားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ကွန်ပျူတာသုံး မြန်မာဘာသာစကား စနစ်ကို ပြုပြင်ရန်လိုအပ်ပါကြောင်း၊ ယခုအသုံးပြုနေသည့် Myanmar-3 Font ကိုမသုံးဘဲ International Standard Organization 10646 နှင့် ပိုမိုကိုက်ညီသည့် PyiDaungSu Font စနစ်နှင့် Keyboard ကိုအသုံးပြုရန် ဦးတည်ရမည်ဖြစ်ပါကြောင်း၊ နောင်တွင် တိုင်းရင်းသားဘာသာစကားများဖြင့်ပါ e-Government System ထိထိရောက်ရောက်သုံးနိုင်မည့် အခြေအနေကို ရောက်ရှိမည်ဖြစ်သည့်အတွက် ယင်းစနစ်ကို အရေးတကြီးလုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

**အကောင်းဆုံးနည်းလမ်းများ ရွေးချယ်**

မိမိတို့နိုင်ငံ၏ Tele Density မှာ ၁၀၀ ရာခိုင်နှုန်းကျော်ရှိပြီး Internet အသုံးပြုမှုမှာ ၈၀ ရာခိုင်နှုန်းကျော်ရှိပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူပြည်သားများသည် ခေတ်နှင့်အညီလိုက်၍ နည်းပညာများကို အသုံးပြုနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ စနစ်များသည်လည်း ခေတ်နှင့်အညီဖြစ်ရန် အရေးကြီးပါကြောင်း၊ Data Security ၊ Data Privacy၊ Data Sharing စသည့် ကိစ္စရပ်များတွင် ပြည်သူပြည်သားများနှင့် နိုင်ငံ၏လုံခြုံမှုကို ကာကွယ်သည့်အနေဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ Cyber Law and Policy အပေါ်တွင် အများပြည်သူ၏ သဘောထားများကို တောင်းခံပြီး ပြည်တွင်းပြည်ပက အသိပညာရှင်များက ဝိုင်းဝန်းအကြံပြုနေသည်ဟု သိရပါကြောင်း၊ ယင်းအကြံပြုချက်များထဲမှ မိမိတို့နိုင်ငံအတွက် သင့်တော်သည့် အကောင်းဆုံးနည်းလမ်းများကို ရွေးချယ်ပြီး အနာဂတ်အတွက် ပြင်ဆင်သွားရမည်ဖြစ်ပါကြောင်း။

**သတိပြုရန်အရေးကြီး**

မိမိတို့လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုရှိမှသာ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်ပြီး ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရယူပြီး လုပ်ငန်းဆောင်ရွက်နေသည့် မိုဘိုင်းလ်အော်ပရေတာများနှင့် ကုမ္ပဏီအသီးသီးကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပြောကြားထားပြီးဖြစ်ပါကြောင်း၊ အလုပ်လုပ်ရာတွင် လွယ်ကူအောင် ဆောင်ရွက်ပေးခြင်းသည် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံစေလို၍ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ တိုးတက်စေလို၍ ဖြစ်ပါကြောင်း၊ သို့သော် စည်းကမ်းရှိရမည် ဖြစ်ပါကြောင်း၊ တိုးတက်စေလိုသည်၊ ရင်းနှီးမြှုပ်နှံစေလိုသည်ဆိုသည့် စိတ်တစ်ခုတည်းဖြင့် "လုပ်ချင်တာလုပ်ပါစေ" ဟု အားလုံးအလိုလိုက်နေပါက ရေတိုတွင် အကျိုးအမြတ်ရှိနိုင်သော်လည်း ရေရှည်တွင် ပြဿနာများစွာ ပေါ်လာနိုင်သည်ကို မိမိတို့အနေဖြင့် သတိပြုရန်အရေးကြီးပါကြောင်း။

ယခုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထိခိုက်ဆုံး ကိစ္စတစ်ခုဖြစ်သည်ဟု အကြိမ်ကြိမ် ပြောကြားခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အချင်းချင်း အကြားတွင် ပူးပေါင်းဆောင်ရွက်မှုရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရ အကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှု ရှိရမည်ကို သတိပေးလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုရှိမှသာ မြန်မြန်ဆန်ဆန် တိုးတက်နိုင်မည်ဖြစ်ပါကြောင်း။

**ပြဿနာများ ကျော်လွှားသွားနိုင်**

e-Government အကောင်အထည်ဖော်ရာတွင် ID ကတ်များသည် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြဿနာတချို့သည် ID စနစ်ရှိခြင်းအားဖြင့် များစွာသော ပြဿနာများကို ကျော်လွှားသွားနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းကို သတိပြုစေလိုပါကြောင်း၊ ယင်းကို မြန်မြန်ဆန်ဆန်ဆောင်ရွက်စေလိုပါကြောင်း၊ e-Government စနစ် စတင်အသုံးပြုနေသည့်ဌာနများနှင့် မသုံးရသေးသည့် ဌာနများအကြားတွင် ဆွေးနွေးစေလိုပါကြောင်း၊ အသုံးပြုခြင်းအားဖြင့် မည်သည့်အကျိုးအမြတ်များ ရှိသည်၊ မည်သည့်အားနည်းချက်များ ရှိသည်ကို အဓိကထား ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

**လုပ်ငန်းတာဝန် (၅) ရပ် ချမှတ်**

ထို့နောက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်အစိုးရအနေဖြင့် e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် e-Government ဦးဆောင်ကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ်ဦးဆောင်၍ လုပ်ငန်းတာဝန် (၅) ရပ် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် e-ID စနစ်လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအောက်တွင် ဆပ်ကော်မတီ (၈)ခု၊ e-ID စနစ်လုပ်ငန်းကော်မတီအောက်တွင် ဆပ်ကော်မတီ (၆)ခုနှင့် နေပြည်တော် / တိုင်းဒေသကြီး/ ပြည်နယ်ဦးဆောင်ကြီးကြပ်မှုအဖွဲ့နှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုတို့တွင် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်**

ပထမအကြိမ်အစည်းအဝေးတွင် e-Government ဦးဆောင်ကော်မတီနာယက က "e-Government စနစ်မြန်မြန်တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကကျသည့် အချက်(၃)ချက်ဖြစ်သည့် ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုအပိုင်းကို စတင်လုပ်ဆောင်ရန်နှင့် အစိုးရဌာနအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း" လမ်းညွှန်ခဲ့မှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြီးစီးအောင် အကောင်အထည်ဖော်**

ပထမအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ချက်(၅)ချက်ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှု (၂) ချက်ရှိခဲ့ပြီး ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက် (၃)ချက်အပေါ် အချိန်တစ်ခုသတ်မှတ်၍ ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ဒုတိယအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ချက်(၂၁)ချက်ချမှတ်ခဲ့ရာ (၅) ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ (၁၆) ချက်အပေါ်တွင်လည်း သက်ဆိုင်ရာဌာန၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများကလည်း အမြန်ပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

*စာမျက်နှာ ၄ သို့*

**❐ e-Government Master Plan တွင်ပါဝင်နေသည့် အစိုးရ၏ Electronic ဝန်ဆောင်မှုများကို ပြည်သူအားလုံး သိရှိနားလည်ရေးအတွက် မြန်မာဘာသာစကားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ကွန်ပျူတာသုံး မြန်မာဘာသာစကားစနစ်ကို ပြုပြင်ရန်လိုအပ်**

**❐ e-Government အကောင်အထည်ဖော်ရာတွင် ID ကတ်များသည် အရေးကြီး၊ မိမိတို့နိုင်ငံ၏ ပြဿနာတချို့သည် ID စနစ်ရှိခြင်းအားဖြင့် များစွာသောပြဿနာများကို ကျော်လွှားသွားနိုင်မည်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း-မြန်မာ သံတမန်ဆက်သွယ်မှု (၂၅)နှစ်မြောက် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း-မြန်မာ သံတမန်ဆက်သွယ်မှု (၂၅)နှစ်မြောက်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Dato Abdu’r Rahmani Dato Basir နှင့် ဇနီး၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညစာစားပွဲအခမ်းအနားကျင်းပမည့် Kempinski Hotel သို့ရောက်ရှိရာ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Dato Abdu’r Rahmani Dato Basir နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း-မြန်မာသံတမန်ဆက်သွယ်မှု (၂၅)နှစ်မြောက် အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**
သတင်းစဉ်

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Abdu’r Rahmani Dato Basir နှင့် ဇနီးတို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အမှတ်တရ ပန်းစည်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံရုံးဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း - မြန်မာ သံတမန်ဆက်သွယ်မှု (၂၅) နှစ်မြောက် အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကိုကျင်းပရာ မြန်မာ-ဘရူနိုင်းနှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်အလေးပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Dato Abdu’r Rahmani Dato Basir က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း-မြန်မာ သံတမန်ဆက်သွယ်မှု (၂၅)နှစ်မြောက်အထိမ်းအမှတ် ညစာစားပွဲအထိမ်းအမှတ် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ညစာကို အတူတကွ သုံးဆောင်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညစာစားပွဲသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်ဆဲလုပ်ငန်းများအနက် တစ်ခုဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ Economic Development Cooperation Fund (EDCF) မှ ချေးငွေ အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၇၇၉ သန်းဖြင့် တည်ဆောက်မည့် e-Government Integrated Data Center (e-GIDC) အကောင်အထည်ဖော်နိုင်ရန်အတွက် အချိန်ကာလ ၃ နှစ် ကျော်ခန့် ကြာမြင့်မည်ဟု သိရှိရပါကြောင်း၊ ချေးငွေရရှိရေးကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ e-Government စနစ်ကို အမြန်အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ အဆင့်မီသည့် ပုဂ္ဂလိက Data Center တစ်ခုကို ငှားရမ်းအသုံးပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ငှားရမ်းအသုံးပြုနိုင်ရေးအတွက် “အဆင့်မီပုဂ္ဂလိက Data Center ငှားရမ်းနိုင်ရေး စိစစ်ရေးကော်မတီ” (၁) ခုကို စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ e-Government ဆောင်ရွက်ရာတွင် အဓိကအရေးကြီးသည်မှာ Data Center ဖြစ်ပါကြောင်း၊ ချေးငွေရရှိရန် စောင့်ဆိုင်းစဉ်ကာလအတွင်း ပြည်တွင်းတွင် အဆင့်မီသည့် Data Center ကို ငှားရမ်းသုံးစွဲပါက e-Government စနစ်ကို အလျင်အမြန်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

**အကြံဉာဏ်များပေး**

ထို့ပြင် ISO (International Standard Organization) 10646 ဖြင့် ကိုက်ညီသည့် မြန်မာ Unicode ကို စံစနစ်အဖြစ် “အမျိုးသားစံချိန်စံညွှန်းကောင်စီ” က ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/ ၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီအသုံးပြုနိုင်ရေး လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ (Information Technology) နှင့် ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲထုတ်ပြန်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆိုက်ဘာဥပဒေထွက်ရှိအောင် ဆောင်ရွက်နေခြင်းအပေါ် လိုအပ်သည့်အကြံဉာဏ်များပေးကြစေလိုပါကြောင်း၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတစ်ခုချင်းအနေဖြင့် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက အခြားဆပ်ကော်မတီများဖြင့် ညှိနှိုင်းပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး ဆုံးဖြတ်ချက်ရယူကာ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

e-Government ဦးဆောင်ကော်မတီအနေဖြင့်လည်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံတော်သမ္မတရုံးသို့ လစဉ်တင်ပြနေရသည့်အတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် e-Government လုပ်ငန်းများအား အလေးအနက်ထား ဆောင်ရွက်ကြပြီး တိုးတက်မှုအစီရင်ခံစာကို ဦးဆောင်ကော်မတီသို့ လစဉ်မပျက်မကွက် အချိန်မီ ပေးပို့တင်ပြသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ဆောင်ရွက်ပြီးစီးမှုများ ရှင်းလင်းတင်ပြ**

ယင်းနောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးသာဦးက e-Government ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

**ဆုံးဖြတ်ချက်ရယူ**

ထို့နောက် သက်ဆိုင်ရာဌာနများနှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများက Radio Frequency Identification (RFID) စနစ် အသုံးပြုနိုင်ရေးကိစ္စ၊ နိုင်ငံတကာ Unicode စံ ISO 10646 ဖြင့် ကိုက်ညီသော PyiDaungSu Font စနစ်နှင့် Keyboard တို့ကို အစိုးရရုံးဌာနများ၌ လက်ရှိအသုံးပြုနေသော Myanmar-3 Font နေရာတွင် အစားထိုးအသုံးပြုနိုင်ရေးကိစ္စ၊ နိုင်ငံတကာ Unicode စံ ISO 10646 ဖြင့် ကိုက်ညီသော မြန်မာ Unicode စနစ်ကို မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်မည့် Migration အစီအစဉ်၊ ဝန်ကြီးဌာနများ၊ နိုင်ငံတော်အဖွဲ့အစည်းများအတွက် Domain Name နှင့် e-mail လိပ်စာ သတ်မှတ်နိုင်ရေးကိစ္စတို့ကို ရှင်းလင်းတင်ပြကြပြီး e-Government ဦးဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်ကို ရယူကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဖိတ်ကြားထားသူများက e-Government လုပ်ငန်းစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက ဦးသောင်းတင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---



❒ *ရွှေဖြူးမှ*

မစ္စတာ စွန်းဂေါ်ရှန်းသည် မြန်မာနိုင်ငံခရီးစဉ်အတွင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံအစိုးရမှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လေ့လာကြည့်ရှုရန် လှဖိုးခေါင်ကြားစခန်း၊ ရွှေဇားကျေးရွာနှင့် မင်းကန်ကျေးရွာတို့သို့ သွားရောက်ခဲ့သည်။ **သတင်းစဉ်**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။**
သတင်းစဉ်

## အခွန်အယူခံခုံအဖွဲ့ ရုံးလုပ်ငန်းအတွက် အသွင်ကူးပြောင်းရေးကာလသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၃၂/ ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)**

**အခွန်အယူခံခုံအဖွဲ့ ရုံးလုပ်ငန်းအတွက်**
**အသွင်ကူးပြောင်းရေးကာလသတ်မှတ်ခြင်း**

အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သော ပြင်ဆင်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အသွင်ကူးပြောင်းရေးကာလကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၀ အရ သတ်မှတ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း၊ လောင်းကစားဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပစဉ်။

## ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ ရရှိနိုင်သော ဌာနဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ ရရှိနိုင်သောဌာန (One Stop Crisis Center (OSCC) for Gender Based Violence) ကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ၌ ယနေ့ ဖွင့်လှစ်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ ရရှိနိုင်သောဌာန ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

ထိုကဲ့သို့ ဖွင့်လှစ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပခဲ့ပြီး အကြမ်းဖက်မှုခံစားရသူများတွင် စိတ်ဓာတ်ကျခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိခိုက်ခံစားရပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများသည် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများထက် ကုသမှုပေးရန် ပိုမိုခက်ခဲခြင်းတို့ကြောင့် ထိုသို့မဖြစ်ပွားစေရန် စောစီးစွာဖြင့် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အသိပညာပေးခြင်းနှင့် လိုအပ်သည့် ကုသမှုများနှင့် အကူအညီများ ပေးအပ်ရန်မှာ အရေးကြီးသည့်အတွက် ယခုကဲ့သို့ ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ် မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက် စစ်တမ်းတွေ့ရှိချက်များအရ စစ်တမ်းဖြေဆိုသူ အမျိုးသမီးခုနစ်ဦးတွင် တစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံစားခဲ့ရခြင်း၊ အိမ်ထောင်သည် အမျိုးသမီးငါးဦးတွင် တစ်ဦးသည် ခင်ပွန်းဖြစ်သူမှ အကြမ်းဖက်မှုကိုခံစားခဲ့ရခြင်းနှင့် ရုပ်ပိုင်းနှင့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံစားခဲ့ရဖူးသူများ၏ ၂၂ ရာခိုင်နှုန်းကသာ အကူအညီများ ရယူခဲ့ခြင်းတို့ကို တွေ့ရှိရသဖြင့် ကျား၊ မ အခြေပြုအကြမ်းဖက်ခံရမှုဆိုင်ရာ ပြဿနာများသည် ကြီးမားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခမ်းအနား အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ တွင် ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ ရရှိနိုင်သော ဌာနဖွင့်လှစ်ဆောင်ရွက်ခြင်းကို နမူနာရယူ၍ အခြား တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုခံစားရသူများသည် ကျန်းမာရေးစောင့်ရှောက်မှုကို ဦးစွာဆက်သွယ်ခံယူကြမည် ဖြစ်သဖြင့် ကျန်းမာရေးကဏ္ဍမှ ကျင့်ဝတ်များနှင့် အညီစေတနာပြည့်ဝစွာဖြင့် စနစ်တကျ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်သူများအတွက် ပြုစုထုတ်ဝေထားရှိသော ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများ၊ ဈေးဝယ်စင်တာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရန်၊ ပညာရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့၏ စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ လေ့ကျင့်ရေးကျောင်းများနှင့် တက္ကသိုလ်များတွင် ကျား၊ မ အခြေပြုအကြမ်းဖက်မှုနှင့် ပတ်သက်သော အချက်အလက်မှန်များ၊ အသိပညာများ ဖြန့်ဝေပေးရန်နှင့် စက်ရုံအလုပ်ရုံများတွင် ဟောပြောပွဲများ ပြုလုပ်သွားရန်လည်း ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့ကြောင်း သိရသည်။

ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ ရရှိနိုင်သော ဌာနကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ နေပြည်တော်ကောင်စီဝင်ဦးတင်ထွန်း၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာပပတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဌာနအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ ရရှိနိုင်သောဌာနတွင် ဂုဏ်သိက္ခာကို လေးစားခြင်း၊ သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချစေခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း စသည့် လမ်းညွှန်သဘောတရားများဖြင့် ကျား၊ မ အခြေပြု အကြမ်းဖက်ခံစားခဲ့ရသူများအတွက် ဆေးကုသစောင့်ရှောက်မှု၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ အကူအညီ၊ ဥပဒေရေးရာအကူအညီနှင့် ဘေးကင်းလုံခြုံစိတ်ချမှု အကူအညီများကို နီးနွှယ်ဌာနများ၊ အဖွဲ့အစည်းများ၊ INGO/ NGO များ၊ လူမှုအဖွဲ့အစည်းများ စသည်တို့နှင့် ပူးပေါင်းချိတ်ဆက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ တွင် အကြမ်းဖက်ခံစားရသူများ လွယ်ကူချောမွေ့စွာ ဝန်ဆောင်မှုများ ရယူနိုင်ရန် စနစ်တကျစီစဉ်ထားရှိပြီး လုပ်ငန်းများ ပိုမိုကောင်းမွန်စေရန်အတွက် မျက်ခြည်မပြတ်ဆန်းစစ်မှုများ ဆောင်ရွက်ကာ မွမ်းမံပြင်ဆင်လုပ်ဆောင်ခြင်းနှင့် အသုံးချသုတေသနများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ILF မှ Executive Director နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် The International Legal Foundation(ILF)မှ Executive Director, Ms. Jennifer Smith နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် ထိရောက်အောင်မြင်ရေးအတွက် ILF မှ ကူညီဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပါဝင်ဆောင်ရွက်နေမှု၊ အမှုဖြင့် စုံစမ်းစစ်ဆေးခြင်းအဆင့်နှင့် တရားစွဲဆိုခြင်းအဆင့်တို့တွင် ဥပဒေဆိုင်ရာ အထောက်အကူများ ရရှိနိုင်ရေးနှင့် တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနှင့် သက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နေမှု၊ သင်တန်းများ ကျင်းပနိုင်ရေးနှင့် နိုင်ငံတကာလက်တွေ့ကျင့်သုံးမှုများကို လေ့လာနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ခဲ့ကြသည်။


**သတင်းစဉ်**

# ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း ဆောင်ရွက်ရန်အတွက် သတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**
တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၁၉ ခုနှစ်၊ မတ်(၃)ရက်မှ (၁၈)ရက်ထိ ကာလအတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များ လေ့ကျင့်ပစ်ခတ်ခြင်းများအား ကိုကိုးကျွန်းအနီးရေပြင်တွင် လေ့ကျင့်ဆောင်ရွက်သွားမည် ဖြစ်သည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point AA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ Point BB မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ်၊ Point CC မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ Point DD မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ်စသည့် Coordinates အမှတ်များအား ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီး ဖြစ်သည်။

သို့ဖြစ်၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**




❐ *ကျောဖုံးမှ*

မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရာတွင် ထိပ်တိုက်တွေ့ခြင်းနှင့် ပြစ်တင်ရှုတ်ချခြင်းတို့အစား ဆွေးနွေးမှု၊ အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း၊ ကောင်စီမှ လွတ်လပ်စွာ ဆောင်ရွက်ရန် ခန့်အပ်တာဝန်ပေးထားသည့်ပုဂ္ဂိုလ်၊ ယန္တရားများအနေဖြင့် လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ဂုဏ်သိက္ခာစောင့်ထိန်းမှုတို့ကို တိကျစွာလိုက်နာရန်နှင့် မည်သူမဆို မိမိတို့၏ ပြောဆိုရေးသား အစီရင်ခံချက်များအတွက် တာဝန်ယူမှုရှိရန် လိုအပ်ကြောင်း၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ယင်းပြည်သူများ၏ လူ့အခွင့်အရေးဖော်ဆောင်ရေးအတွက် ပဏာမတာဝန်ရှိသည်ဟူသောအချက်ကို အသိအမှတ်ပြုကြရန်နှင့် ယင်းနိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုနောက်ခံအခြေအနေများ၊ လူသားစွမ်းဆောင်ရည် လိုအပ်ချက်များ သာမက၊ ယင်းနိုင်ငံ တစ်နိုင်ငံချင်း၌ ကြုံတွေ့နေရသော အခြားစိန်ခေါ်မှုများနှင့် ရှုပ်ထွေးမှုများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထောက်ပြရှင်းလင်းပြောကြားခဲ့သည်။

**ပြည်သူများ လွတ်လပ်မှုနှင့်ဒီမိုကရေစီအခွင့်အရေးများ ရရှိခံစား**

ထို့ပြင် ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ်တင်မြှောက်ထားသည့် အရပ်သားအစိုးရ စတင်အုပ်ချုပ်ချိန်မှစ၍ မြန်မာနိုင်ငံအတွင်း ပြည်သူများအနေဖြင့် လွတ်လပ်မှုနှင့် ဒီမိုကရေစီအခွင့်အရေးများကို ပိုမိုရရှိ ခံစားကြလျက်ရှိကြောင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှု-စီးပွား ကဏ္ဍများတွင် မြင်သာသည့် တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာသေးမီက အာဏာရပါတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပါရှိသည့် ဒီမိုကရေစီနှင့် ကိုက်ညီမှုမရှိသော ဖော်ပြချက်များကို ပြင်ဆင်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်တွင် ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ စတင်ဆောင်ရွက်လျက်ရှိကြောင်း။

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို (၃)ကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးအတွက် အခြေခံမူဝါဒ (၅၁) ရပ်ကို ချမှတ်နိုင်ခဲ့ခြင်းနှင့် ညီလာခံ၏ ရှေ့လုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀) ဖွဲ့ လက်မှတ်ရေးထိုးခဲ့ခြင်းနှင့် အားလုံးပါဝင်လက်မှတ်ရေးထိုးရေးအတွက် အစိုးရမှ ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ တပ်မတော်အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ လေးလကြာ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်ဆိုင်းပေးထားမှုနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးမီက “အေအေ” သောင်းကျန်းသူတို့က စတင်တိုက်ခိုက်ရာမှ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေမှုကြောင့် အခြေအနေကို ပိုမိုရှုပ်ထွေးလာရမှုအား လည်းကောင်း အသိပေးပြောကြားခဲ့ပြီးနောက်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရေး အရေးတကြီးလိုအပ်မှုကို အလေးပေးဖော်ပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက “လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို လမ်းခင်းပေးနိုင်သလို ပဋိပက္ခနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း အဆုံးသတ်ပေးနိုင်မည် ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် သိမ်မွေ့သော ဒီမိုကရေစီကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်ရာ၌ စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေရဆဲဖြစ်၍ နိုင်ငံတကာ၏ ဆက်လက်ကူညီပံ့ပိုးမှုကို လိုအပ်နေချိန်တွင် ကမ္ဘာက ရခိုင်ပြည်နယ်အရေးကိစ္စကို အဆိုးမြင်ရှုထောင့်မှသာ အမြင်ကျဉ်းမြောင်းစွာ အာရုံစိုက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံကို ဦးတည်ဆန့်ကျင် တိုက်ခိုက်နေကြသည့် သတင်းမီဒီယာများက ကျယ်ပြန့်သော လှုပ်ရှားမှုများဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးကိစ္စအား ဘာသာရေးဖိနှိပ်မှုပြဿနာအဖြစ် မမှန်မကန် ပုံဖော်နေကြကြောင်း၊ ယင်းမှာ ဘာသာရေးဖိနှိပ်ချုပ်ချယ်မှု မဟုတ်သကဲ့သို့ ကိုးကွယ်ယုံကြည်မှု ကွဲပြားသူများအကြား ပဋိပက္ခလည်းမဟုတ်ပါကြောင်း၊ အမှန်မှာ ကိုလိုနီခေတ်ကတည်းက စတင်ခဲ့သည့် တရားမဝင်နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှု၊ ဆင်းရဲမွဲတေမှု၊ တရားဥပဒေစိုးမိုးမှု လျော့နည်းပြီး အမျိုးသားလုံခြုံရေးကိစ္စတို့ ပါဝင်ပတ်သက်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာမျှသာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်များ ရှိနေလင့်ကစား နိုင်ငံအနှံ့အပြားတွင် မွတ်စလင်အများစုအပါအဝင် ယုံကြည်မှုကွဲပြားခြားနားသူများ သဟဇာတဖြစ်စွာ နေထိုင်လျက်ရှိကြောင်း။

၂၀၁၆ ခုနှစ် အောက်တိုဘာနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သည့် ရဲကင်းစခန်းများသို့ အာဆာအကြမ်းဖက်များက ကြိုတင်အကွက်ချ တိုက်ခိုက်မှုမှစတင်သည့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသည့် အသိုက်အဝန်းများနှင့် ပတ်သက်၍ မိမိတို့လည်း ထပ်တူစိုးရိမ်ပူပန်ပါကြောင်းနှင့် အာဆာ၏အကြမ်းဖက်မှုများအား ကြောက်ရွံ့ခြင်းကြောင့် လူအမြောက်အမြား နေရပ်စွန့်ခွာမှုများ ဖြစ်ပွားစေခဲ့ကြောင်း ထောက်ပြခဲ့ပြီး ဥပဒေနှင့်မညီညွတ်သော အကြမ်းဖက်မှုများအား မည်သည့်ဘက်မှ ကျူးလွန်သည်ဖြစ်စေ ပြစ်တင်ရှုတ်ချကြရမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာခွင့်ကိစ္စ၊ IDP စခန်းများ ပိတ်သိမ်းရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အား ဦးစားပေးကဏ္ဍ (၅)ရပ်အဖြစ် ရွေးချယ်၍ လုပ်ငန်းအစီအစဉ်ချမှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်(ကိုဖီအာနန်ကော်မရှင်)၏ အကြံပြုချက်အများစုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့်၊ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့သည့် ဖြေရှင်းမှုကို ရှာဖွေသွားရန် အပြည့်အဝ ကတိကဝတ်ပြုထားကြောင်း။

**လူသားချင်းစာနာမှုအကျပ်အတည်းများကို ဖြေရှင်းရေး**

၂၀၁၇ ခုနှစ် နိုဝင်ဘာလက မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား သဘောတူညီချက်များနှင့်အညီ ဆန္ဒအလျောက်၊ ဘေးကင်းလုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်မည့် စိစစ်အတည်ပြုပြီးသူများအား လက်ခံရန် အဆင်သင့်ရှိမှုကို ထပ်လောင်းအတည်ပြုလျက် လက်ရှိတွင် အရေးအကြီးဆုံးတာဝန်တစ်ရပ်မှာ အခြားကိစ္စရပ်များအပေါ် အာရုံထားခြင်းထက် လူသားချင်းစာနာမှုအကျပ်အတည်းများကို ဖြေရှင်းရေးအတွက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အမြန်ဆုံးစတင်ရန်ဖြစ်ကြောင်း။

ပြန်လည်ဝင်ရောက်မည့်သူများအတွက် သင့်လျော်ကောင်းမွန်သည့် ပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရေးအတွက် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့နှင့်လည်းကောင်း၊ အာဆီယံမိတ်ဆွေနိုင်ငံများနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ UEHRD မှတစ်ဆင့် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများထံမှ ထည့်ဝင်ပံ့ပိုးငွေများကိုလည်း စုစည်းသုံးစွဲဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် “ရခိုင်ပြည်နယ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြပွဲ”ကို မကြာမီကကျင်းပခဲ့ကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ပေးခြင်းသည်သာ အသိုက်အဝန်းများအကြား ပဋိပက္ခများကို အဆုံးသတ်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း။

အခြားတစ်ဖက်တွင်မူ၊ မြန်မာနိုင်ငံအနေဖြင့် FFM ခေါ် လူ့အခွင့်အရေးကောင်စီ၏ အချက်အလက်ရှာဖွေရေးအဖွဲ့အား စတင်တည်ထောင်စဉ်ကပင် ပြတ်သားစွာ ကန့်ကွက်ခဲ့ကြောင်း၊ တစ်ဖက်သတ်ပြောကြားချက်များအပေါ် အခြေခံသည့် ယင်း၏ အစီရင်ခံစာတွင်လည်း အာဆာအကြမ်းဖက်အဖွဲ့၏ ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများအပေါ် စုံစမ်းစစ်ဆေးမှုမပါရှိခြင်း၊ မွတ်စလင်နေရပ်စွန့်ခွာသူများ၏ ပြောကြားချက်များမှ ရရှိသည့် ဖြစ်စဉ်များကိုသာ အပြည့်အဝလက်ခံထားခြင်း၊ ယင်းနှင့် ဆန့်ကျင်သည့် သက်သေအချက်အလက်များကို ငြင်းပယ်ထားခြင်း၊ အာဆာအကြမ်းဖက်အဖွဲ့မှ ကျူးလွန်သည့် အစုအပြုံလိုက် သတ်ဖြတ်မှုများကိုဖော်ပြသည့် အစီရင်ခံစာများအား လျစ်လျူရှုထားပြီး အာဆာ၏ ရက်စက်ကြမ်းကြုတ်မှုများကို ထည့်သွင်းမဖော်ပြထားခြင်း၊ အစီရင်ခံစာ၏ နောက်ဆုံးသုံးသပ်ချက်မှာလည်း သက်သေအထောက်အထားလုံလောက်စွာ ဖော်ပြမှုမရှိဘဲ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ကောက်ချက်ချမှုများသာဖြစ်ခြင်း စသည့် အကြောင်းရင်းများကြောင့် ယင်းအစီရင်ခံစာကိုလည်း ကန့်ကွက်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

**တာဝန်ခံမှုကိစ္စရပ်အားကိုင်တွယ်ဖြေရှင်းနိုင်စွမ်းလည်းရှိ**

ဆက်လက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) နှင့် ယင်း၏ အချက်အလက်စုဆောင်းရေးနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (ECVT) တို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု သတင်းအချက်အလက်များကိုလည်း ပြည်ထောင်စုဝန်ကြီးက မျှဝေအသိပေးပြောကြားခဲ့သည်။ အစိုးရအနေဖြင့် တာဝန်ခံမှုကိစ္စရပ်အား ဖြေရှင်းလိုသည့် စိတ်ဆန္ဒသာမက၊ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါ အရေးကိစ္စရပ်အား နိုင်ငံတကာတရားစီရင်ရေးစနစ်သို့ ရောက်ရှိစေမည့် မည်သည့် ကြိုးပမ်းဆောင်ရွက်မှုမျိုးကိုမဆို အခိုင်အမာပယ်ချကြောင်း။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ အစိုးရအနေဖြင့် အထူးသဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် အခြားသော အားနည်းသူများ၏ အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် သိသာထင်ရှားသော ခြေလှမ်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာစာချုပ် (CRC)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာစာချုပ် (CEDAW)၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာစာချုပ် (CRPD)နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (ICESCR) စသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးပင်မစာချုပ်ကြီး(၄) ခုကို အတည်ပြုပါဝင်ခဲ့ပြီး၊ CRC ၏ နောက်ဆက်တွဲစာချုပ်ဖြစ်သော လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များပါဝင်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်-OPAC ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်အတွင်း OPAC ကိုအတည်ပြုပါဝင်ရန်နှင့် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်- ICCPR ကို လက်မှတ်ရေးထိုးရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကောင်စီ၏ UPR ယန္တရားအား အခိုင်အမာထောက်ခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် UPR သို့ အစီရင်ခံစာတင်သွင်းရန်ရှိကြောင်း၊ အစိုးရအနေဖြင့် ကလေးသူငယ်အခွင့်အရေး ဥပဒေအသစ် မူကြမ်း၊ အမုန်းစကားနှင့် အမျိုးသမီးအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းများအား ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်တို့၏ ခရီးစဉ်များလာရောက်ခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာအစိုးရအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများနှင့် စပ်လျဉ်း၍ ဆိုးရွားသောကျူးလွန်မှု (၆)မျိုးကို ကာကွယ်ရန် အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအပြင် ပြီးခဲ့သည့် ဒီဇင်ဘာလက ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက် (Joint Communique)အား အကောင်အထည်ဖော်ရေးအတွက် အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲသွားရန်ရှိကြောင်း၊ နှစ်နိုင်ငံအစီအစဉ်အရလည်း အီးယူ၊ ဂျပန်နှင့် အမေရိကန်တို့နှင့် လူ့အခွင့်အရေးဆွေးနွေးပွဲများ ကျင်းပလျက်ရှိကြောင်း။

**မျှတမှုကင်းမဲ့စွာဖြင့် ကုလသမဂ္ဂ၏ အထူးစိစစ်မှုကိုခံနေရ**

ယင်းသို့ အပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်မှုများရှိနေသော်လည်း မြန်မာနိုင်ငံအနေဖြင့် မျှတမှုကင်းမဲ့စွာဖြင့် ပစ်မှတ်ထားခံနေရပြီး လိုအပ်သည်ထက်ပို၍ ကုလသမဂ္ဂ၏ ယန္တရားများစွာ၏ အထူးစိစစ်မှုကိုခံနေရကြောင်း ထောက်ပြပြောကြားခဲ့သည်။

ထို့ပြင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIM) ဖွဲ့စည်းရေးနှင့်ပတ်သက်သည့် ကုလသမဂ္ဂဆုံးဖြတ်ချက်အဆိုများအား မြန်မာနိုင်ငံမှ ပယ်ချခဲ့သည့် အကြောင်းရင်းများကို ရှင်းပြရာ၌ ယင်းသည် ကောင်စီ၏ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်နေပြီး ယင်း၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လွန်ကျူးစွာ ထိပါးစွက်ဖက်သည့် သဘောဖြစ်နေပါကြောင်း၊ ယင်းသည် လူ့အခွင့်အရေးကောင်စီကို နိုင်ငံရေးအာဂျင်ဒါအတွက် အသုံးချလိုသည့် အချို့သူများ၏ နိုင်ငံရေးမျှော်လင့်ချက်ကိုသာ ဖြည့်ဆည်းပေးစေမည် ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ပုံမှန်ဘတ်ဂျက်ပြင်ပမှ ရန်ပုံငွေများ ဖြည့်စွက်အသုံးပြုခွင့်ပေးသည့် အစီအစဉ်သည် ယင်းအဖွဲ့၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှုတို့ကို ပြင်းထန်စွာ သက်ရောက်စေနိုင်ပါကြောင်း၊ အမေရိကန်ဒေါ်လာ (၂၆) သန်းကျော် ဘတ်ဂျက်သုံးစွဲခွင့်ပြုထားပြီး လက်ထောက်အတွင်းရေးမှူးချုပ်အဆင့် ဦးဆောင်သည့် ဝန်ထမ်း (၆၂) ဦး ခန့်အပ်ကာ ယင်းယန္တရားဖြင့် နိုင်ငံတစ်နိုင်ငံကို စောင့်ကြည့်ခြင်းသည် ကုလသမဂ္ဂ၏ ရှားပါးရင်းမြစ်များကို ဖြုန်းတီးခြင်းသာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရသည် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပိုမိုအဆင့်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ စိန်ခေါ်မှုများနှင့် ကန့်သတ်မှုများရှိနေသော်လည်း နိုင်ငံ၏ အနာဂတ်အတွက် မျက်ခြည်မပြတ်စေဘဲ အားလုံးအတွက် အခြေခံလူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ပဏာမတာဝန်များကို အတတ်နိုင်ဆုံး ဖော်ဆောင်သွားရန် ခိုင်မာစွာဆုံးဖြတ်ထားပါကြောင်း၊ အစိုးရအနေဖြင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရာ၌ နိုင်ငံတကာအသိုက်အဝန်း၏ ချဉ်းကပ်မှုသည် မျှမျှတတဖြစ်စေလိုကြောင်းဖြင့် အလေးပေးပြောကြားခဲ့ပြီး ကောင်စီအနေဖြင့် အရေးကြီးသည့် အကဲဖြတ်သုံးသပ်ချက် သို့မဟုတ် မူဝါဒရေးရာ ဆုံးဖြတ်ချက်များ မဆောင်ရွက်မီ ပြည့်စုံ၍ ဓမ္မဓိဋ္ဌာန်ကျသည့် အချက်အလက်များအပေါ် သေချာစွာဆန်းစစ်လေ့လာရန် တိုက်တွန်းခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအား နည်းမျိုးစုံဖြင့် ထောက်ပံ့ကူညီနေသည့်အတွက် မိတ်ဆွေများနှင့် မိတ်ဖက်နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်းနှင့် မိမိရင်ဆိုင်နေရသည့် သိမ်မွေ့ရှုပ်ထွေးသည့် အရေးကိစ္စအား ဖြေရှင်းရေးအတွက် ၎င်းတို့၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများအား ကြိုဆိုကြောင်းတို့ကိုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။ **သတင်းစဉ်**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျအကျိုးရှိထိရောက်စွာဆောင်ရွက်နိုင်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် အဆိုကို လွှတ်တော်ကအတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်အဖြစ် ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးဝင်းအောင်အား လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ် ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်းအားလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်မည် ဖြစ်ပါကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှအဖွဲ့ဝင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ အဖွဲ့ဝင် စဉ့်ကိုင် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့တို့အား သီးခြားတာဝန်ပေးအပ်ရန်ရှိသောကြောင့် ကော်မတီအဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်၏ ဆန္ဒရယူ အတည်ပြုသည်။

## အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသွားမည်ဖြစ်ကြောင်း

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီကိုအဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး လျာထားသည့် အဖွဲ့ဝင်များအဖြစ် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၊ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်၊ လောင်းလုံမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော၊ ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ရွှေပုံ၊



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြေကြားစဉ်။



နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းစဉ်။

စဉ့်ကိုင် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ချို၊ ကော်မတီဥက္ကဋ္ဌအဖြစ် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်နှင့် အတွင်းရေးမှူးအဖြစ် စဉ့်ကိုင် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်တို့အား တာဝန်ပေးအပ်ရန် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

## ဆားလင်းကြီးမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူ ၁၄၁ ဦး၏ ယာမြေများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်နိုင်ခြင်းမရှိသည့်အတွက် ပုံစံ ၇ ထုတ်ပေးရန် အစီအစဉ်မရှိ

ထို့နောက် ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၏ **ဆားလင်းကြီးမြို့နယ် ဘုတ်စုကွင်း အမှတ်(၃)ကွင်း၊ ပေါင်းဝ၊ ဆားခါး၊ ခွန်သာ၊ ရုံးပင်ရိုး စုစုပေါင်း (၁၄) ကွင်းတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူ ၁၄၁ ဦး၏ ယာမြေများအား သစ်တောမြေကင်းလွတ်ခွင့်ပြုပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၆ ခုနှစ်ဆားလင်း၊ ဆားခါးကြိုးပြင်ကာကွယ်တော ဖွဲ့စည်းသတ်မှတ်ခဲ့စဉ်က တည်ရှိခဲ့သည့် ယာမြေများကို ဒေသခံပြည်သူလူထု နစ်နာမှုမရှိစေရန်အတွက် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ ခွင့်ပြုပေးပြီး ဆက်လက်လုပ်ပိုင်ခွင့် ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာ ကတိကဝတ်ပြည့်မီရေးအတွက် သစ်တောကြိုးဝိုင်းဖွဲ့စည်းရေးကိုသာ ဦးစားပေးဆောင်ရွက်နေရသည့်အတွက် ၂၀၁၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် ကြိုးဝိုင်းကျူးကျော်စာရင်းတွင်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

ပါဝင်ခဲ့သည့် ယာမြေများကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများ တည်ထောင်သွားရန်အတွက် စည်းရုံးဆောင်ရွက်လျက်ရှိပြီး သစ်တောမြေအဖြစ်မှ ပယ်ဖျက်ရန် အစီအစဉ်မရှိကြောင်းကို ဖြေကြားထားပါကြောင်း။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခဲ့သည့် ဧရိယာများကိုသာ လုပ်ထုံးလုပ်နည်းနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ ထုတ်ပေးနိုင်ရေးကို မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရပါကြောင်း၊ မေးခွန်းပါ စိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူ ၁၄၁ ဦး၏ ယာမြေများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်နိုင်ခြင်းမရှိသည့်အတွက် ပုံစံ ၇ ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

## ဒုံဟီးမြို့ပေါ် သောက်သုံးရေဖူလုံစွာ ရရှိရေးနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးတင်ပြလာမှုအပေါ်တွင် အခြေခံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေစိစစ်မှုဖြင့် တင်ပြပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး တတိယငါးနှစ် စီမံကိန်းတွင် လျာထားဆောင်ရွက်ပေးသွားမည်

နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ **နန်းယွန်းမြို့နယ် ဒုံဟီးမြို့ပေါ် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအစီအမံအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က နန်းယွန်းမြို့နယ် ဒုံဟီးမြို့ သောက်သုံးရေရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်း ခုနစ်မိုင်နှင့် ရေဖမ်းကန်တစ်ကန်၊ ရေစုကန်တစ်ကန်၊ ရေလှောင်ကန် တစ်ကန်တို့အား ဒုံဟီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်ပြီးဖြစ်သည်ဟု သိရပါကြောင်း၊ သို့သော် ဒုံဟီးမြို့ပေါ် သောက်သုံးရေဖူလုံစွာ ရရှိရေးနှင့်စပ်လျဉ်း၍ လက်ရှိလူဦးရေ၊ အိမ်ခြေအခြေအနေနှင့် ရေလုံလောက်မှုရှိ၊ မရှိ၊ လိုအပ်ချက်နှင့် ရေရရှိနိုင်မည့် အရင်းအမြစ်၊ စုဆောင်းရရှိနိုင်သည့်ပမာဏ၊ဖြစ်နိုင်ခြေတို့ကိုလွှတ်တော်ကိုယ်စားလှယ်အပါအဝင် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများက ကွင်းဆင်းစစ်ဆေးတင်ပြလာမှု အပေါ်တွင် အခြေခံ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေစိစစ်မှုဖြင့် ထောက်ခံတင်ပြလာမည်ဆိုပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးတတိယ ငါးနှစ်စီမံကိန်းတွင် အဆိုပြုလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ဝိုင်းမော် မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းသန်းလင်းနှင့် ဗန်းမောက် မဲဆန္ဒနယ်မှ ဦးကျော်စိုးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးလှကျော်နှင့် ဗိုလ်ချုပ်သန်းထွဋ်တို့က ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကိုတင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ချောင်းဆုံ မဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း တင်သွင်းသည့် **နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ် တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## မျိုးမမှန်သော နိုင်ငံခြားစပ်မျိုးများကို စီးပွားရေး အမြင်ဖြင့် တင်သွင်းခြင်းနှင့် မျိုးစေ့ပျောက်ကွယ်မှုကြောင့် စိုက်ပျိုးရေးလောက ဒုက္ခရောက်သည်ကို သင်ခန်းစာယူသင့်

မိတ္ထီလာ မဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်းက စိုက်ပျိုးရန် ထုတ်လုပ်သော မျိုးကောင်းမျိုးသန့် မျိုးစေ့စိုက်ပျိုးသည့် စနစ်ကိုမသုံးဘဲ သီးနှံစေ့ကို ခွာပြီး မိမိစားသုံးရန် ထုတ်လုပ်ထားသော မျိုးစေ့များကိုသာ မျိုးကောင်းမျိုးသန့်ဟုထင်ပြီး ဆက်လက်စိုက်ပျိုးသည့်ဓလေ့ လွှမ်းမိုးစေခြင်းကို ပညာပေးပယ်ဖျက်ရန် လိုပါကြောင်း၊ မိမိခြံထွက်မျိုးစေ့များသည် ဘိုးဘွားမိဘစိုက်ပျိုးသည့်လက်ထက်တွင် အဘိုးအဘွား၊ အမိအဖတို့က မိမိတို့အမျိုးကို ထိန်းသိမ်းသည့်မျိုးစံဖြစ်သော်လည်း ယနေ့မိမိတို့လက်ထက်တွင် အခြားမျိုးများနှင့် ရောယှက်မှုကို မထိန်းနိုင်ပါက မျိုးသန့်မဟုတ်ပါကြောင်း၊ သားစဉ်မျိုးဆက် ဗီဇမကောင်းနိုင်ပါကြောင်း၊ မျိုးကောင်းမျိုးသန့်ဟု ထင်ပြီး အဓိကထားဆက်လက်လုပ်ဆောင်နေမှုများကိုလည်း ပညာပေးရပ်တန့်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင် မျိုးစေ့ထုတ်နိုင်သည့် ပြည်ခရိုင်အတွင်းမှ ထုတ်လုပ်နေသည့်စနစ်ကို လေ့လာ၍အတုယူရန် လိုအပ်ပါကြောင်း။

မျိုးမမှန်သော နိုင်ငံခြားစပ်မျိုးများကို စီးပွားရေးအမြင်ဖြင့် တင်သွင်းခြင်းနှင့် မျိုးစေ့ပျောက်ကွယ်မှုကြောင့် စိုက်ပျိုးရေးလောက ဒုက္ခရောက်သည်ကို သင်ခန်းစာယူသင့်ပါကြောင်း၊ ဗီဇမကောင်း၊ မျိုးမသန့်သည့်နောက်သို့ အထင်ကြီးပြီး ဆက်လိုက်နေမည်ဆိုပါက စိုက်ပျိုးရေးကို အဓိကထားသည့် မိမိတို့နိုင်ငံအနေဖြင့် မျိုးစေ့မမှန် ပင်မသန်သည့် ဘဝသို့ ရောက်ရှိသွားနိုင်သောကြောင့် မျိုးကောင်းမျိုးသန့် မျိုးစစ်စစ်များကိုသာသုံးစွဲရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အလားတူ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ မိုင်းပန် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးနှင့် ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်၏ ရန်ပုံငွေအားအပြင် နိုင်ငံတကာအကူအညီ အထောက်အပံ့များနှင့်လည်း စီမံကိန်းများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးကောင်း မျိုးစေ့များ၊ တောင်သူလယ်သမားများ တိုးမြှင့်သုံးစွဲလာသည်နှင့်အမျှ အထွက်နှုန်းနှင့် အရည်အသွေးကောင်းသီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်လာနိုင်မည်ဖြစ်သည့်အလျောက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် မျိုးစေ့အရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းများကိုလည်း ပြည်ပအကူအညီများနှင့် အရည်အသွေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## တောင်သူလယ်သမားများ မျိုးကောင်း၊ မျိုးစေ့၊ မျိုးသန့်များ သုံးစွဲနိုင်ရန်အတွက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်လျက်ရှိ

လက်ရှိအနေအထားတွင် တောင်သူလယ်သမားများ မျိုးကောင်း၊ မျိုးစေ့၊ မျိုးသန့်များ သုံးစွဲနိုင်ရန်အတွက် စပါးသီးနှံသာမက အခြားအရေးကြီးသီးနှံများဖြစ်သည့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကိုလည်း ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် လုံလုံလောက်လောက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလက်နက်ကောင်းတစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အလျောက် ယခု တင်သွင်းသည့် အဆိုသည် နိုင်ငံတော်အစိုးရ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာရန်အတွက် ဦးတည်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်ကောင်းကောင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို များစွာအထောက်အကူပြုရာရောက်သည်ဟု သုံးသပ်ရရှိသည့်အတွက် လွှတ်တော်မှ အတည်ပြုပေးသင့်သည့် အဆိုဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ ဆန္ဒရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို မတ် ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## မင်းဘူးမြို့ရှိ "လှသီရိ" ရုပ်ရှင်ရုံကို လတ်တလော အခြေအနေတွင် အဆင့်မြင့်ရုပ်ရှင်ရုံအသစ်တစ်ရုံအဖြစ် တည်ဆောက်ပေးနိုင်ခြင်း မရှိသေး

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့အမှတ်(၃) ရပ်ကွက် ဦးဩဘာသ လမ်းမပေါ်ရှိအန္တရာယ်ရှိ အဆောက်အအုံဖြစ်သော လှသီရိရုပ်ရှင်ရုံအဟောင်းအား ဖျက်သိမ်းပြီး အဆင့်မြင့်ရုပ်ရှင်ရုံ အသစ်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ "လှသီရိ" ရုပ်ရှင်ရုံကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ၁၉၆၉ခုနှစ် ဇူလိုင် ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၈)ဖြင့် ပြည်သူပိုင်သိမ်းယူပြီး နိုင်ငံပိုင်ရုပ်ရှင်ရုံအဖြစ် အသုံးပြုခဲ့ပါကြောင်း၊ ထို့နောက် အဆိုပါရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၂၀၀၂ ခုနှစ် ဇူလိုင် ၂၆ ရက်စွဲပါ အမိန့်အမှတ် (၁၀/၂၀၀၂)အရ ပုဂ္ဂလိကလုပ်ငန်းရှင် ဒေါ်ခင်ဥမ္မာကျော်သို့ ငွေကျပ် ၅ ဒသမ ၀၅ သန်းဖြင့် အပြီးအပိုင်ရောင်းချခဲ့ပါကြောင်း၊ ယင်းရုပ်ရှင်ရုံကို လွှဲပြောင်းရောင်းချခြင်း သဘောတူစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအရ ဝယ်ယူသူအနေဖြင့် မူလရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမည်ဖြစ်ပြီး ရုပ်ရှင်ရုံအဟောင်းကိုလည်း ရုပ်ရှင်ပြသနိုင်သည့် အဆောက်အအုံအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၀ ပြည့်နှစ် ဧပြီ ၅ ရက်တွင် ယင်းရုပ်ရှင်ရုံ အဆောက်အအုံ၏ အနောက်ဘက်ခြမ်း အလျား ၁၄၇ ပေ၊ အမြင့် ပေ ၂၀ ခန့်မှာ ပြိုကျခဲ့ပါကြောင်း၊ ယင်းရုပ်ရှင်ရုံ



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ဖြေကြားစဉ်။



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ မေးမြန်းစဉ်။

အဆောက်အအုံသည် ဧရာဝတီမြစ်နှင့် ကိုက် ၃၀၀ - ၄၀၀ ခန့်သာ ကွာဝေးခြင်းကြောင့် နှစ်စဉ် မြစ်ရေတက်မှုနှင့် သက်တမ်းကြာမြင့်မှုတို့ကြောင့် ဆွေးမြည့်နေပြီ ဖြစ်သည့်အတွက် မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရုံးအမိန့်အမှတ်၊ (၁၅/၂၀၁၀) ဖြင့် အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ယင်းအမိန့်စာထုတ်ပြန်ချက်အရ ယခင်ရုပ်ရှင်ပြသမှု စနစ်ဟောင်း (Analogue)စနစ်ဖြင့် ရုပ်ရှင်ပြသခြင်းကို ရပ်ဆိုင်းခဲ့ပါကြောင်း။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က အပြီးအပိုင်ရောင်းချခဲ့သည့် နိုင်ငံပိုင်ရုပ်ရှင်ရုံများအနက် မူလရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိသည့် ရုပ်ရှင်ရုံများကို Digital စနစ်သို့ ပြောင်းလဲပြီး စာချုပ်ပါ ကတိကဝတ်များအတိုင်း ရုပ်ရှင်ပြသမှုလုပ်ငန်း ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန၏ ယခင်မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနက ရုပ်ရှင်ရုံဝယ်ယူသူများ အားလုံးကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါကြောင်း။

ထို့နောက် ရှေ့လုပ်ငန်းစဉ်ဖြစ်သည့် Digital စနစ်ဖြင့် ပြသသည့် ရုပ်ရှင်ရုံအဖြစ် ပြောင်းလဲတည်ဆောက်နိုင်မည့် အဆိုပြုချက်ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်မှစ၍ တစ်လအတွင်း တင်ပြရန်နှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရုပ်ရှင်ရုံ ဝယ်ယူသူအားလုံးကို ၂၀၁၅ခုနှစ် ဇူလိုင် ၁၄ ရက်စွဲပါစာဖြင့် ထပ်မံအကြောင်းကြားခဲ့ပါကြောင်း၊ "လှသီရိ" ရုပ်ရှင်ရုံ ဝယ်ယူသူကိုလည်း မူလလုပ်ငန်းဖြစ်သည့် ရုပ်ရှင်ပြသခြင်း လုပ်ငန်းကို Digital စနစ်ဖြင့် ပြောင်းလဲပြီး ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါကြောင်း။

ယင်းရုပ်ရှင်ရုံဝယ်ယူသူက ရုပ်ရှင်ရုံပြန်လည်ပြုပြင် တည်ဆောက်ရန်နှင့် အဆင့်မြင့် Digital ရုပ်ရှင်ပြသမှုစနစ် တပ်ဆင်ရန် ငွေကြေးအခက်အခဲကြောင့် အကျိုးတူလုပ်ကိုင်မည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများသို့ ဆက်သွယ်နေပါကြောင်း ၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်စွဲပါစာဖြင့် ပြန်လည်တင်ပြခဲ့ပါကြောင်း၊ ယင်းရုပ်ရှင်ရုံ၏ မူလလုပ်ငန်းဖြစ်သည့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် ကိစ္စနှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုကို ပြန်လည်တင်ပြရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပိုင်ရှင်ထံ ၂၀၁၈ ခုနှစ် ဧပြီ ၃ ရက်စွဲပါစာဖြင့် ထပ်မံ အကြောင်းကြားခဲ့ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြေကြားစဉ်။



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း မေးမြန်းစဉ်။

အမှတ် ၄၈/၂၀၁၈ အရ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူ စီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံပိုင် ရုပ်ရှင်ရုံ ၂၇ ရုံနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိသည့် ရုပ်ရှင်ရုံ ၉၄ ရုံ၊ စုစုပေါင်း ရုပ်ရှင်ရုံ ၁၂၁ ရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်လျက်ရှိပါကြောင်း၊ မင်းဘူးမြို့ရှိ "လှသီရိ" ရုပ်ရှင်ရုံ အပါအဝင် မကွေးတိုင်းဒေသကြီး အတွင်းရှိ ရုပ်ရှင်ရုံကိုးရုံကိုလည်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မင်းဘူးမြို့ရှိ "လှသီရိ" ရုပ်ရှင်ရုံကို လတ်တလောအခြေအနေတွင် အဆင့်မြင့်ရုပ်ရှင်ရုံအသစ်တစ်ရုံအဖြစ် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဝယ်ယူသူ ဒေါ်ခင်ဥမ္မာကျော်အနေဖြင့် ယင်းရုပ်ရှင်ရုံကို Digital အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်သာ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဆောက်အအုံအား လိုအပ်သည့် ပြင်ဆင်မှုများကိုသာ ဆောင်ရွက်ပေးမည်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာခင်မကြီး၏ **ယိုယွင်းပျက်စီးပြီး အန္တရာယ်ရှိ အဆောက်အအုံဖြစ်သော ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဆောက်အအုံအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန်နှင့် ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ကလေးကစားကွင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လွှတ်တော်ကိုယ်စားလှယ် မေးခွန်းတွင်ပါရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုးကောင်းမြို့နယ်ရုံး ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါ ဝန်ထမ်းအိမ်ရာအဆောက်အအုံကို ၁၉၅၁ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ၁၉၉၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် မြေနေရာနှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံယိုယွင်းပျက်စီးမှုများ ပြင်ဆင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး နားလည်တတ်ကျွမ်းသည့် အင်ဂျင်နီယာများဖြင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရုံးအဆောက်အအုံများကို ဦးစားပေးပြုပြင် တည်ဆောက်နေရပါသဖြင့် အဆိုပါဝန်ထမ်းအိမ်ရာအဆောက်အအုံကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်မရှိဘဲ လိုအပ်သည့် ပြင်ဆင်မှုများကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဘဏ္ဍာငွေကန့်သတ်ချက်အရ ယင်းရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ကလေးကစားကွင်း တည်ဆောက်ပေးရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်းနှင့် စေတနာရှင်/ အလှူရှင် သို့မဟုတ် BOT စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ ပေါ်ပေါက်လာမှသာလျှင် တည်ဆောက်ပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဘီးလင်းမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသော ကရင်တိုင်းရင်းသား ကျေးရွာများအတွက် လျှပ်စစ်မီးရရှိစေရေး ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တည်ဆောက်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဒေါ်သီရိရတနာ၏ **မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသော ကရင်တိုင်းရင်းသား ကျေးရွာများအတွက် လျှပ်စစ်မီးရရှိစေရေး ဦးစားပေးအစီအစဉ်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသားကျေးရွာများဖြစ်သော ရွှေရောင်ပြကျေးရွာအုပ်စု၊ အဝန်းကြီး၊ ရွှေရောင်ပြ၊ ခလောက်အင်း၊ ဇီးဝန်းကျေးရွာနှင့် ဒေါက်ရပ်ကျေးရွာအုပ်စု၊ ကဒီပုကျေးရွာ အုပ်စုနှင့် ဘုရားဆိပ်ကျေးရွာအုပ်စုတို့တွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း စုစုပေါင်း ၁၇ ဒသမ ၁၆မိုင်၊ ၁၁/၀ ဒသမ၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာ ခြောက်လုံး၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ခုနစ်လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရ၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် တည်ဆောက်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်သောကြောင့် တင်ဒါခေါ်ယူ၍ စိစစ်ရွေးချယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း။

ထို့ပြင် ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးနှင့် ပတ်သက်၍ **ဘီးလင်းမြို့နယ် နတ်ကြီးချောင်ကျေးရွာအုပ်စု**မှ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့်လည်းကောင်း၊ **အစူးချောင်းကျေးရွာအုပ်စု၊ မဲပလီကျေးရွာအုပ်စုနှင့် မဲနသန်ကျေးရွာအုပ်စု**မှ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ **ကျခတ်ချောင်းကျေးရွာအုပ်စုနှင့် ရွှေရောင်ပြကျေးရွာအုပ်စု**တို့မှ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ **လေးကေကျေးရွာအုပ်စုနှင့် ကြိုးဝိုင်းကျေးရွာအုပ်စု**အတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တို့တွင် မွန်ပြည်နယ်အစိုးရ၏ ဘတ်ဂျက်ရန်ပုံငွေများတွင် ထည့်သွင်းလျာထားနိုင်ရေး ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိသည်နှင့် တစ်ပြိုက်နက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးစိုးဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးစဉ်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဌေးဦး ဆွေးနွေးစဉ်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးက **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အဆိုပါ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုပေးရန် အဆို တင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းက ထောက်ခံသည်။

## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုး၏ **၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသား မြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံ အုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

*စာမျက်နှာ ၉ သို့*

# စီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**စီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။**



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း စီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**ရငွေနှင့် အသုံးစရိတ်များလျာထား**

အဆိုပါတွေ့ဆုံရှင်းလင်းပွဲ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက အမှာစကား ပြောကြားရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စီမံကိန်းရေးဆွဲခြင်းကို (Myanmar Sustainable Development Plan- MSDP) နှင့် ချိတ်ဆက်သွားရန် လိုအပ်ကြောင်း၊ Project Bank တွင် စီမံကိန်းများထည့်သွင်းပြီးမှသာ ဘတ်ဂျက်လျာထားရန် ဖြစ်ကြောင်း၊ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) ဖြင့် ဘတ်ဂျက်ရေးဆွဲ ဆောင်ရွက်လျက်ရှိသဖြင့် ရငွေနှင့် အသုံးစရိတ်များကို အနီးစပ်ဆုံး ခန့်မှန်းတွက်ချက် လျာထားရန် လိုအပ်ပါကြောင်း၊ အသုံးစရိတ်များကို ထိရောက်စွာ ခွဲဝေသုံးစွဲ၍ ပိုလျှံငွေအပ်နှံမှုများကို စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဘတ်ဂျက် တောင်းခံရာတွင် စိစစ်ဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းရေးဆွဲခြင်းကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ အရအသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ Myanmar Sustainable Development Plan (MSDP) နှင့် Project Bank တို့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က လည်းကောင်း ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပူးပေါင်းကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်စည်ပင်ရွေးကောက်ပွဲ ဖေဖော်ဝါရီ ၂၈ ရက် မဲဆွယ်စည်းရုံးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် ကျင်းပမည့် ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများအလိုက် မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ မဲဆန္ဒနယ် ခြောက်ခု သတ်မှတ်ထားကြောင်း သိရသည်။

မဲဆန္ဒနယ်မြေများမှာ မဲဆန္ဒနယ် (၁) တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သဃ်န်းကျွန်း၊ မဲဆန္ဒနယ်(၂) ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်များ၊ မဲဆန္ဒနယ် (၃) ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ တာမွေ၊ ကမာရွတ်နှင့် ရန်ကင်းမြို့နယ်များ၊ မဲဆန္ဒနယ်(၄) ကျောက်တံတား၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ဒလ၊ သာကေတ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များ၊ မဲဆန္ဒနယ်(၅) လှိုင်သာယာနှင့် အင်းစိန်၊ မဲဆန္ဒနယ်(၆) မရမ်းကုန်း၊ လှိုင်၊ မင်္ဂလာဒုံနှင့် ရွှေပြည်သာမြို့နယ်များဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲဆန္ဒရှင်တစ်ဦးလျှင် မြို့တော်စည်ပင်သာယာရေးကော်မတီဝင်အတွက် တစ်မဲ၊ မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌအတွက် တစ်မဲ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ဝင် (၁)အတွက် တစ်မဲ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ဝင်(၂)အတွက် တစ်မဲ စုစုပေါင်း လေးမဲပေးရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ မဲဆန္ဒနယ်မြေများရှိ ရပ်ကွက်အလိုက် မဲဆန္ဒပေးပိုင်ခွင့်ရှိသူများစာရင်းကို ဖေဖော်ဝါရီ ၂၇ ရက် မှ မတ် ၅ ရက်အထိ ရပ်ကွက်အသီးသီးရှိ စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမည်ဖြစ်၍ ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ ရပ်ကွက်များအလိုက် မဲစာရင်းတွင် ပါ၊ မပါ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

*အမျိုးသားလွှတ်တော်မှ*

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဌေးဦး** က နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ ပြဿနာများကို ဥပဒေနှင့်အညီ မျှတမှန်ကန်စွာ ဖြေရှင်းနိုင်ရန်နှင့် ပြည်သူပြည်သားများစိတ်အေးချမ်း လုံခြုံရန်အတွက် အမြန်ဆုံးလိုအပ်နေသည်မှာ အဆိုရှင်တင်ပြသကဲ့သို့ အမျိုးသားမြေဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးသည် ထင်ရှားနေသည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း၊ ထို့ပြင် ဥပဒေတစ်ရပ် ပေါ်ပေါက်ရန်မှာ ခန့်မှန်း၍ မရနိုင်အောင် ကြာမြင့်နိုင်သည့်အတွက် လတ်တလော အနေအထားတွင် ကာလတို၊ ကာလရှည်၊ စီမံကိန်းများ၊ မူဘောင်များ၊ မူဝါဒများ ချမှတ်ပြီး ဆောင်ရွက်ရန် ဟူသည့် အဆိုသည် မရှိမဖြစ်လိုအပ်နေသည့်အတွက် ထောက်ခံရခြင်း ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်** က လယ်ယာမြေဥပဒေ၊ မြေလွတ် မြေလပ် မြေရိုင်းများ ဥပဒေ၊ မြေသိမ်းဥပဒေ၊ မြေခွန်တော်ဆိုင်ရာဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အစရှိသည့် မြေနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်၊ မူဘောင်လုပ်ငန်းစဉ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေဖြစ်စေရန် ပြုပြင်ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါကြောင်း၊

စားဝတ်နေရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝတည်ငြိမ်ရေးနှင့် မြေကျူးကျော်မှု စီမံခန့်ခွဲနိုင်ရေးအတွက် မြေမဲ့ယာမဲ့ပြည်သူများအတွက် မြေခွဲဝေချထားနိုင်ရန် အရန်မြေနေရာများ သတ်မှတ်ပေးထားသင့်ပါကြောင်း၊ မြေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် စိုက်ပျိုးရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးဇုန်များကို စနစ်တကျသတ်မှတ်ဖွဲ့စည်းခြင်းနှင့် မြေအသုံးချမှုပြောင်းလဲရေးဆောင်ရွက်ရာတွင် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးဇုန်၊ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဇုန်၊ ကာကွယ်ထားသောနယ်မြေဇုန် သို့မဟုတ် အမျိုးသားကာကွယ်ရေးဇုန်၊ ကူးသန်းရောင်း ဝယ်ရေးဇုန်၊ စက်မှုလက်မှုဇုန် သို့မဟုတ် သတ္တုတွင်းမြေဇုန်၊ စားကျက်မြေဇုန်၊ သစ်တောဇုန် စသည်ဖြင့် သတ်မှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းရင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်မေသန်းနွဲ့၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို မတ် ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ လူမော်**

# မြို့နယ်များ၌ မူခင်းအသိပညာပေးဟောပြော

**ဒဂုံဆိပ်ကမ်း**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၉)ရပ်ကွက်ရှိ ဆွမ်းလောင်းဓမ္မာရုံတွင် ဖေဖော်ဝါရီ ၂၆ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် လူကုန်ကူးမှုဆိုင်ရာ မူခင်းအသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

**လှည်းကူး**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်နယ်မြေရဲစခန်းမှူး ရဲအုပ်မောင်မောင်ဇော်က မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ငါးဆူတောင်ကျေးရွာ (၄) ရပ်ကွက် ဓမ္မာရုံ၌ ပြုလုပ်ရာ ပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဘီးလင်း**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၆ ရက်က ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မူခင်းအသိပညာပေးယာဉ်ဖြင့် ဒေသခံပြည်သူများကို သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ လူကုန်ကူးမှုနှင့် ယာဉ်/လမ်း စည်းကမ်းများ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရမ်ကလောင်းတွင် ၁ ဒသမ ၁၄ လက်မ၊ မိုးကုတ်မြို့တွင် ၀ ဒသမ ၆၃ လက်မ၊ ဇန်းမော်မြို့ မိုးမိတ်မြို့နှင့် ဖလမ်းမြို့တို့တွင် ၀ ဒသမ ၃၅ လက်မစီနှင့် မိုးညှင်းမြို့တွင် ၀ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များတွင် အသုံးပြုရန် တရုတ်နိုင်ငံမှ မော်တော်ယာဉ် အစီး ၂၀ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinotruk Howo မော်တော်ယာဉ် အစီး ၂၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အားပေးထောက်ခံ**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အစဉ်တစိုက် အားပေးထောက်ခံလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များအတွက် ကူညီမှုတစ်ရပ်အနေဖြင့် မော်တော်ယာဉ်အစီး ၂၀ ကို လှူဒါန်းရန် ဆုံးဖြတ်ခဲ့ပါကြောင်းနှင့် မြန်မာအစိုးရ၏ ဦးဆောင်ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ရခိုင်ပြည်နယ်၌ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်ဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

**ဆက်လက်ပူးပေါင်းဆောင်ရွက်**

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူစာချုပ်အရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ဖြစ်အောင် အစစအရာရာ စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးစခန်းနှစ်ခုနှင့် ကြားစခန်းတစ်ခုတို့မှ ပြန်လည်နေရာချထားပေးမည့် သက်ဆိုင်ရာနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးထားသော်လည်း ထပ်မံလိုအပ်ချက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မော်တော်ယာဉ် အစီး ၂၀ လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံအတွက် လိုအပ်သည့်အခါတိုင်းတွင် ပူးပေါင်းကူညီဆောင်ရွက်မှုများ ရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များတွင်လည် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံ သံအမတ်ကြီးက မော်တော်ယာဉ်များနှင့် သက်ဆိုင်သည့် လွှဲပြောင်းခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့တို့သည် ပေးအပ်လှူဒါန်းသည့် မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ရှင်းလင်းဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် လက်ခံရေးစခန်းနှစ်ခု၊ ကြားစခန်းတစ်ခု ပြင်ဆင်ထားရှိမှု အခြေအနေ၊ လက်ခံပြီးနောက် ပြန်လည်နေရာချထားရေး၊ အိမ်ရာများဆောက်လုပ်ပေးနိုင်ရေး၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီစေရေး စသည်တို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ထားရှိမှုများ၊ ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုး၍ ဆောင်ရွက်နေမှုအခြေအနေများ၊ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံခရီးစဉ်ပြီးဆုံး၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုလသမဂ္ဂရုံးချုပ်သို့ သွားရောက်၍ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဝန်ကြီး ဦးစိုးအောင်က နေရပ်စွန့်ခွာမှုများအတွက် တည်ဆောက်ပေးမည့် နမူနာအိမ်ပုံစံအား လိုက်လံပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ကူညီပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထား

စစ်တွေ ဖေဖော်ဝါရီ ၂၇

**ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် အများအားဖြင့် သောက်သုံးရေအတွက် ရေတွင်း၊ ရေကန်များကိုသာ အဓိကအားထားအသုံးပြုလျက်ရှိရာ ယခုနှစ် နွေရာသီကာလအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဖြစ်ပွားပြီး သောက်သုံးရေရှားပါးမှုဖြစ်စဉ်များ ပေါ်ပေါက်လာပါက ကူညီပေးနိုင်ရန် ရေသန့်စင်ယာဉ်နှင့် ရွှေ့ပြောင်းရေသန့်စင်စက်များ စီစဉ်ဆောင်ရွက်ထားကြောင်း ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။**

နွေရာသီကာလအတွင်း ပူပြင်းခြောက်သွေ့မှုကြောင့် ရေတွင်း၊ ရေကန်များ ခန်းခြောက်၍ ရေနည်းပါးပြီး ရေများနောက်ကျိလာပါက သောက်သုံးရေအတွက် ရေသန့်များထုတ်လုပ်နိုင်ရန် ရေသန့်စင်မော်တော်ယာဉ်တစ်စီးကို သွားလာ၍ ရနိုင်သည့်ဒေသများအထိ သွားရောက်ပြီး ရေသန့်ထုတ်လုပ်ဖြန့်ဝေပေးနိုင်ရန် အဆင်သင့်စီမံထားကြောင်း၊ ထို့ပြင် ရေသန့်စင်ယာဉ် မသွားရောက်နိုင်သည့် မြို့နယ်/ကျေးရွာများတွင် ရွှေ့ပြောင်းရေသန့်စင်စက်များဖြင့် ရေသန့်ထုတ်လုပ်ဖြန့်ဝေပေးနိုင်ရန် တစ်မြို့နယ်လျှင် ရေသန့်စက်တစ်လုံးစီ အဆင်သင့်စီမံထားကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ယခုနှစ်နွေရာသီကာလတွင် အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာပါက ကျေးရွာ ၄၄ ရွာခန့် ရေရှားပါးမှုဖြစ်စဉ်နှင့် ကြုံတွေ့ရနိုင်ကြောင်း ရခိုင်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စစ်တမ်းများအရ သိရသည်။ အဆိုပါကျေးရွာများ ရေရှားပါးမှုဖြစ်ပေါ်လာပါက အနီးဆုံးနေရာမှရေကို လိုအပ်သည့်နေရာသို့ ပို့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

ထို့ပြင် မြို့နယ် ၁၂ မြို့နယ်ရှိ ကျေးရွာ ၄၃ ရွာတွင် လုပ်ငန်းပေါင်း ၆၀ ကို ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေတွင် လည်းကောင်း၊ မြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာ ၅၉ ရွာတွင် လုပ်ငန်းပေါင်း ၅၉ ခုကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် လည်းကောင်း ဆောင်ရွက်ပေးနိုင်ရေး လျာထားပြီး ဆည်များမှ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ပေးလျက်ရှိကြောင်း ရခိုင်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဟန်လင်းနိုင်၊ ရာမည**





# ရုပ်ရှင်ကဏ္ဍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံ၏ ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တွဲဖက်အတွင်းရေးမှူး(၁) အကယ်ဒမီ ဒါရိုက်တာဇော်မြင့်ဦး ဦးဆောင်သော ကိုယ်စားလှယ်များ၊ Shaw Brothers Pictures International Ltd., မှ ဒါရိုက်တာ Mr. Jazz Boon ဦးဆောင်သော ကိုယ်စားလှယ်များတက်ရောက်ကြပြီး မြန်မာနိုင်ငံတွင် ရိုက်ကူးခဲ့သည့် Line Walker-2 ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ကူညီဆောင်ရွက်ပေးခဲ့မှုများ၊ ရန်ကုန်မြို့တော်သူ မြို့တော်သားများ၏ ဖော်ရွေမှုနှင့် ညှော့ဝတ်ပျူငှာမှုများကို လည်းကောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**စပိန်နိုင်ငံ၌ ဆက်လက်ရိုက်ကူးမည်**

Shaw Brothers Pictures International Ltd., သည် Line Walker-2 ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၆ ရက်အထိ ရိုက်ကူးခဲ့ပြီး ကျန်ရှိနေသော ဇာတ်ဝင်ခန်းများကို စပိန်နိုင်ငံ၌ ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့် အတင့် ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတို့တွင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၃ ဒသမ ၇၂၈ သန်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၄ ဒသမ ၃၇၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာလ | | ဇန်နဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁ | ၂၄၃.၄၃၃ * | - | ၁၄၉.၈၉၀ |
| (ခ) | စက်မှုကဏ္ဍ | ၂၈ | ၈၉.၄၉၅ * | ၁၇ | ၁၆၇.၁၆၀ * |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၁ | ၂၈.၀၀၀ |
| (ဃ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၅၄.၁၃၃ |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | - | ၂ | ၄.၁၉၁ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | - | ၀.၈၀၀ * | ၂ | ၅၁.၀၀၀ |
| စုစုပေါင်း | | ၂၉ | ၃၃၃.၇၂၈ | ၂၃ | ၄၅၄.၃၇၄ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ၅၈၉၁၉ ဒသမ ၃၃၀ သန်းနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ၁၁၇၄၂၀ ဒသမ ၂၉၂ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာလ | | ဇန်နဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၁၄၆၇.၅၀၀ |
| (ခ) | စက်မှုကဏ္ဍ | ၇ | ၁၁၂၂၅.၀၉၀ * | ၇ | ၂၄၂၆၄.၅၂၅ * |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃ | ၅၃၅၀.၀၀၀ | ၂ | ၇၆၄၂၇.၄၅၁ * |
| (ဃ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | - | ၁ | ၅၇၉၉.၅၀၀ |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂ | ၂၀၀.၀၀၀ | - | - |
| (စ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၁၀၇၅၂.၀၀၀ | - | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | - | ၃၁၃၉၂.၂၄၀* | ၃ | ၉၄၆၁.၃၁၆ |
| စုစုပေါင်း | | ၁၃ | ၅၈၉၁၉.၃၃၀ | ၁၄ | ၁၁၇၄၂၀.၂၉၂ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဒီဇင်ဘာအတွင်း | ဇန်နဝါရီအတွင်း |
| (က) | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | - | ၁၀၂ * |
| (ခ) | လယ်ယာကဏ္ဍ | - | ၇၅၅ |
| (ဂ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၅၆၇ |
| (ဃ) | စက်မှုကဏ္ဍ | ၂၇၆၄၀ * | ၅၇၁၅၉ * |
| (င) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၄၉ |
| (စ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၅၀၂ * | ၇၂၇ * |
| (ဆ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | ၅၃ |
| (ဇ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၅၁ |
| (ဈ) | အခြားဝန်ဆောင်မှုကဏ္ဍ | - | ၄၅၅ |
| စုစုပေါင်း | | ၂၈၁၄၂ | ၅၉၉၁၈ |

*လုပ်သားအင်းအား တိုးမြှင့်ခန့်ထားခြင်း အပါအဝင် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဒီဇင်ဘာအတွင်း | ဇန်နဝါရီအတွင်း |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၅၅ | - |
| (ခ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | ၈၃ |
| (ဂ) | စက်မှုကဏ္ဍ | ၇၄၂ | ၆၇၇ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁၉၇ | ၁၃၈ |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂၄၄၅ | - |
| (စ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၄၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | - | ၇၄ |
| စုစုပေါင်း | | ၃၄၃၉ | ၁၀၁၂ |

# လူလည်ကြီးများရွာ ဟာသရုပ်ရှင်ဇာတ်ကားကို မတ်လ ၁ ရက်တွင် စတင်ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

လူလည်ကြီးများရွာ ဟာသရုပ်ရှင်ဇာတ်ကားကို မတ်လ ၁ ရက်မှ စတင်၍ မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံများနှင့် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် တစ်ပြိုင်တည်းပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တော်ဝင်မင်းသားရုပ်ရှင်ထုတ်လုပ်ရေးမှ အကြည်တော်၏ဝတ္ထုကို ဇာတ်အိမ်တည်ဆောက်၍ ညီညီဘမောင် ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာကိုပေါက်က ရိုက်ကူးထားခြင်းဖြစ်သည်။ အဓိက သရုပ်ဆောင်များအဖြစ် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ ဇေလုဝ၊ အကယ်ဒမီ အောင်ခိုင်၊ အကယ်ဒမီ ခိုင်သင်းကြည်၊ အိချောပိုတို့အပြင် ညောင်ညောင်၊ ဆင်မ၊ ဒိန်းဒေါင်၊ ကြူကြူသင်း၊ အေးသီတာစသော ဇာတ်ပို့ဇာတ်ရံပေါင်းများစွာ အပြင် မန္တလေးလူရွှင်တော်များပါ ထပ်မံအားဖြည့်ထားသော ဟာသဇာတ်ကားတစ်ကားဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် ပါဝင်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းရာတွင်-



ဒါရိုက်တာကိုပေါက်



အကယ်ဒမီ ခန့်စည်သူ


အကယ်ဒမီ ခိုင်သင်းကြည်


ကြူကြူသင်း

**ဒါရိုက်တာကိုပေါက်**

ဒီဇာတ်ကားက တော်ဝင်မင်းသားရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ပွဲဦးထွက်ရုပ်ရှင်ပါ။ ကိုအကြည်တော်ရဲ့ဇာတ်လမ်းဖြစ်ပါတယ်။ ကိုအကြည်တော်ရဲ့ ဇာတ်တွေအတိုင်း ဟာသဆိုလည်း ဇာတ်လမ်းရှိပြီးတော့ ခိုင်ခိုင်မာမာနဲ့ သဘာဝကျကျ ရယ်ရတဲ့ဇာတ်မျိုးပေါ့။ သဘာဝကျတဲ့ ကျေးလက်ဟာသ ရုပ်ရှင်ဇာတ်လမ်းမျိုးပါ။

စာအုပ်ဖတ်ပြီးသား သူတွေဆိုရင် ပြေတီဦးတို့ လင်မယားအကြောင်းကို သိရမှာပေါ့။ ကိုအကြည်တော်ရဲ့ ဝတ္ထုထဲမှာတော့ ပြေတီဦးရဲ့ မိန်းမနေရာက သရုပ်ဆောင်တဲ့ မကြင်ပုဆိုတာ ဇာတ်ကောင်ထဲမှာ မပါပါဘူး။ အိချောပိုရဲ့ ဇာတ်ကောင်ကိုတော့ ဇာတ်ကောင်အသစ် မွေးပြီးတော့ ကိုအကြည်တော်ကိုလည်း ခွင့်တောင်းပြီးတော့ ဒီဇာတ်ကောင်ကို ထပ်ထည့်ထားတာပါ။

**အကယ်ဒမီ ခန့်စည်သူ**

ဒီဇာတ်ကားထဲမှာတော့ လူလည်ကြီးများရွာရဲ့ရွာသားတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားထဲမှာ ဗဟုသုတလေးလည်း ပါပါတယ်။ ရွာမှာ တစ်ယောက်နဲ့တစ်ယောက်က သူတို့ကိုသူတို့ လူလည်လို့ ခံယူထားတဲ့သူပေါ့။ လူဆိုတာတော့ လောဘနဲ့ ဘယ်သူမှ မကင်းကြဘူးပေါ့။ လောဘထားတာတော့ ထားကြတာပေါ့။ မတော်လောဘထားရင်တော့ ဒုက္ခရောက်တယ်ဆိုတဲ့ အသိလေးတစ်ခု ပေးထားပါတယ်။

**အကယ်ဒမီ ခိုင်သင်းကြည်**

ရွာမှာပါတဲ့ ဇာတ်ပို့ဇာတ်ရံတွေကလည်း တကယ့်အိုက်တင်တွေကောင်းတဲ့ ဇာတ်ပို့ဇာတ်ရံတွေချည်းပါပဲ။ သူတို့တွေကပဲ လူလည်ကျမလား၊ မခိုင်တို့ မင်းသား၊ မင်းသမီးလေးယောက်ကပဲ လူလည်ကျမလားဆိုတာလေးကို ကြည့်ရမှာဖြစ်ပါတယ်။ ဒါရိုက်တာက ဒီကားမှာ မိတ်ကပ်မလိမ်းချင်ဘူးတဲ့။ ပုံမှန်ကားတွေဆိုရင် အညိုခြယ်လေးလောက်တော့ ခြယ်တာပေါ့။ အခုကတော့ လုံးဝမလိမ်းချင်ဘူးဆိုတော့ နယ်ကလူတွေဆိုတော့ သနပ်ခါးလေးကွက်ပေါင်ဒါလေးရိုက်ပြီး ရိုက်တယ်ဆိုတော့ ကိုယ်တွေက ရှဲဒိုးတွေဘာတွေလဲ မခြယ်ဘူးပေါ့။ ဘာမှမလိမ်းဘဲ သဘာဝကျကျလေးရိုက်ထားပါတယ်။ မီးကလည်း သေသေချာချာကြီး အလှအပအတွက် ထိုးတာမဟုတ်တော့ ရွာအလှတွေ ပိုများပါတယ်။

**ကြူကြူသင်း**

အစ်မက ဒီကားမှာ ကိုဇေရဲ့ မိန်းမအဖြစ် သရုပ်ဆောင်ထားပါတယ်။ အဲဒီရွာမှာဆို ကိုဇေက လူလည်ပေါ့။ မိန်းမရေဒါလုပ်ကြမယ်။ ကိုယ်ကလည်း မိန်းမဖြစ်တော့ လောဘလေးရှိတော့ သူ့ကိုမြှောက်မြှောက်ပေးရတာ။ ကျပန်းလေးတွေ လုပ်စားတာပေါ့။ ဒီကားကနေ အဓိကပေးချင်တာက လွဲမှားနေတဲ့ အယူအဆတွေရယ်၊ လွဲမှားနေတဲ့ တောသူ တောင်သားတွေရဲ့အသိဉာဏ်နည်းနည်းတိမ်းပြီး လောဘတွေ ရှိနေကြတာ အဲဒါလေးကို ပြထားတာပါ။

**ဖူးပြည့်(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

◆ *ကျောဖုံးမှ*

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း မော်တော်ယာဉ်များအတွက် လိုအပ်သည့် Axle များ တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ Innlay Jeep အတွက် Axle များ ထုတ်လုပ်နိုင်ခြင်းအတွက် စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စက်ရုံများရှိ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၅) ထုတ်ဝေဖြန့်ချီ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၅)ကို ရောင်စုံ စာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။**

၁-၃-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၅)တွင် "အော်ဂဲနစ်သီးနှံများ ရွေးချယ်စားသုံးမှု မြင့်တက်၊ မြေပဲသီးနှံကို ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်ဆိုလျှင်၊ စပါးအထွက်တိုးစေလိုလျှင် လယ်သမားကြီးများ သတိပြုပြင်စေချင်၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေများ ပေးဝေ" စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "ကျွဲနွားများတွင် ဖြစ်ပွားတတ်သော ပေါင်ပုပ်လက်ပုပ်ရောဂါ၊ သိုးမွေးမြူရေးလုပ်ငန်းကို စနစ်တကျ လုပ်ဆောင်ခြင်းဖြင့် အောင်မြင်သော စီးပွားရေးအဖြစ် ရပ်တည်နိုင်မည်၊ သဘာဝနည်းဖြင့် ရွှေဝါငါးကြင်းသားဖောက်ခြင်း စာတွေ့လက်တွေ့သင်ကြားပို့ချ၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အကျိုးသက်ရောက်မှုရှိသည့် မွေးမြူရေးဆိုင်ရာ အကြံဉာဏ်များ ရယူရန်လိုအပ်" စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "နွေစပါးရေပေးဝေရေး ရေရရှိရေးအတွက် ဆည်မြောင်းဌာနနှင့် တောင်သူများ၏ အခက်အခဲများ" ခေါင်းစဉ်ဖြင့် အင်တာဗျူးတို့ကို ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီးလယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက်ဝတ္ထုရှည်၊ "ဖြူငယ်လေး" ပုံပြင်၊ "စာဖတ်နာမှ ရွာနာသက်သာမည်၊ မိခင်ရန့်သင်းပျံ့သူ" စသည့် သုတရသဆောင်းပါးများ၊ "နွေကာလ အပူလျှပ်ခြင်းနှင့် ခရမ်းလွန်ရောင်ခြည်သင့်ခြင်း ပြဿနာများ၊ မရန်းသီးနှင့် ကျန်းမာရေး၊ ကာကွယ်ဆေး လွှမ်းခြုံခြင်းဖြင့် ဝက်သက်ရောဂါကာကွယ်ကြပါစို့" စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒို့ကျေးရွာ ပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိုးလေဝသ ခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသ စုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဒို့ကျေးရွာ ဂျာနယ်
Our Village Journal
အော်ဂဲနစ်သီးနှံများ ရွေးချယ်စားသုံးမှုမြင့်တက်
မြေပဲသီးနှံကို ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်ဆိုလျှင်
ပဲပေါ်ချိန်တွင် အိန္ဒိယသို့ပဲတင်ပို့မှု ပိတ်ထားခြင်းအား ပြန်ဖွင့်ပေးရန် တောင်သူများမျှော်လင့်
နွေကာလ အပူရှပ်ခြင်းနှင့် ခရမ်းလွန်ရောင်ခြည်သင့်ခြင်း ပြဿနာများ
တရုတ်နိုင်ငံသို့ ကျွဲနွားတင်ပို့ရန် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုမည်
ပြည်ပခရီးသွားဧည့်သည်များ မြန်မာ့ထန်းလျက်ချက်လုပ်ငန်းနှင့် ရိုးရာဆီဆုံများကို စိတ်ဝင်စားမှုမြင့်တက်
မွေးမြူလုပ်ငန်းများလုပ်ကိုင်ရာတွင် အကျိုးသက်ရောက်မှုရှိသည့် မွေးမြူရေးဆိုင်ရာ အကြံဉာဏ်များ ရယူရန်လိုအပ်

# အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ပွဲဦးထွက်ရှုံးနိမ့်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စု (ခ) ပထမနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ စတင်ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့သည်။

မြန်မာအသင်းနှင့် တရုတ်အသင်းတို့ပွဲတွင် တရုတ်အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း အာရှအင်အားကြီး တရုတ်အသင်းနှင့် ခြေစွမ်းပိုင်းကွာဟမှုကြောင့် ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့ရသည်။ မြန်မာအသင်းသည် ယခုပွဲတွင် ဂိုးပြတ်အရေးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် ဒုတိယပွဲဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့်ပွဲမှာ အရေးပါလာပြီး မဖြစ်မနေအနိုင်ရရန် ကြိုးပမ်းရတော့မည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒဏ်ရာရနေသည့် မေသွေးကိုမှလွဲ၍ မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆောင်းနှင်းဖွေး၊ ခင်မြတ်မိုး၊ ကေကေ၊ ဆုပြည့်ပြည့်ကျော် စသည့် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် တရုတ်အသင်းကို ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ရန် ကြိုးပမ်းရာ တရုတ်အသင်း စိတ်ကြိုက်တွေ့သွားပြီး ဟာကွက်များသွားသည့် ခံစစ်ကို အသုံးချကာ ပထမပိုင်းတွင်ပင် လေးဂိုး သွင်းယူခဲ့သည်။ တရုတ်အသင်းသည် အမြင့်ဘော ဖျက်ထုတ်မှုအားနည်းသည့် မြန်မာနောက်တန်းကို ထောင့်ကန်ဘောမှ သုံးဂိုးအထိ သွင်းယူခဲ့သည်။ ၁၀ မိနစ်တွင် တရုတ်အသင်း ဂိုးစရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ရှီကျိုးမင်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားပုံပြိုဆင်းသွားပြီး တောင်ပံကစားသမား ကျန်ချင်ကျင်းက ၁၇၊ ၂၀၊ ၂၃ မိနစ်တွင် ဂိုးများဆက်တိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းသည် လိုအပ်ချက်များခဲ့သည့် ခံစစ်ပိုင်းကို အပြောင်းအလဲပြုလုပ်နိုင်ခဲ့ပြီး တရုတ်တိုက်စစ်ကို စနစ်တကျ ဖျက်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် ဒုတိယပိုင်းတွင် တစ်ဂိုးသာထပ်ပေးခဲ့ရပြီး ၆၁ မိနစ်တွင် ရှီယိုက ပဉ္စမဂိုး သွင်းယူခဲ့သည်။ မိနစ် ၈၀ တွင် မြတ်နိုးခင် အဝေးမှ ကန်သွင်းသည့်ဘောလုံးမှာ ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းက ဖိလစ်ပိုင်အသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အသင်းသည် ပြိုင်ဘက်အသင်းထက် ခြေစွမ်းပိုင်း သိသိသာသာသာလွန်ခဲ့ပြီး ပထမပိုင်းတွင် ခြောက်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူကာ ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်အသင်းအတွက် ဂိုးများကို ခါထွန်က လေးဂိုး၊ မိုဂီနီက နှစ်ဂိုး၊ ရှာဆူနာဟာ (နံပါတ်-၁၁)နှင့် ရှာဆူနာဟာ (နံပါတ်-၃)နှင့် မန်ဒါတို့က တစ်ဂိုးစီသွင်းယူပြီး ကျန်တစ်ဂိုးမှာမူ ဖိလစ်ပိုင်အသင်းမှ ဇီလာဆင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

အုပ်စုဒုတိယနေ့ကို မတ် ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

**ရော်ဂျာအား လက်စတာနည်းပြအဖြစ် ခန့်အပ်**

လက်စတာစီးတီးအသင်းသည် ရော်ဂျာအား အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အိုင်ယာလန်လူမျိုးနည်းပြ ရော်ဂျာသည် လက်စတာစီးတီးအသင်းနှင့် ၂၀၂၂ ခုနှစ် ဇွန်လအထိရှိမည်ဖြစ်သော စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ဟာနန်ဒက်ဇ်ကို ဘိုင်ယန်သို့ ခေါ်ယူဖွယ်ရှိ**

ဘိုင်ယန်မြူးနစ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြင်သစ်နောက်ခံကစားသမား လူးကပ်စ် ဟာနန်ဒက်ဇ် (၂၃နှစ်) အား စာချုပ်လျော်ကြေး ယူရို သန်း ၈၀ ပေးချေပြီး အသင်းသို့ ခေါ်ယူစာချုပ်ဖွယ်ရှိကြောင်း ဂျာမန်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ရာကီတစ်ကို မန်ယူစောင့်ကြည့်လျက်ရှိ**

မန်ယူအသင်းသည် ဘာစီလိုနာအသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား ရာကီတစ် (၃၀နှစ်) အား အသင်းသို့ ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**အီကာဒီအား ဂျူဗင်တပ်စ်သို့သာ ရောင်းချလို**

နာပိုလီအသင်းသည် တစ်နှစ်လျှင် ယူရို ၁၁ သန်းဖြင့် အီကာဒီ (၂၆နှစ်) အား ကမ်းလှမ်းလိုက်သော်လည်း အင်တာမီလန်အသင်းက အဆိုပါ အာဂျင်တီးနားတိုက်စစ်ကစားသမားအား ဂျူဗင်တပ်စ်အသင်းသို့သာ ရောင်းချလိုနေကြောင်း အီတလီသတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**လိုက်ဇစ်မှ အော်စတင်အား ဆောက်သမ်တန် စောင့်ကြည့်နေ**

ဆောက်သမ်တန်အသင်းသည် လိုက်ဇစ်အသင်းမှ တိုက်စစ်ကစားသမား ဂျိမ်း ကီဗင် အော်ဂတ်စတင်အား ကမ်းလှမ်းမှုပြုလုပ်ရန် ပြင်ဆင်နေကြောင်း၊ အသက် ၂၁ နှစ်အရွယ် ပြင်သစ် ယူ-၂၁ ကစားသမားအား အဲဗာတန်အသင်းကလည်း စောင့်ကြည့်လျက်ရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**အာဆင်နယ်က ဆဲလ်တစ် ကစားသမားအား ကမ်းလှမ်းရန် ပြင်ဆင်နေ**

အာဆင်နယ်အသင်းသည် ဆဲလ်တစ်အသင်းမှ လူငယ်ကစားသမား တီယာနေ (၂၁နှစ်) အား နွေရာသီအပြောင်းအရွှေ့ကာလတွင် ပေါင် ၂၅ သန်းဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေကြောင်း ဗြိတိန်သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်း ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ဂျပန်- အာဆီယံ ယူ- ၁၉ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယနေ့ညနေပိုင်းက ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံမှတစ်ဆင့် သွားရောက်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက် **(ယနေ့)** နံနက်ပိုင်းမှသာ ပြိုင်ပွဲကျင်းပမည့် ဂျပန်နိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ** - ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**- ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ** - ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ**- ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား** - သရဖီအောင်၊ ဇူးလတ်နဒီ၊ **နောက်တန်း**-အိအိကျော်၊ နှင်းမြသဇင်၊ မိုးမမစိုး၊ နန့်ဇူးဇူးထက်၊ သဇင်အောင်၊ ဇွန်ယုယဦး၊ ကြည်ပြာလင်း၊ **အလယ်တန်း**-လင်းမြင့်မိုရ်၊ အေးအေးထွေး၊ ဘွဲ့လျှန်ကိန်း၊ မေဖူးကို၊ နော်ထက် ထက်ဝေ၊ မိုးမိုးသန်း၊ **ရှေ့တန်း**- အေးမြတ်ခိုင်၊ နွယ်နီဝင်း၊ စန်းသော်သော်တို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲတွင် အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု (က) တွင် ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်ကလပ် အိုကီနာဝါ ယူ- ၁၉ အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု (ခ) တွင် ဂျပန်ကလပ် ဇစ်ဆဲအိုနီဂါဝါ၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ယခုပြိုင်ပွဲမှာ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သောကြောင့် အုပ်စုပွဲများကို ဆက်တိုက်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် မတ် ၂ ရက်တွင် ဗီယက်နမ်၊ မတ် ၃ ရက်တွင် ဂျပန်၊ မတ် ၄ ရက်တွင် ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ အသင်း၊ မတ် ၅ ရက်တွင် ထိုင်းအသင်းနှင့် လေးရက်ဆက်တိုက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

ရရှိထားပြီး ယခု ဝယ်သာဝိတ်တန်းချန်ပီယံ ခါးပတ်တွင် Kadestam ကို ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် ကစားသမားဖိုးသော်သည် အင်ဒိုနီးရှားဝါရင့်ကစားသမား Yohan Mulia Legowo နှင့် ယှဉ်ပြိုင်မည် ဖြစ်သည်။ ဖိုးသော်သည် ပထမဆုံး ယှဉ်ပြိုင်ခဲ့သည့် ကိုယ်ခံပညာသိုင်း ပေါင်းစုံပြိုင်ပွဲခြောက်ပွဲလုံးကို အနိုင်ရရှိထားကာ ထိုပြိုင်ပွဲများမှငါးပွဲသည် ပထမအချီတွင် အနိုင်ရမှုများခဲ့သည်။ ကစားသမား သက်တမ်းတစ်လျှောက်တွင် ပထမဆုံးအရှုံးကို ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် တွေ့ကြုံခဲ့ရပြီး ယခု ၎င်းနှင့် ယှဉ်ပြိုင်မည့် အင်ဒိုနီးရှားနိုင်ငံမှ ဝါရင့်ကစားသမား Legowo ကို အနိုင်ရယူရန် ကြိုးစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံဖွား ချင်းတိုင်းရင်းသား လေးထပ်ကွမ်းနပန်းချန်ပီယံ တီရဲလ်ထန်သည် ၎င်း၏ ပရော်ဖက်ရှင်နယ် ကိုယ်ခံပညာသိုင်းပေါင်းစုံ ပွဲဦးထွက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ ခမာလက်ဝှေ့ ကစားသမား Rin Saroth နှင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ Rin Saroth သည် ခမာလက်ဝှေ့ပွဲစဉ်ပေါင်း (၁၁၀-၂၂) ရရှိထားသော KWC 3 ဖယ်သာ ဝိတ်ပြိုင်ပွဲကြီး၏ ချန်ပီယံပြိုင်ပွဲဝင် ဟောင်းတစ်ဦး ဖြစ်သည်။ ပြည်ပနိုင်ငံပြိုင်ပွဲများဖြစ်သည့် ကင်မရွန်းနိုင်ငံသား Alain Ngalans နှင့် အီတလီ နိုင်ငံသား Mauro Cerilli၊ ၇၀.၃ကီလိုတန်း လက်ဝှေ့အိတ်ပါ ပြိုင်ပွဲများတွင် Kenta Yamada (ဂျပန်) နှင့် Petchmorrakot Petchyindee Academg (ထိုင်း)၊ Liam Nolan (အင်္ဂလန်) နှင့် Enriko Kehl (ဂျာမနီ)၊ ၅၂.ကီလိုတန်း ပြိုင်ပွဲများတွင် Lin Heqin (တရုတ်) နှင့် Jomay Torres (ဖိလစ်ပိုင်)၊ Bizena Antoniyar (မြန်မာ) နှင့် Audreylaura Bonniface (မလေးရှား)၊ ၆၁ကီလိုတန်း လက်ဝှေ့အိတ်ပါပြိုင်ပွဲများတွင် Yuta Watanabe (ဂျပန်)နှင့် Rui Boteiho (ပေါ်တူဂီ)၊ Kohei Kodera (ဂျပန်) နှင့် Kenny Tse (တရုတ်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ ဝမ်းချန်ပီယံရှစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ မတ် ၈ ရက် ညနေတွင် ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးငွေကျပ် နှစ်သိန်း၊ ငါးသောင်း၊ နှစ်သောင်း ငါးထောင်၊ တစ်သောင်း သတ်မှတ်ထားကြောင်း သိရသည်။

**အေကေလင်း**



# မောင်တောနှင့် ထားဝယ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်/ခဲယမ်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် ဥဒေါင်းကျေးရွာအုပ်စု ဥဒေါင်းကျေးရွာနေ ဘမောင်ဌေး၏ နေအိမ်ကို ရှာဖွေရာ ၎င်း၏ဇနီး မခင်စန်းယုကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆ ပြားနှင့် တစ်တောင့်ထိုး လုပ်သေနတ် တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ဖျူးစ် တစ်ခု၊ ကာဘိုင်ကျည် နှစ်တောင့်၊ ၉ မမ ကျည် ၁၃ တောင့်တို့ကို လည်းကောင်း။ **(ယာပုံ)**

ထို့အတူ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ ထိန်သစ်ရပ်ကွက် မြို့သစ်(၁)လမ်း အခန်းအမှတ်(၇)နေ ဝေယံ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဆက်ကောင်းယံ (ခ)ပင်နီအား တွေ့ရှိပြီး အခန်းထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉၃ ပြား၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# ညောင်ရွှေနှင့် နမ့်ခမ်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ညောင်ရွှေမြို့နယ် စန့်စွဲကျေးရွာ တောင်ဘက် လေးဖာလုံခန့်အကွာ၌ အမြင့် တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁ ဒသမ ၅ ဧကခန့်ကို ညောင်ရွှေမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး သက်နိုင်ဦး ဦးစီးပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၆ ရက်က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ နမ့်ခမ်းမြို့နယ် ပန်ဆေးကျေးရွာအနီး၌ အမြင့် ရှစ်လက်မခန့်ရှိ ဘိန်းစိုက်ခင်း လေးဧကခန့်ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# အထောက်အထားမဲ့ ကားနှင့် ဆိုင်ကယ်အပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၂၁ စီး၊ သွင်းကုန် ၄၇၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ခုနစ်စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၈၅ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းနှင့် ကားအပိုပစ္စည်းအား ဖမ်းဆီးရမိကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၅ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၅ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီးကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

**၂၈-၂-၂၀၁၉ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ဇီဝဗေဒဘာသာရပ်)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၄)
- ၁၅း၄၀ - "စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ GAP အကြောင်းသိကောင်းစရာ" (အပိုင်း-၁)

**ညပိုင်း**

- ၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ရူပဗေဒဘာသာရပ်)
- ၁၆း၅၀ - Soccer View
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၀ - "ပြောင်းလဲပါ" (အောင်မြင့်မြတ်၊ သံသာမိုးသိမ့်)(ဒါရိုက်တာ-ဝေယံဖေ)
- ၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၂၅) "မီးတောက်ကလပ် လူသတ်မှု"(ပထမပိုင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "သက်သာ...ငွေရှာသံမဏိကမ္ဘာ" (မြန်မာ)
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၃)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ အကယ်ဒမီထွန်းအောင်ဇော်)

# တနင်္သာရီမြို့နယ်၌ ပြစ်မှုကျူးလွန်သူတစ်ဦးဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် ဒုရဲအုပ်တစ်ဦးသေဆုံးပြီး ရဲဒုတပ်ကြပ်တစ်ဦး ဒဏ်ရာရရှိ

**တနင်္သာရီ ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု အောက်ကင်းအနောက်ကမ်းကျေးရွာရှိ ဥယျာဉ်ခြံတွင် ပြစ်မှုကျူးလွန်သူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက သွားရောက်ဖမ်းဆီးစဉ် ပြစ်မှုကျူးလွန်သူက ပြန်လည်ခုခံသောကြောင့် ဒုရဲအုပ်တစ်ဦး သေဆုံးပြီး ရဲဒုတပ်ကြပ်တစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း တနင်္သာရီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီမြို့မရဲစခန်းမှ ဒုရဲအုပ် သန်းထွန်းမင်း၊ ရဲတပ်ကြပ်ကြီးကျော်ဆွေတို့ ဦးစီးတပ်ဖွဲ့ဝင်များနှင့်အတူ ချောင်းငယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများပါဝင်သော အဖွဲ့သည် တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၉ ဖေဖော်ဝါရီ ၂၅ ရက်စွဲပါ စာအမှတ် ၈၀၀/၃/၁-၄ (အထဥ)ဖြင့် ခြေချုပ်အမှုဖြင့် အရေးယူရန် ညွှန်ကြားထားသည့် ပြစ်မှုကျူးလွန်သူ တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် သီတာလမ်းနေ ငြိမ်းချမ်းကို (၂၁ နှစ်) ဥယျာဉ်ခြံလုပ်ကိုင်သူသည် တနင်္သာရီမြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု အောက်ကင်းအနောက်ကမ်းကျေးရွာရှိ ၎င်း၏ ဥယျာဉ်ခြံတွင်ရောက်ရှိနေကြောင်း သတင်းအရ ယင်းနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က သွားရောက်ဖမ်းဆီးခဲ့သည်။ ယင်းကဲ့သို့ သွားရောက်ဖမ်းဆီးရာတွင် ငြိမ်းချမ်းကိုမှာ အောက်ကင်းအနောက်ကမ်းကျေးရွာရှိ ၎င်း၏ ဥယျာဉ်ခြံရှိ တဲပေါ်တွင် အိပ်လျက်တွေ့ရှိရသဖြင့် တက်ရောက်ဖမ်းဆီးစဉ် ငြိမ်းချမ်းကိုက အိပ်ရာဘေးတွင် အသင့်ထားရှိသည့် ဓားဖြင့် ဒုရဲအုပ် သန်းထွန်းမင်းအား ထိုးရာ ဒုရဲအုပ် သန်းထွန်းမင်းတွင် ဒဏ်ရာများရရှိခဲ့သည်။ ပြစ်မှု ကျူးလွန်သူနှင့် ဒုရဲအုပ် သန်းထွန်းမင်းတို့ လုံးထွေးနေစဉ် ရဲဒုတပ်ကြပ် ရဲသူအောင်နှင့် ရဲတပ်သား ဝေယံစိုးတို့က ထပ်မံ၍ လုံးထွေးဖမ်းဆီးစဉ် ရဲဒုတပ်ကြပ် ရဲသူအောင်တွင် ဒဏ်ရာရရှိခဲ့သည်။

ထို့ပြင် ပြစ်မှုကျူးလွန်သူအား လုံးထွေးဖမ်းဆီးနေစဉ် ရဲတပ်ကြပ်ကြီး ကျော်ဆွေက သေနတ်ဖြင့် သုံးချက် တဲအောက်မှ ခြောက်လှန့် ပစ်ခတ်ခဲ့ကာ ပြစ်မှုကျူးလွန်သူအား လက်ရဖမ်းဆီးရမိခဲ့ကြောင်း၊ ဒုရဲအုပ်သန်းထွန်းမင်းမှာ ရရှိသည့်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးပြီး ရဲဒုတပ်ကြပ်ရဲသူအောင်မှာ (မစိုးရိမ်ရ) ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူ ငြိမ်းချမ်းကိုတွင်လည်း ဒဏ်ရာရရှိသဖြင့် ရဲဆေးစာဖြင့် တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းရဲကင်းစခန်းမှ ရဲအုပ်ကြည်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Whykong ကင်းစခန်းမှ Subedar Md Nazrul Islam ဦးဆောင်သည့် အဖွဲ့က စက်တပ်ရေယာဉ် နှစ်စင်း စုစုပေါင်းလေးစင်းဖြင့် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ရေတွင်းပြင်ချောင်းဝအနီး နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံ နယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၅)မှ သဲချောင်းချောင်းဝထိပ် ရေမိုင်အမှတ်(၁၈)အထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ် အမှတ်(၀၀၄)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တစ်ပတ်အတွင်း တရားမဝင်သစ် ၃၂၀ ဒသမ ၆၅၀၂ တန် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်အတွင်း တရားမဝင်သစ် ၃၂၀ ဒသမ ၆၅၀၂ တန် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် သစ်တောထွက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအဖြစ် ကျွန်းပွတ်လုံး ၀ ဒသမ ၂၇၂၂ တန်၊ လုံးပတ် သုံးပေအောက် သစ် ၇ ဒသမ ၀၂၇၄ တန်၊ မျှင်ဝါးအလုံး ၂၁၅၀၊ အင်ပကာထင်း ၁၁ ဒသမ ၄၄၆၃ တန်၊ အင်ပကာခွဲခြမ်း ၉ ဒသမ ၉၈၀ တန်၊ မီးသွေး ၂၃ ဒသမ ၃၆ တန်၊ အင်ဂျင် နှစ်လုံး၊ လွှဝိုင်း သုံးဝိုင်း၊ ချိန်းဆော တစ်လက်၊ တာယာဘီးတပ်လှည်း တစ်စီး၊ ယာဉ် ၁၁ စီးနှင့် ပြစ်မှုကျူးလွန်သူ ၂၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ **ကိုမျိုး**

# ပြင်ဦးလွင်မြို့နယ်၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇**

ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့်အဖွဲ့၊ ပြင်ဦးလွင်ခရိုင် ရဲအုပ်နှင့်အဖွဲ့သည် တရားမဝင်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၂၅ ရက် ည ၉ နာရီခန့်တွင် ပြင်ဦးလွင်မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၁၀/၂) ၌ ရပ်တန့်ထားသည့် ပိုင်ရှင်မဲ့ ၂၂ ဘီး နောက်တွဲယာဉ်တစ်စီးကို တွေ့ရှိသဖြင့် သစ်တောပျိုးဥယျာဉ်အတွင်း မောင်းနှင်ပြီး ဖွင့်ဖောက်စစ်ဆေးရှာဖွေခဲ့ရာ တရားမဝင် တမလန်းခားရွေ ၁၀ တုံး(၁ ဒသမ ၈၀၅၂ တန်) ကာလတန်ဖိုးတစ်တန်လျှင် ငွေကျပ် ၁၂၀၀၀၀၀ နှုန်းဖြင့် ကျပ် ၂၁၆၆၂၄၀ နှင့် ပိတောက်ခားရွေ ၃၇ တုံး (၆ ဒသမ ၂၇၈၂ တန်) ကာလတန်ဖိုးငွေကျပ် ၇၅၃၃၈၄၀ ကို တွေ့ရှိသိမ်းဆည်းပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**မြန်မာ့အလင်း**



# မအီမြို့နယ်တွင် ဓားဒဏ်ရာများဖြင့် အမျိုးသားနှစ်ဦး သေဆုံးမှုဖြစ်ပွား

**မအီ ဖေဖော်ဝါရီ ၂၇**

မအီမြို့နယ် ဂျီဖြူတောင်ကျေးရွာအုပ်စု စံတွေးကျေးရွာတွင် ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းက ဓားဒဏ်ရာများဖြင့် သေဆုံးနေသူ နှစ်ဦး တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မအီမြို့ အမှတ်(၃) ရပ်ကွက်တွင် နေထိုင်ကြသော မောင်နေလင်းထွန်း(၂၂ နှစ်)၊ မောင်မျိုးနိုင်ဝင်း(၂၂ နှစ် )၊ မောင်ကျော်ဇောဦး (၁၉ နှစ်)နှင့် မောင်လင်းမောင်ထွန်းတို့ လေးဦးသည် စံတွေးကျေးရွာ ဘုန်းကြီးပွဲပွဲသို့ ဇာတ်ပွဲကြည့်ရန် သွားရောက်ခဲ့ကြပြီး ကျောက်ကြီးပေါက်ကျေးရွာနေ မောင်ဝင်းကိုဇော်နှင့် တွေ့ရှိကာ ဖေဖော်ဝါရီ ၂၇ ရက် ၀၀ နာရီ ၁၅ မိနစ်ခန့်တွင် ဇာတ်ရုံ၏ ညာဘက်ခြမ်းရှိ ကော်ဖီဆိုင်၌ ၎င်းတို့ ငါးဦး ကော်ဖီမှာသောက်နေစဉ် မျိုးနိုင်ဝင်းက အပေါ့အပါးသွားမည်ဟု ပြောဆိုကာ ကော်ဖီဆိုင်၏ အနောက်ဘက်သို့ ထွက်သွားကြောင်း၊ မိနစ် ၂၀ ခန့်အကြာတွင် အမှတ် (၂) ရပ်ကွက်နေ မောင်သားထူးနိုင် ရောက်ရှိလာပြီး မျိုးနိုင်ဝင်း(၂၂ နှစ်)မှာ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိကြောင်း လာရောက်ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါ သေဆုံးနေသည့် အမျိုးသားနှင့် ပေ ၁၀၀ ခန့်အကွာတွင် အမျိုးသားတစ်ဦးအား ဓားဒဏ်ရာများဖြင့် ထပ်မံတွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၀၀ နာရီ ၄၅ မိနစ်ခန့်က ဇာတ်ရုံ၏ အရှေ့ဘက် ပေ ၃၀၀ ခန့်အကွာ၌ မအီမြို့ အမှတ်(၁)ရပ်ကွက်နေ မောင်ရဲနိုင်ထွန်း (၁၉ နှစ်)ကို ဓားဒဏ်ရာများဖြင့် တွေ့ရှိရ၍ မအီမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ မအီနယ်မြေရဲစခန်းက အမှုမှန်ပေါ်ပေါက်စေရေးနှင့် ပြစ်မှုကျူးလွန်သူ ဖော်ထုတ်ဖမ်းဆီးရမိရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းချိတ်ဆက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# သမ္မတထရမ့်၏ အရေးပေါ်အခြေအနေကြေညာမှု အဆုံးသတ်ရန် အမေရိကန်အောက်လွှတ်တော်၌ မဲခွဲ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

**အမေရိကန်-မက္ကဆီကိုနယ်စပ်၌ သမ္မတထရမ့်၏ နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာမှုကို တားဆီးနိုင်မည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန်အောက်လွှတ်တော်၌ အတည်ပြုခဲ့ကြောင်း သိရသည်။ နယ်စပ်တံတိုင်းကာနိုင်ရန် သေချာစေမည့် ရန်ပုံငွေရရှိရေးအတွက် သမ္မတထရမ့်က အရေးပေါ်ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။**

ဒီမိုကရက်တစ် ဦးဆောင်သည့် အောက်လွှတ်တော်အတွင်း၌ အင်္ဂါနေ့က ယင်းဆုံးဖြတ်ချက်ကို အတည်ပြုရာတွင် ရီပတ်ဘလစ်ကန် ဥပဒေပြုအမတ်အချို့ ပါဝင်ခဲ့ကြသည်။ ယခုလအစောပိုင်းက ထရမ့်သည် နယ်စပ်တံတိုင်း တည်ဆောက်မှုအတွက် ရန်ပုံငွေခွဲဝေ သတ်မှတ်ရန် အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာရန် စီရင်ဆုံးဖြတ်ခွင့်အာဏာရှိကြောင်း ဖော်ပြခဲ့သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

### ရန်ပုံငွေမလုံလောက်

ထရမ့်က ကွန်ဂရက်လွှတ်တော်က အတည်ပြုခဲ့သည့် ဘတ်ဂျက်အသုံးစရိတ်မှာ နယ်စပ်တံတိုင်းတည်ဆောက်မည့် စီမံကိန်းအတွက် ရန်ပုံငွေ လုံလုံလောက်လောက် မရှိဟု အကြောင်းပြကာ အရေးပေါ်အခြေအနေ ကြေညာလိုက်ခြင်းဖြစ်သည်။ ဥပဒေပြုအမတ်များ၊ အထူးသဖြင့် ဒီမိုကရက်တစ်အဖွဲ့ဝင်များက ထရမ့်၏လုပ်ဆောင်ချက်ကို ကန့်ကွက်ခဲ့ကြသည်။

### ပိတ်ဆို့ရန်လုပ်ဆောင်

သမ္မတထရမ့်၏ ကြေညာချက်အရ နယ်စပ်တစ်လျှောက် တံတိုင်းတည်ဆောက်ရန် ကုန်ကျစရိတ်ကို လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ သမ္မတထရမ့်သည် အမိန့်အရ အသုံးပြုခွင့်ရရှိခြင်းဖြစ်ကြောင်းလည်း သိရသည်။ ယခုကဲ့သို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အမိန့်ကို ပိတ်ဆို့ဟန့်တားရန် ဒီမိုကရက်အများစု ထိန်းချုပ်ထားသည့် အောက်လွှတ်တော်က ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ရီပတ်ဘလစ်ကန်အများစု ထိန်းချုပ်ထားသည့် အထက်လွှတ်တော်တွင် ရီပတ်ဘလစ်ကန်အမတ် ၅၃ နေရာရှိပြီး ဒီမိုကရက်အမတ် ၄၇ နေရာသာရှိကြောင်း သိရသည်။

### အရေးပေါ် ကြေညာချက်ကိုကန့်ကွက်

သို့သော်လည်း ရီပတ်ဘလစ်ကန်အမတ်များဖြစ်သည့် ဆူဇန်ကောလင်း၊ လီဆာမာကော်စကီနှင့် သွမ်တီလစ်တို့သည် သမ္မတထရမ့်၏ နိုင်ငံတော်အရေးပေါ် ကြေညာချက်ကို ကန့်ကွက်ခဲ့ကြောင်း သိရသည်။

အချို့ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်များက သမ္မတ ထရမ့်၏ ကြေညာချက်ကို လက်မခံကြောင်း ပြောခဲ့သော်လည်း အဆိုပြုလွှာကို ကန့်ကွက်ရန် ရှိ၊ မရှိမသိရသေးဟုဆိုသည်။

### ဗီတိုအာဏာသုံးပယ်ချမည်

အမေရိကန်သမ္မတထရမ့်က ၎င်း၏ အမိန့်ကို ကန့်ကွက်သည့် ဆုံးဖြတ်ချက်ကို အထက်လွှတ်တော်က အတည်ပြုခဲ့မည်ဆိုလျှင် ဗီတိုအာဏာသုံး ပယ်ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

---

# အိန္ဒိယနှင့် ပါကစ္စတန် ကက်ရှ်မီးယားအရေး တင်းမာမှုများမြင့်တက်လာ လေကြောင်းတိုက်ခိုက်မှုအတွင်း အိန္ဒိယလေယာဉ်နှစ်စင်းပစ်ချခံရ

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၇**

အိန္ဒိယနှင့် ပါကစ္စတန် ကက်ရှ်မီးယားအရေး တင်းမာမှုများမြင့်တက်လာပြီး လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ရာမှ အိန္ဒိယလေတပ်မှ လေယာဉ်မှူးတစ်ဦးကို ပါကစ္စတန်ဘက်က ဖမ်းဆီးထားကြောင်း သိရသည်။ နယ်စပ်ထိန်းချုပ်ရေးမျဉ်းအား အိန္ဒိယလေယာဉ်များ ပျံသန်းဝင်ရောက်လာခြင်းကို ကန့်ကွက်ရန် ပါကစ္စတန်နိုင်ငံခြားရေးရုံးက အိန္ဒိယနိုင်ငံ ယာယီမဟာမင်းကြီးအား ဆင့်ခေါ်လိုက်ကြောင်း တရားဝင်ကြေညာချက်များအရ သိရသည်။


ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံကြား နယ်နိမိတ်ပိုင်းခြားထားသောနေရာကို တွေ့ရစဉ်။

ထို့အတူ အိန္ဒိယတိုက်လေယာဉ်နှစ်စင်းကို ပါကစ္စတန်လေတပ်က ပစ်ချခဲ့ပြီး အိန္ဒိယလေတပ်မှ လေယာဉ်မှူးတစ်ဦးကို ဖမ်းဆီးထားသည့် ကိစ္စနှင့်ပတ်သက်ပြီး အိန္ဒိယဘက်ကလည်း ပါကစ္စတန်လက်ထောက် မဟာမင်းကြီးအား ဆင့်ခေါ်လိုက်ကြောင်း သိရသည်။

အိန္ဒိယလေတပ်လေယာဉ် ၁၂ စင်းသည် ပါကစ္စတန် ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ မူဇက်ဖ်ဖာရာဘတ် နယ်မြေမှ နယ်စပ်မျဉ်းကို ဖြတ်ကျော်ပျံသန်း ဝင်ရောက်လာခြင်းအတွက် ဆန့်ကျင်ကန့်ကွက်ကြောင်း၊ ပါကစ္စတန်နိုင်ငံခြားရေးရုံး ယာယီနိုင်ငံခြားရေးအတွင်းဝန်က အိန္ဒိယသံတမန်အား ပြောကြားခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အိန္ဒိယ၏ လေကြောင်းတိုက်ခိုက်မှုကို ပါကစ္စတန်က ဟန့်တားပစ်ချခဲ့သောကြောင့် အိန္ဒိယတိုက်လေယာဉ်နှစ်စင်း ပျက်ကျသွားခဲ့ပြီး တစ်စင်းက အိန္ဒိယပိုင် ကက်ရှ်မီးယားတွင် ပျက်ကျခဲ့သည်။ ကျန်တစ်စင်းသည် ပါကစ္စတန်ပိုင် ကက်ရှ်မီးယားဘက်တွင် ပျက်ကျခဲ့ရာ ၎င်းလေယာဉ်မှူးမှာ ပါကစ္စတန်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ အိန္ဒိယနိုင်ငံသည် ဖမ်းဆီးခံထားရသော လေယာဉ်မှူးကို အန္တရာယ်ကင်းစွာ ပြန်လည် လွှတ်မြောက်ရေးအတွက် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

ထို့အပြင် ပါကစ္စတန် လေတပ်ဂျက်လေယာဉ်များသည် အိန္ဒိယလေတပ်လေယာဉ်များကို ထိရောက်စွာ ကြားဖြတ် ဟန့်တားနိုင်ခဲ့ပြီး ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အိန္ဒိယက ၎င်း၏ နိုင်ငံသားများ အေးချမ်းမှုရှိစေရေးအတွက် အကြမ်းဖက်စခန်းကြီးတစ်ခုကိုသာ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားချက်ကို ပါကစ္စတန်ယာယီနိုင်ငံခြားရေးအတွင်းဝန်က ပယ်ချခဲ့သည်။

အိန္ဒိယ၏ ရန်စကျူးကျော်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်နေခြင်းဖြစ်ပြီး ပါကစ္စတန်သည် ခဏတာအတွင်း တုံ့ပြန်ဆောင်ရွက်လိုက်ရခြင်း ဖြစ်ကြောင်း ပါကစ္စတန်မှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

တစ်ချိန်တည်းမှာပင် ပါကစ္စတန်နိုင်ငံ ပြန်ကြားရေးဝန်ကြီး ဖာဝတ်ချောင်ဒရီက ပါကစ္စတန်ရုပ်ရှင်ပြပွဲများတွင် အိန္ဒိယ ရုပ်ရှင်များနှင့် အခြားသော ဖျော်ဖြေရေးပစ္စည်းများပြသခြင်းကို တားမြစ်လိုက်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က ဒေသခံမီဒီယာများက ဖော်ပြထားသည်။

လေကြောင်း တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗီဂျေကီရှက်ဗ်ဂိုခါလီက အတည်ပြုပြောကြားခဲ့ပြီး အစ္စလာမ့်စ် အကြမ်းဖက်အဖွဲ့၏စခန်းကိုသာ တိုက်ခိုက်ခြင်းဖြစ်ကြောင်းနှင့် စစ်ရေးအရ ကြိုတင်လက်ဦးမှုရယူခြင်း မဟုတ်ကြောင်း ပြောကြားခဲ့သည်။ လတ်တလောတွင် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံတင်းမာမှုမြင့်မားလာသည့်အပေါ် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် တရုတ်နိုင်ငံက တိုက်တွန်းထားကြောင်း သိရသည်။ **အေအက်ဖ်ပီ၊ ဆင်ဟွာ**

**အိန္ဒိယပိုင် ကက်ရှ်မီးယားတွင် ပျက်ကျခဲ့သည်။ ကျန်တစ်စင်းသည် ပါကစ္စတန်ပိုင် ကက်ရှ်မီးယားဘက်တွင် ပျက်ကျခဲ့ရာ ၎င်းလေယာဉ်မှူးမှာ ပါကစ္စတန်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။**

---

# အီရန်ဝန်ကြီး နုတ်ထွက်စာကို သမ္မတ ရိုဟာနီက လက်မခံ

**တီဟီရန် ဖေဖော်ဝါရီ ၂၇**

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်၏ နုတ်ထွက်စာကို ဖေဖော်ဝါရီ ၂၇ ရက်က တရားဝင်ပယ်ချခဲ့ကြောင်း နိုင်ငံပိုင်အိုင်အာရ် အင်န်အေသတင်းဌာနက ဖော်ပြခဲ့သည်။

ရိုဟာနီက ဝန်ကြီး၏ နုတ်ထွက်စာသည် နိုင်ငံ၏ ဟန်ချက်ညီမှုကို ပျက်ပြားစေကြောင်း ဇာရစ်ဖ်၏ နုတ်ထွက်စာနှင့်ပတ်သက်ပြီး အစောပိုင်းက တုံ့ပြန်ပြောကြားခဲ့ပြီးနောက် နုတ်ထွက်စာကို ငြင်းဆိုခဲ့ကြောင်း သိရသည်။

ရိုဟာနီသည် ဇာရစ်ဖ်အား ယုံကြည်ရသော၊ ရဲရင့်သော၊ ဘာသာရေးကိုင်းရှိုင်းသော ပုဂ္ဂိုလ်တစ်ဦးနှင့် အမေရိကန်နိုင်ငံမှ ဖိအားပေးမှုများကို ရှေ့ဆုံးမှ ခံစစ်သဖွယ်ခံထားပေးသော တာဝန်ရှိသူတစ်ဦးဖြစ်ကြောင်း သတ်မှတ်ခဲ့သည်။

မိုဟာမက်ဇာရစ်ဖ်သည် ၂၀၁၃ ခုနှစ်ကတည်းက နိုင်ငံခြားရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ယူခဲ့သူတစ်ဦးလည်း ဖြစ် သည်။ ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်ခုနှင့် အီရန်နိုင်ငံကြား နျူကလီးယားလုပ်ငန်းများ ထိန်းချုပ်ရေး သဘော တူညီခဲ့ကြပြီး အဆိုပါသဘောတူညီမှုတွင် ၎င်းအနေဖြင့် အီရန်ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

---

# သမုဒ္ဒရာ၏ အနက်ရှိုင်းဆုံးနေရာရှိ သတ္တဝါများတွင် ပလတ်စတစ်အပိုင်းအစများ တွေ့ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

ပင်လယ်သမုဒ္ဒရာ၏ အနက်ရှိုင်းဆုံး အပိုင်းတွင် နေထိုင်သည့် သတ္တဝါများ၏ အူထဲ၌ ပလတ်စတစ် အပိုင်းအစများကို တွေ့ရှိခဲ့ရကြောင်း၊ ဗုဒ္ဓဟူးနေ့တွင် သုတေသနပြုလေ့လာမှုအသစ်တစ်ရပ်က ဖော်ပြခဲ့သည်။

### ငါးထရီလီယံထက်မနည်းရှိ

ပလတ်စတစ်ပစ္စည်းအပိုင်းအစများကို ရေနေသတ္တဝါများ၏ အူထဲတွင် ထိုသို့တွေ့ရှိရမှုက လူတို့ကြောင့် ဖြစ်ပွားရသည့် ညစ်ညမ်းမှုများ မည်သည့်အခြေအနေအထိ ရောက်ရှိနေပြီ ဖြစ်ကြောင်း ထင်ဟပ်ဖော်ပြလျက်ရှိသည်။ နှစ်စဉ် နှစ်တိုင်း ပလတ်စတစ်ပစ္စည်း တန်ချိန် ပေါင်း ၃၀၀ ကျော်ကို ထုတ်လုပ်လျက်ရှိပြီး သမုဒ္ဒရာအတွင်း မျောပါနေသည့် ပလတ်စတစ်အပိုင်းအစများသည် ငါးထရီလီယံထက်မနည်းရှိနေသည်ဟု ဆိုသည်။

နက်ရှိုင်းသည့် ပင်လယ်အတွင်း စူးစမ်းရှာဖွေမှုများသည် ကုန်ကျစရိတ်ကြီးမားပြီး အလွန်အချိန်ပေးရသည့် ရှာဖွေမှုဖြစ်သည်။ ပလတ်စတစ်ကြောင့် ညစ်ညမ်းမှုများနှင့်ပတ်သက်သည့် လေ့လာမှုအများစုသည် သမုဒ္ဒရာကြမ်းပြင်နှင့် နီးကပ်လာပြီး ငါး၊ ပင်လယ် လိပ်၊ဝေလငါးများနှင့် ပင်လယ်ပျော်ငှက်များထဲတွင် ပလတ်စတစ်များ ဝင်ရောက်ကာ ညစ်ညမ်းမှုများ မည်သည့်အခြေအနေအထိ ဖြစ်ပွားနေသည်ကို ဖော်ပြလျက်ရှိသည်။ **အေအက်ဖ်ပီ**

# ကက်ရှ်မီးယားအရေး ရတက်မအေးရာက အိမ်နီးချင်းနှစ်နိုင်ငံ တင်းမာမှုတွေဖြစ်ပေါ်

## ထွန်းသစ်

**နျူကလီးယားလက်နက် ပိုင်ဆိုင်တယ်လို့ ယူဆရတဲ့ အိမ်နီးချင်းနိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနှင့် ပါကစ္စတန်တို့ဟာ ပိုင်ဆိုင်မှုအငြင်းပွားနေတဲ့ ကက်ရှ်မီးယားဒေသမှာ လူပေါင်း ၄၀ ကျော် သေဆုံးခဲ့တဲ့ အသေခံပုံးဖောက်ခွဲမှုတစ်ခု ဖြစ်ပွားပြီးတဲ့နောက် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဆက်ဆံရေးအခြေအနေဟာ ပိုပြီးတင်းမာလာခဲ့ပါတယ်။ အရင်ထဲကမှ ကက်ရှ်မီးယားဒေသနဲ့ ပတ်သက်ပြီး သူပိုင်တယ်၊ ငါပိုင်တယ်ဆိုပြီး တစ်ဖက်နဲ့တစ်ဖက် အငြင်းပွားနေတဲ့ နိုင်ငံနှစ်နိုင်ငံဟာ အခုလို အသေခံပုံးဖောက်ခွဲတဲ့ ကိစ္စပါပါလာတော့ အခြေအနေတွေဟာ ဆိုးသထက်ဆိုးလာပါတော့တယ်။**



အိန္ဒိယလေတပ်မှ လေယာဉ်တစ်စင်း ကက်ရှ်မီးယားဒေသကို ဗုံးကြဲတိုက်ခိုက်နေစဉ်။

### ရန်မစပါနဲ့

"ပါကစ္စတန်ကို ရန်လာမစနဲ့" လို့ ပါကစ္စတန်စစ်ဘက်ဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်ချုပ် အဇစ်ဂါဖောက အိန္ဒိယကို သတိပေးပြောကြားထားပါတယ်။ သူတို့နိုင်ငံအပေါ် ကျရောက်လာတဲ့ ဘယ်လို ခြိမ်းခြောက်မှုမျိုးကိုမဆို တုံ့ပြန်နိုင်စွမ်းရှိကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားလိုက်ပြီးနောက် အိန္ဒိယနိုင်ငံဟာ ကံမကောင်းအကြောင်းမလှ ဖြစ်စေမယ့် လုပ်ရပ်တွေ ရပ်တန်းက ရပ်ဖို့လည်း သတိပေး ပြောကြားလိုက်ပါတယ်။

"ကျွန်တော်တို့ စစ်မဖြစ်ချင်ပါဘူး။ သို့သော်လည်း အခိုင်အမာ ပြောချင်တာကတော့ အိန္ဒိယဘက်က ဘယ်လို ရန်စမှုမျိုးမဆို လုပ်လာပါစေ၊ ပါကစ္စတန် တပ်ဖွဲ့တွေ အံ့အားသင့်သွားအောင် အိန္ဒိယအနေနဲ့ ဘယ်တော့မှလုပ်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကသာ အိန္ဒိယကို အံ့အားသင့်သွားအောင် လုပ်မှာဖြစ်တယ်ဆိုတာ အခိုင်အမာ ပြောချင်ပါတယ်။ ဘယ်လို ခြိမ်းခြောက်မှုမျိုးကို မဆို ကျွန်တော်တို့ ပြန်လည်တုံ့ပြန်သွားမှာ ဖြစ်ပါတယ်။ ဒါကို နားလည်ပြီး ပါကစ္စတန်ကို ရန်မစဖို့ မျှော်လင့်ပါတယ်" လို့ ပါကစ္စတန်ဘက်က ဆိုပါတယ်။

### ငြိမ်ခံနေမှာ မဟုတ်

အိန္ဒိယပိုင်ကက်ရှ်မီးယားဒေသမှာ အသေခံပုံးဖောက်ခွဲတိုက်ခိုက်ခံရပြီးနောက် ပြည်သူ့စစ်အဖွဲ့ဝင် ၄၁ ယောက် ကျဆုံးခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုကို ပါကစ္စတန်အခြေစိုက် ဂျေ့အက်မိုဟာမက် (Jaish-e-Mohammed-JeM) အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့က လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်ပြီးနောက်မှာ အိန္ဒိယနဲ့ ပါကစ္စတန်ရဲ့ဆက်ဆံရေးဟာ အခြေအနေ ပိုလို့ဆိုးခဲ့ပါတယ်။

တိုက်ခိုက်မှုကို လက်တုံ့ပြန်ဖို့ အိန္ဒိယနိုင်ငံမှာ တောင်းဆိုမှုတွေ လုပ်နေကြပါတယ်။ စစ်သွေးကြွတွေကို အထောက်အပံ့ ပြုနေတယ်လို့လည်း အိန္ဒိယက ပါကစ္စတန်ကို စွပ်စွဲပြောကြားထားတာတွေရှိပါတယ်။ သို့သော်လည်း ပါကစ္စတန်ကတော့ အိန္ဒိယပြောသလို မဟုတ်ပါဘူးလို့လည်း ငြင်းဆိုထားပါတယ်။ ငြင်းဆိုထားတဲ့ကြားက အိန္ဒိယက စစ်မက်ပြုခဲ့ပါက သူတို့ကလည်း ငြိမ်ခံနေမှာ မဟုတ်ပါဘူးလို့ ပြောခဲ့ပါတယ်။

"စစ်ဖြစ်ဖို့ ပါကစ္စတန်နိုင်ငံအနေနဲ့ ပြင်ဆင်နေတာ မရှိပါဘူး။ စစ်ဖြစ်ဖို့ ခြိမ်းခြောက်တာတွေနဲ့ ပတ်သက်တဲ့ သတင်းတွေက အိန္ဒိယနိုင်ငံက နေလာတာပါ။ လက်စားခြေမယ်ဆိုတဲ့ ခြိမ်းခြောက်မှုက အိန္ဒိယဘက်က လာတာပါ။ ကျွန်တော်တို့ဟာ အချုပ်အခြာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တုံ့ပြန်ဆောင်ရွက်ခွင့် ကျွန်တော်တို့ဆီမှာ ရှိပါတယ်။ စစ်ပွဲစတင်ဖို့ ကျွန်တော်တို့ ပြင်ဆင်နေတာ မဟုတ်ပေမယ့် တုံ့ပြန်ဆောင်ရွက်ခွင့် ရှိသလို ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်လည်း ရှိပါတယ်။ အဲဒီအခွင့်အရေးကို ကျွန်တော်တို့ အသုံးချမှာပါ"လို့ ပါကစ္စတန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ဆိုပါတယ်။

အိန္ဒိယစစ်ဘက်ရဲ့ဘယ်လိုမျိုး ခြိမ်းခြောက်မှုမျိုးကိုမဆို အခိုင်အမာ လက်တုံ့ပြန်ဖို့ ပါကစ္စတန်ဝန်ကြီးချုပ် အင်ရမ်ခန်က စစ်ဘက်ဆိုင်ရာကို ညွှန်ကြားပြီးနောက်မှာ အခုလိုမျိုး ပါကစ္စတန်စစ်ဘက်ရဲ့ပြောဆိုမှုတွေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

### ဗုံးကြဲတိုက်ခိုက်

JeM အစ္စလာမ္မစ် အစွန်းရောက်အဖွဲ့ဟာ ကက်ရှ်မီးယားမှာ အိန္ဒိယအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့ကို ပါကစ္စတန်က ကြားခံအဖြစ် အသုံးချနေတယ်လို့လည်း အိန္ဒိယက စွပ်စွဲနေပါတယ်။ JeM အစ္စလာမ္မစ် အစွန်းရောက်အဖွဲ့ရဲ့ ဌာနချုပ်တစ်ခုဖြစ်မယ်လို့ ယုံကြည်ရတဲ့နေရာတစ်ခုကို မကြာသေးမီက ပါကစ္စတန်က သိမ်းယူလိုက်တယ်လို့လည်း ပါကစ္စတန်ပြည်ထဲရေးဌာနက ပြောခဲ့ပါတယ်။ JeM အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ရဲ့ ဌာနချုပ်ရှိတဲ့ နေရာဖြစ်တဲ့ ဘဟာဝယ်လ်ပါမြို့ရှိ စာသင်ကျောင်းနဲ့ ဘာသာရေးအဆောက်အအုံတစ်လုံးကို ပါကစ္စတန်အစိုးရက ထိန်းချုပ်ခဲ့တယ်လို့ ပြည်ထဲရေးဌာနရဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောလိုက်ပါတယ်။

ပါကစ္စတန်ဝန်ကြီးချုပ် အင်ရမ်ခန်ကိုယ်တိုင် ဦးစီးပြီး ပြုလုပ်ခဲ့တဲ့ အမျိုးသား လုံခြုံရေးကော်မတီ အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်အရ ထိုသို့ အရေးယူ ဆောင်ရွက်ခဲ့တာလည်း ဖြစ်ပါတယ်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်မှု အဆုံးသတ်ခဲ့တဲ့ ၁၉၄၇ ခုနှစ်မှစကာ ကက်ရှ်မီးယားအရေး အိန္ဒိယနဲ့ ပါကစ္စတန်တို့ စစ်မက်ဖြစ်ပွားတာ သုံးကြိမ်ရှိပြီ ဖြစ်ပါတယ်။

အိန္ဒိယတို့ကတော့ ဒီအခြေအနေတွေနဲ့ ပတ်သက်ပြီး ကျေနပ်နိုင်မှာ မဟုတ်ပါဘူး။ ယမန်နေ့က အိန္ဒိယဂျက်လေယာဉ် ၁၂ စင်းဟာ ပါကစ္စတန်နယ်စပ်ကို ဖြတ်ကျော်လာပြီးနောက် အငြင်းပွားနေတဲ့ ကက်ရှ်မီးယားဒေသရှိ စစ်သွေးကြွစခန်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ပါတယ်။

### တောင်းဆိုမှုတွေ ပြုလုပ်

အိန္ဒိယ သတင်းရင်းမြစ်တွေကတော့ အိန္ဒိယဂျက်လေယာဉ်တွေဟာ JeM အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ကို ပစ်မှတ်ထား တိုက်ခိုက်တာဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။ သူတို့အဲဒီလို ဖော်ပြတာကလည်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်ကို ကိုးကားဖော်ပြခဲ့တာပဲ ဖြစ်ပါတယ်။

အဆိုပါကိစ္စနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနကတော့ တရားဝင်မှတ်ချက်ပြု ပြောကြားခြင်း မရှိပါဘူး။ အိန္ဒိယအနေနဲ့ ဒါဟာ လက်စားချေ တိုက်ခိုက်တယ်ဆိုရင် ပါကစ္စတန်ဘက်က ဘယ်လိုလက်တုံ့ပြန် မလဲဆိုတာ ဆက်လက်စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ အိန္ဒိယကတော့ ပါကစ္စတန်ကို ပစ်မှတ်ထားတာ မဟုတ်ဘဲ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့တဲ့အပေါ် ဘယ်လိုတွေ ဆက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်သွားရမှာပါ။

လွန်ခဲ့တဲ့ တနင်္လာနေ့ ဖေဖော်ဝါရီ ၁၈ ရက်ကလည်း အိန္ဒိယတပ်ဖွဲ့နဲ့ ကက်ရှ်မီးယားရှိ စစ်သွေးကြွတွေနဲ့ ထိတွေ့မှု ဖြစ်ပွားခဲ့သေးပါတယ်။ အဲဒီထိတွေ့မှုအတွင်းမှာလည်း အိန္ဒိယဘက်က တပ်ဖွဲ့ဝင်လေးဦး ကျဆုံးခဲ့သလို ကြည်းတပ်မှ ဗိုလ်မှူးတစ်ဦးလည်း ပါဝင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီလိုအခြေအနေတွေကြောင့် အိန္ဒိယသံတမန် အသိုင်းအဝိုင်းက အဲဒီစစ်သွေးကြွအဖွဲ့ကို မတရားအသင်းအဖွဲ့အဖြစ် ကြေညာဖို့ ကုလမှာ တောင်းဆိုမှုတွေတောင် ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

### ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ

ထို့အတူ အိန္ဒိယဝန်ကြီးချုပ်မိုဒီကလည်း အခုလိုမျိုး ပြည်သူ့စစ်အဖွဲ့ဝင် ၄၀ ကျော် သေဆုံးခဲ့တဲ့အပေါ် မကျေနပ်နိုင်သလို အခုလိုမျိုး နောက်ဆက်တွဲဖြစ်ရပ်တွေကြောင့် ပါကစ္စတန်အပေါ် အခဲမကျေနိုင်ဘဲ လက်တုံ့ပြန်ဆောင်ရွက်မှုတွေ လုပ်မယ်ဆိုပြီး ကြုံးဝါးခဲ့ပါတယ်။

တိုက်ခိုက်မှုနောက်ကွယ်က ပါဝင်နေသူတွေ အနေနဲ့ ကြီးကြီးမားမား ပြန်လည်ပေးဆပ်သွားရမှာဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က လုံခြုံရေး အကြံပေးအရာရှိတွေနဲ့ ဆွေးနွေးစဉ်မှာ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အကြမ်းဖက်အဖွဲ့အပေါ် စိတ်ကြိုက်လုပ်နိုင်ဖို့ လုံခြုံရေးတပ်ဖွဲ့တွေကိုလည်း အခွင့်အာဏာပေးထားကြောင်းလည်း သိရပါတယ်။

ပါကစ္စတန်ဘက်ကတော့ တိုက်ခိုက်မှုကို စုံစမ်းဖော်ထုတ်ရင် တတ်အားသလောက် ကူညီမည်လို့ စကားလမ်းကြောင်းခဲ့သော်လည်း သူတို့ကို စစ်မက်ပြုပါက လက်တုံ့ပြန်သွားမယ်လို့လည်း ဆိုထားပါတယ်။ အိန္ဒိယနဲ့ ပါကစ္စတန်ဟာ ကက်ရှ်မီးယားအရေးအကြောင်းပြုပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ တင်းမာမှုတွေ ဖြစ်နေရာက အခုလို ဖြစ်ရပ်တွေ ဆက်တိုက်ဖြစ်နေတာကြောင့် အခုတော့ အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံဟာ ဘယ်လိုများ ဒီအရေးကို ကိုင်တွယ်ဖြေရှင်းသွားမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"အိန္ဒိယတို့ကတော့ ဒီအခြေအနေတွေနဲ့ ပတ်သက်ပြီး ကျေနပ်နိုင်မှာ မဟုတ်ပါဘူး။ ယမန်နေ့က အိန္ဒိယဂျက်လေယာဉ် ၁၂ စင်းဟာ ပါကစ္စတန်နယ်စပ်ကို ဖြတ်ကျော်လာပြီးနောက် အငြင်းပွား ကက်ရှ်မီးယားဒေသရှိ စစ်သွေးကြွစခန်းကို ဗုံးကြဲတိုက်ခိုက်ခဲ့"**

## နိုင်ငံတကာသတင်းတိုထွာ

### ဂန္ဒီငြိမ်းချမ်းရေးဆုကို နီပွန်ဖောင်ဒေးရှင်း ဆွတ်ခူးရရှိ

**တိုကျို ဖေဖော်ဝါရီ ၂၇**

ဂျပန်ဖောင်ဒေးရှင်းတစ်ခုဖြစ်သည့် နီပွန်ဖောင်ဒေးရှင်းအကြီးအကဲသည် ပိုလီယိုဝေဒနာရှင်လူနာများအား အကူအညီပေးသည့် ဆောင်ရွက်ခဲ့မှုအတွက် အိန္ဒိယအစိုးရ၏ ဂန္ဒီငြိမ်းချမ်းရေးဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ယိုဟီ ဆာဆာကာဝါသည် အင်္ဂါနေ့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းသည့် အခမ်းအနားတွင် ဆုလက်ခံရယူခဲ့ပြီး အခမ်းအနားသို့ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒရာမိုဒီ တက်ရောက်ခဲ့သည်။

ဆာဆာကာဝါသည် ပိုလီယိုရောဂါခံစားနေရသည့် ပြည်သူများကို နှစ်ပေါင်း ၄၀ကျော်ကြာအောင် အကူအညီပေးခဲ့သည်။ ၎င်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပိုလီယိုရောဂါပပျောက်ရေးဆိုင်ရာ စေတနာရှင်သံတမန်တစ်ဦးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

### ဘရီးဇစ်အရေးသဘောတူညီချက်မဲ့ နုတ်ထွက်နိုင်မည့်အရေးကို လေ့လာသူများ စိုးရိမ်နေ

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

ဥရောပသမဂ္ဂ အီးယူမှ ဗြိတိန်သဘောတူညီချက်မရဘဲ နုတ်ထွက်မည်ဆိုပါက ဂျာမနီနိုင်ငံသည် အဆိုးဆုံး အခြေအနေများဖြင့် ရင်ဆိုင်ရနိုင်ပြီး စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးအနည်းဆုံး ၀ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းနိုင်သည်။

၂၀၁၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ စီးပွားရေး နစ်နာဆုံးရှုံးမှုသည် ယူရိုငွေ ၁၇ ဘီလီယံအထိ ရှိနိုင်ကြောင်း၊ ဂျာမနီစက်မှုလုပ်ငန်းအဖွဲ့ချုပ်ညွှန်ကြားရေးမှူးချုပ် ဂျိုချင်လန်က ယမန်နေ့က ဘာလင်၌ ပြောကြားခဲ့သည်။ ပြင်ဆင်ထားသည့် ဘရီးဇစ်သဘောတူညီချက်ကို ဗြိတိန်လွှတ်တော်က အတည်မပြုဘဲ ပယ်ချခဲ့မည်ဆိုပါက ဘရီးဇစ်အရေးကို ခေတ္တဆိုင်းငံ့သင့်ကြောင်း ဂျာမနီစက်မှုလုပ်ငန်းများ အဖွဲ့ချုပ်က တိုက်တွန်းထားသည်။ ခေတ္တရပ်ဆိုင်းခြင်းသည် သဘောတူညီချက်မရဘဲ နုတ်ထွက်ခြင်းထက် စာလျှင် ပိုမိုကောင်းမွန်ကြောင်းလည်း ပြောကြားထားသည်။

ဘရီးဇစ်သဘောတူညီချက်ကို ဒုတိယအကြိမ် မဲခွဲဆုံးဖြတ်မှုအရဗြိတိန်လွှတ်တော်က ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြုလုပ်ရန် နဂိုကသတ်မှတ်ခဲ့သော်လည်း ထရီဆာမေက အဆိုပါ မဲခွဲဆုံးဖြတ်မှုကို အချိန်ရွှေ့ဆိုင်းကြောင်းနှင့် မတ်လ ၁၂ ရက်မတိုင်မီ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ မတ်လ ၂၉ ရက်တွင်ဗြိတိန်ဥရောပသမဂ္ဂမှ တရားဝင်နုတ်ထွက်မည့်နေ့ နီးကပ်လာသည်နှင့်အမျှ သဘောတူညီချက်မဲ့ နုတ်ထွက်မည်ကို စောင့်ကြည့်လေ့လာသူများက စိုးရိမ်နေကြောင်း သိရသည်။ **ဆင်ဟွာ**

# မြန်မာ-လာအို၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားများနှင့် မယ်ဆိုင်-မယ်ဟောက်ချောင်းအတွင်း ကမ်းထိန်းလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**
တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအိုချစ်ကြည်ရေး တံတားနှင့် နယ်စပ်စစ်ဆေးရေးစခန်း (Border Check Point) သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဖေဖော်ဝါရီ ၂၃ ရက်က သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ မဟာမဲခေါင်ဒေသခွဲ လူနှင့် ကုန်စည်များ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးမူဘောင် သဘောတူစာချုပ်အရ မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ကနဦးအကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာအား မကြာမီကာလအတွင်း လက်မှတ်ရေးထိုးရန် ဆောင်ရွက်နေမှု၊ ဆက်လက်၍ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံများနှင့် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးရန်အတွက် ညှိနှိုင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံအကြား ယခုလို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ တရားမဝင်ကူးသန်းရောင်းဝယ်မှုများကိုလည်း တဖြည်းဖြည်းလျှော့ချနိုင်မည်ဖြစ်ရာ အခွန်အခများလည်း တိုးတက်ရရှိနိုင်မည်ဖြစ်သည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၄ ရက်တွင် တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၁) အထက်ဘက် ရွှေနန်းတော်ကုန်တိုက်အနီး မြေထိန်းနံရံ တည်ဆောက်မည့်နေရာ၊ ချစ်ကြည်ရေးတံတားအမှတ်(၂)ရှိ (Border Control Facilities) ၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မယ်ဆိုင်-မယ်ဟောက်ချောင်းအတွင်း (Border Reference Point) BRP 397၊ BRP 395၊ BRP 339 အနီး ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မဲခေါင်မြစ်ကမ်းရှိ ဝမ်ပုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံနယ်နိမိတ်များထိစပ်လျက်ရှိသည့် ရွှေတြိဂံအနီး BRP 14 နှင့် 15 အကြား ကမ်းထိန်းလုပ်ငန်းဆောင်ရွက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မယ်ဆိုင်-မယ်ဟောက်ချောင်းအား ကြည့်ရှုစစ်ဆေးနေစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မယ်ဆိုင် - မယ်ဟောက်ချောင်း မြန်မာဘက်ခြမ်း ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခြင်းသည် မိမိနိုင်ငံပိုင်မြေများ မဆုံးရှုံးစေရေးဆောင်ရွက်သည့် လုပ်ငန်းများဖြစ်၍ တိုင်းပြည်ကို ကာကွယ်ရာရောက်ကြောင်း၊ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရေး မထိခိုက်စေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝမ်ပုံဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများကို လျာထားချက်နှင့်အညီ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လုပ်ငန်းဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီပြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်ကြရန် မှာကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မယ်ဆိုင်-မယ်ဟောက်ချောင်းအတွင်း ကမ်းထိန်းလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လုပ်ငန်း သုံးခု၊ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ ရန်ပုံငွေဖြင့် လုပ်ငန်း နှစ်ခု စုစုပေါင်းလုပ်ငန်း ငါးခုတို့မှ ကမ်းထိန်း အလျား ၃၃၇၅ ပေ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကချင်ပြည်နယ် လူမှုရေးဝန်ကြီးနှင့် အားကစားဆပ်ကော်မတီဝင်များ တွေ့ဆုံစဉ်။

## ကချင်ပြည်နယ်အားကစားဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၇**
ကချင်ပြည်နယ်၏ အားကစားကဏ္ဍမြှင့်တင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဆပ်ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြည်နယ်အားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့် အားကစားဆပ်ကော်မတီဝင်များ၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်နယ်အားကစားဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းက ကချင်ပြည်နယ်၏ အားကစားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များ၊ ပြည်နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားပေါ်ထွက်လာစေရေးနှင့် အားကစားဆပ်ကော်မတီများ ပြန်လည် ဖွဲ့စည်းနိုင်ရေး၊ ဆပ်ကော်မတီမရှိသေးသည့် အားကစားနည်းများတွင် ဆပ်ကော်မတီ အသစ်များ ဖွဲ့စည်းပေးနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်နှင့် အရာထမ်း၊ အမှုထမ်းများ၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကာ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးက နွေရာသီ အားကစားသင်တန်းများအတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**


မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့မဈေးလမ်းထောင့်၌ ဖေဖော်ဝါရီ ၂၇ ရက်က ရဲတပ်ဖွဲ့မှူးရဲမှူး ခင်မောင်ကြည် ဦးဆောင်ကာ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသရာ အဆိုပါပြခန်းယာဉ်ပေါ်သို့ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ လာရောက်လေ့လာကြည့်ရှုကြစဉ်။ **ငြိမ်းသူ(စလင်း)**

## ပဲခူးတိုင်းဒေသကြီးတွင်ကျင်းပမည့် ကလေးစာပေပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းစည်းဝေး

**ပဲခူး ဖေဖော်ဝါရီ ၂၇**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ပဲခူးတက္ကသိုလ်တွင် ကျင်းပမည့် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက ကလေးများ စာအုပ်စာပေ၌ နှစ်သက်ပျော်မွေ့စေရန်နှင့် ပွဲတော်တက်ရောက်လာသော ကလေးများ စုပေါင်းဆောင်ရွက်မှုဖြင့် ပျော်ရွှင်စေရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဆပ်ကော်မတီအလိုက်လုပ်ငန်းအစီအစဉ်များကို တင်ပြရန်၊ လိုအပ်သည့်လုပ်ငန်းများအလိုက် ချပြဆွေးနွေးကြရန် ပြောကြားသည်။


ကလေးစာပေပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပစဉ်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်က ကလေးစာပေပွဲတော်ကို ပြိုင်ပွဲများ ကျင်းပခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ပြခန်းများဟူ၍ သုံးရပ်ခွဲခြားထားပြီး ပထမအချက်အနေဖြင့် ဖျော်ဖြေရေးကဏ္ဍတွင် တစ်ရက်နှင့်တစ်ရက် မထပ်ရန် သုံးရက် တစ်နေကုန် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ပန်းချီ၊ ဆေးရောင်ခြယ်၊ ကဗျာရွတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များ သတ်မှတ်ပေးရန်နှင့် ပြိုင်ပွဲဝင်အားစာရင်း ထုတ်ပေးနိုင်ပါရန် လိုအပ်ကြောင်း၊ ဆုများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု နှစ်ဆုပေါင်း ရှစ်ခုသတ်မှတ်ထားကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များကိုပါ ဖိတ်ကြားရန်လိုအပ်ကြောင်း ပြောသည်။

ယင်းနောက် သက်ဆိုင်ရာ ကော်မတီဝင်များက ကလေးစာပေပွဲတော်ကျင်းပရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်ပြောကြားကြပြီး ပဲခူးတိုင်းဒေသကြီး၌ ကျင်းပမည့် ကလေးစာပေပွဲတော်တွင် တိုင်းရင်းသားရိုးရာ ပုံပြောခြင်းကို မြန်မာဘာသာဖြင့် တင်ဆက်ခြင်းကိုပါ ထည့်သွင်းဆောင်ရွက်နိုင်ရေးကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိက ပြောသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ပဲခူးမြို့ ပဲခူးတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

## ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကြို့ပင်ကောက်မြို့နယ်၌ စာစစ်ဌာနတစ်ခုတိုး၍ ကျင်းပမည်

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၇**
၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို မတ်လ ၆ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ကျင်းပသွားမည်ဖြစ်ရာ ကြို့ပင်ကောက်မြို့နယ်တွင် အထက (လယ်တီ) စာစစ်ဌာနတစ်ခုတိုး၍ စာစစ်ဌာနစုစုပေါင်း လေးခုဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကြို့ပင်ကောက်မြို့အနောက်ဘက်ရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများသည် မြို့သို့လာရောက်ပြီး စာမေးပွဲဖြေဆိုရသည့်အတွက် သွားလာတည်းခိုနေထိုင်ရေး၊ စားရေးသောက်ရေးတို့တွင် အခက်အခဲ များစွာရှိကြောင်း၊ အဆိုပါ အခက်အခဲများကြောင့် မြို့နှင့် ကိုးမိုင်ခန့်ဝေးကွာသော စေတီကုန်းအုပ်စု လယ်တီကျေးရွာတွင် စာစစ်ဌာနတစ်ခုတိုး၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုရန် စီစဉ်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းက ပြောသည်။

လယ်တီကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ကိုဖိုးဝင်းက “စာစစ်ဌာနတစ်ခုရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ အရင်နှစ်တွေက ကလေးတွေရော၊ မိဘတွေပါစာဖြေဖို့ သွားလာနေထိုင်ရေးတွေ အခက်အခဲအများကြီး ကြုံရပါတယ်။ အခုနှစ်တော့ ကိုယ့်အိမ်ကိုယ့်ရာနဲ့ နေထိုင်ပြီး ဖြေရတော့မှာပါ။ မေးခွန်းတွေရယူဖို့နဲ့ အဖြေလွှာတွေ ပို့ဖို့ကိုလည်း သက်ဆိုင်တဲ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်ထားပါတယ်” ဟု ပြောကြားသည်။

ကြို့ပင်ကောက်တစ်မြို့နယ်လုံးတွင် ဘာသာတွဲ သုံးခုဖြစ်သောအတွဲ(၁)၊ အတွဲ(၂)နှင့် အတွဲ(၇)တို့ကို ဖြေဆိုရန်အတွက် အတွင်းဖြေ ၁၀၅၉ ဦး၊ အပြင်ဖြေ ၅၄၅ ဦး ဖြေဆိုရန် စာရင်းပေးသွင်းထားပြီး အထက (လယ်တီ) စာစစ်ဌာနတွင် အတွင်းဖြေ ၁၀၀ ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## အ.မ.က(၁၅) ရွှေပြည်သာ၌ အခမဲ့ပန်းချီသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇** - ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းနှင့် အ.မ.က(၁၅) ရွှေပြည်သာတို့ ပူးပေါင်းဖွင့်လှစ်သော အခမဲ့ပန်းချီသင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ၆/၁၂ ရပ်ကွက် အ.မ.က (၁၅) ရွှေပြည်သာကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းနွယ်ဦးက အမှာစကားပြောကြားသည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၈ ရက်အထိဖြစ်ပြီး ပန်းချီဆရာဝင်းမောင်မောင်နှင့် ပန်းချီဆရာစိုးရဲဦးတို့က သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကို အပတ်စဉ် တနင်္လာမှ သောကြာအထိ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်သင်ကြားပေးပြီး မူလတန်းအဆင့် ကျောင်းသူ ကျောင်းသားလေးများ ပန်းချီပညာကို ဝါသနာပါပြီး အခြေခံပန်းချီပညာရရှိစေရန် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**မောင်လွမ်းရည် (ရွှေတောင်)**

# စားသုံးသူအခွင့်အရေးဆိုင်ရာများ တိုင်ကြားနိုင်မည့် မိုဘိုင်းအပလီကေးရှင်း ထုတ်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

စားသုံးသူ ပြည်သူများအနေဖြင့် မိမိတို့၏ စားသုံးသူအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားရာတွင် မိုဘိုင်းဖုန်းများမှတစ်ဆင့် လွယ်ကူစွာ တိုင်ကြားနိုင်ရန်အတွက် မိုဘိုင်းအပလီကေးရှင်းသစ်တစ်ခုကို စားသုံးသူရေးရာဦးစီးဌာနက ဖေဖော်ဝါရီ ၂၇ ရက်က စတင်ထုတ်ဝေလိုက်ကြောင်း သိရသည်။

အဆိုပါ မိုဘိုင်းအပလီကေးရှင်းကို လက်ရှိအချိန်တွင် အန်းဒရွိုက်ဖုန်းများအတွက်သာ ထုတ်ဝေထားကာ Google Play store တွင် DOCA Myanmar ဟု ရိုက်၍ရှာပြီး ရယူနိုင်သလို စားသုံးသူရေးရာဦးစီးဌာန၏ ဖေ့စ်ဘုတ်စာမျက်နှာ facebook.com/DOCA.NPT တွင် ဖော်ပြထားသည့် Link မှတစ်ဆင့်လည်း ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်သည်။

အပလီကေးရှင်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် အသုံးပြုနိုင်ပြီး စားသုံးသူများအနေဖြင့် တိုင်ကြားလိုသည့် ကိစ္စရပ်များကို အပလီကေးရှင်းတွင် ပါဝင်သည့် ‘စားသုံးသူများတိုင်ကြားရန်’ လုပ်ဆောင်ချက်မှတစ်ဆင့် စားသုံးသူရေးရာဦးစီးဌာနသို့ တိုက်ရိုက် တိုင်ကြားနိုင်မည့်အပြင် အပလီကေးရှင်းထဲတွင် ပါဝင်သော ‘ဌာနအကြောင်း၊ စားသုံးသူရေးရာ ဗဟိုကော်မတီ၊ စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းသတိပေးချက်၊ အမေး-အဖြေကဏ္ဍ၊ သတင်းနှင့် လှုပ်ရှားမှုများ၊ CICC လိပ်စာများ၊ စားသုံးသူဥပဒေ’ စသည့် ကဏ္ဍများကိုလည်း မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်မည်ဖြစ်သည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင်ရှိသော မြို့နယ် စားသုံးသူရေးရာဦးစီးဌာနရုံးများမှလည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ ဌာန၏ဝက်ဘ်ဆိုက် www.doca.gov.mm/complaint/ မှလည်းကောင်း စားသုံးသူများတိုင်ကြားလိုသည့် ကိစ္စများကို တိုင်ကြားနိုင်ရန် ဆောင်ရွက်ပေးထားသည့်အပြင် ယခု မိုဘိုင်း အက်ပလီကေးရှင်းကိုလည်း ထပ်မံထုတ်ဝေလိုက်ခြင်းကြောင့် စားသုံးသူများအနေဖြင့် မိမိတို့၏ နစ်နာမှုများအတွက် ပိုမိုလွယ်ကူစွာ တိုင်ကြားနိုင်မည်ဖြစ်သည်။

စားသုံးသူများအနေဖြင့် မိမိတို့ ဝယ်ယူသုံးစွဲထားသည့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက ယခု အပလီကေးရှင်းမှတစ်ဆင့် လွယ်ကူလျင်မြန် လုံခြုံစိတ်ချစွာဖြင့် တိုင်ကြားနိုင်ကြောင်း စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ အသိပေး ထုတ်ပြန်ထားသည်။ **သူရဖြိုး**




# အူရီဒူးမြန်မာကို သုံးစွဲသူဦးရေ ၁၀ သန်းပြည့်မြောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာ အော်ပရေတာအဖြစ် 3G ဝန်ဆောင်မှုများကို ၂၀၁၄ ခုနှစ် ဩဂုတ်လမှစ၍ ဝန်ဆောင်မှုပေးခဲ့သော အူရီဒူးမြန်မာအနေဖြင့် လေးနှစ်ကျော်အကြာ ယခုနှစ် ဖေဖော်ဝါရီလထဲတွင် အသုံးပြုသူ ၁၀ သန်း ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် နိုင်ငံ၏ ၉၂ ရာခိုင်နှုန်းကို ကွန်ရက်လွှမ်းခြုံထားနိုင်ပြီဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဝန်ဆောင်မှုပေးခဲ့သည့်အချိန်အတွင်း အူရီဒူးအနေဖြင့် ၂၀၁၆ ခုနှစ် မေလတွင် 4G ကွန်ရက်ကို စတင်ဝန်ဆောင်မှုပေး၍ မြန်မာနိုင်ငံတွင် ပထမဆုံး 4G ကွန်ရက်ပေးနိုင်သည့် အော်ပရေတာ ဖြစ်လာခဲ့သလို ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများကိုလည်း ပြုလုပ်ခဲ့ရာ ကျေးလက်နေပြည်သူများအား အဓိကထား ဝန်ဆောင်မှုပေးနေသည့် မိုးလေဝသ၊ ကောက်ပဲသီးနှံ ဈေးနှုန်းများ၊ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများ ပါဝင်သော စွယ်စုံ ၄၅၆ အက်ပလီကေးရှင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံး Chatbot ဖြစ်သော Ooredoo Next၊ ဒစ်ဂျစ်တယ်ဖျော်ဖြေရေး အစီအစဉ်များ ပါဝင်သော My Ooredoo အက်ပလီကေးရှင်း၊ မိုဘိုင်းငွေပေးချေမှုဆိုင်ရာ ဝန်ဆောင်မှုများကို အလွယ်တကူ အသုံးပြုနိုင်မည့် M-ပိုက်ဆံ စသည့် ဝန်ဆောင်မှုများနှင့် IoT ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်။

လက်ရှိအချိန်တွင် အူရီဒူး 4G Plus ကွန်ရက်ကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၃၀၀ ကျော်တွင် အောင်မြင်စွာလွှမ်းခြုံထားပြီး ဝန်ဆောင်မှုများပေးနေသလို ယခု သုံးစွဲသူဦးရေ ၁၀ သန်း ပြည့်မြောက်ခြင်းနှင့်အတူ အူရီဒူးအနေဖြင့် အမြန်ဆန်ဆုံးနှင့် အတည်ငြိမ်ဆုံးကွန်ရက် ဖြန့်ကြက်ပေးသွားနိုင်ရန်နှင့် လက်ရှိဖြန့်ကြက်ထားသည့် 4G ကွန်ရက်များ၏ လွှမ်းခြုံနိုင်စွမ်းပိုမိုခိုင်မာစေရန်လည်းကောင်း၊ မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ဗီဒီယိုကြည့်သူများအတွက် ဒေတာသက်သာစေမည့် လွှတ်သုံးအစီအစဉ်ကို Mytel မိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

Mytel ဆင်းကတ်များကို သုံးစွဲသူများအနေဖြင့် ဗီဒီယိုကြည့်ရှုခြင်းအတွက် ဒေတာကုန်ကျမှုကို အကောင်းဆုံးချွေတာနိုင်ရန် ရည်ရွယ်သည့် Adaptive Video Feature အစီအစဉ်တစ်ခုဖြစ်သည့် လွှတ်သုံးအစီအစဉ်သစ်ကို Mytel က ဖေဖော်ဝါရီ ၂၆ ရက်က စတင်မိတ်ဆက်လိုက်သည်။

လွှတ်သုံးအစီအစဉ်အရ သုံးစွဲသူများအနေဖြင့် ကြည့်ရှုသည့်ဗီဒီယို၏ အမှန်တကယ်ကြည့်ရှုသည့် အချိန်ပမာဏအတွက်သာ ဒေတာကုန်ကျမည်ဖြစ်ပြီး ကြည့်ရှုနေစဉ်အတွင်း ကြိုတင်ဒေါင်းလုပ်ဆွဲထားသောအပိုင်း(Buffering)အတွက် ဒေတာဖြတ်တောက်ခြင်း ရှိမည်မဟုတ်ကြောင်း၊ Mytel သုံးစွဲသူများအနေဖြင့် လွှတ်သုံး အစီအစဉ်ကို ရယူထားပါက မည့်သည့်အွန်လိုင်းဗီဒီယိုများကို ကြည့်ရှုခြင်းအတွက်မဆို ဒေတာသုံးစွဲမှု ၄၀ ရာခိုင်နှုန်းခန့်အထိ သက်သာနိုင်မည်ဖြစ်ကြောင်း သိရသည်။

“နည်းပညာတွေ မြင့်မားလာတဲ့ခေတ်ကြီးမှာ လူငယ်တွေသာမက လူကြီးတွေပါ လူမှုကွန်ရက်ကို ပိုပြီးအသုံးပြုလာကြတယ်၊ ဒ့ါအပြင် ဖျော်ဖြေရေးကဏ္ဍတွေ၊ ရုပ်ရှင်၊ သီချင်းနဲ့ သတင်းတွေကို အွန်လိုင်းပေါ်ကနေ အချိန်နဲ့တစ်ပြေးညီ ကြည့်ရှုလာကြတဲ့ အချိန်မှာ သုံးစွဲသူတွေအနေနဲ့ ကိုယ်ကြည့်တဲ့အချိန်အတိုင်းသာ ဒေတာကုန်ကျမယ်ဆိုရင် အားလုံး နှစ်သက်သဘောကျမယ်လို့ ယုံကြည်တဲ့အတွက် ဒီအစီအစဉ်ကို မိတ်ဆက်ပေးလိုက်တာဖြစ်ပါတယ်၊ သုံးစွဲသူတွေအနေနဲ့ ဒေတာတွေကို အကောင်းဆုံးချွေတာနိုင်မှာဖြစ်လို့ ကွန်ရက်အသုံးပြုမှုအတွေ့အကြုံကိုလည်း အထိရောက်ဆုံး မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်”ဟု Mytel ၏ ပြင်ပဆက်ဆံရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။ Mytel ၏ လွှတ်သုံးအစီအစဉ်ကို ရယူရန်အတွက် *9669# သို့ ဖုန်းခေါ်ဆို၍ ရယူနိုင်ပြီး စာတိုရောက်ရှိပါက လွှတ်သုံးအစီအစဉ်ကို စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# လုပ်ဆောင်ချက်သစ်များ အဆင့်မြှင့်ထားသည့် My Telenor App ဗားရှင်းသစ် မိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

တယ်လီနောဆင်းကတ် အသုံးပြုသူများအနေဖြင့် တယ်လီနော၏ ဝန်ဆောင်မှုများကို ပိုမိုအဆင်ပြေစွာဖြင့် တစ်နေရာတည်းတွင် အလွယ်တကူရနိုင်ရန် ရည်ရွယ်ချက်ဖြင့် တယ်လီနောမြန်မာ၏ MyTelenor App ကို ဒီဇိုင်းနှင့် လုပ်ဆောင်ချက်များ အဆင့်မြှင့်ကာ အစီအစဉ်သစ်များစွာပါဝင်သော ဗားရှင်းသစ် 3.0 အဖြစ် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ မိတ်ဆက်ထားကြောင်း သိရသည်။

တယ်လီနောသုံးစွဲသူများအနေဖြင့် ယခု အပလီကေးရှင်း ဗားရှင်းသစ်ဖြင့် တယ်လီနောမြန်မာက ပေးနေသည့် ဝန်ဆောင်မှုများနှင့် ပရိုမိုးရှင်းများအားလုံးကို တစ်နေရာတည်းတွင် လွယ်ကူစွာ စီမံခန့်ခွဲ ရယူနိုင်မည်ဖြစ်ကာ အပလီကေးရှင်း၏ ဗားရှင်းသစ်ကို တယ်လီနောမြန်မာဝက်ဘ်ဆိုက်နှင့် ပလေးစတိုးမှတစ်ဆင့် ဒေါင်းလုပ်ဆွဲ၍ဖြစ်စေ၊ လက်ရှိသုံးနေသော ဗားရှင်းအဟောင်းကို အဆင့်မြှင့်တင်ခြင်းဖြင့်ဖြစ်စေ အလွယ်တကူ ရယူနိုင်မည်ဖြစ်သည်။

“အခုအဆင့်မြှင့်တင်ထားတဲ့ MyTelenor App အသစ်ဟာ သုံးစွဲသူတစ်ဦးချင်းရဲ့ သုံးစွဲမှုပမာဏအပေါ်မူတည်ပြီး အသင့်တော်ဆုံးနဲ့ အကောင်းမွန်ဆုံး ဝန်ဆောင်မှုတွေ၊ အစီအစဉ်တွေကို ပေးအပ်ပေးသွားမှာဖြစ်လို့ တယ်လီနောရဲ့ ဆန်းသစ်မှုအရှိဆုံး တီထွင်မှုတစ်ခုလို့ ပြောနိုင်ပါတယ်၊ App အသစ်ရဲ့လုပ်ဆောင်ချက်သစ်တွေကြောင့် သုံးစွဲသူတွေအနေနဲ့ ဝန်ဆောင်မှုတွေကို ပိုမိုလွယ်ကူစွာ ရယူနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Amaresh Kumar က ပြောသည်။

MyTelenor App 3.0 တွင် လုပ်ဆောင်ချက်သစ်တစ်ခုအဖြစ် MPU၊ VISA နှင့် MasterCard အစရှိသည့် နိုင်ငံတကာသုံး ငွေပေးချေကတ်များ အသုံးပြု၍ တယ်လီနောဆင်းကတ်များသို့ ဖုန်းငွေဖြည့်နိုင်မည့်လုပ်ဆောင်ချက် ပါဝင်လာကာ ထိုလုပ်ဆောင်ချက်အရ MyTelenor App 3.0 သည် နိုင်ငံတကာသုံး အကြွေးဝယ်ကတ်များနှင့် ဘဏ်မှတစ်ဆင့်ငွေပေးချေမှုစနစ်များကို ပူးပေါင်းထည့်သွင်းထားသည့် မြန်မာနိုင်ငံတွင်ပထမဆုံး ဘက်စုံသုံး ဆက်သွယ်ရေးဆိုင်ရာအပလီကေးရှင်း ဖြစ်လာကြောင်း သိရသည်။

ထို့အပြင် MyTelenor App မှတစ်ဆင့် ဒေတာစုဘူး ၇၀၀ မဂ္ဂါဘိုက် တစ်ကြိမ်ဝယ်ယူတိုင်း အနည်းဆုံး 100 MB မှ အများဆုံး 100 GB အထိ ဗလာမပါ ကံစမ်းနိုင်မည့် ‘ရှယ် Shake’ လုပ်ဆောင်ချက်လည်း ပါဝင်လာပြီး ဒေတာစုဘူး ဝယ်ယူပြီးသည်နှင့် ရှယ် Shake လုပ်ဆောင်ချက်သည် ဖုန်းမျက်နှာပြင်တွင် ပေါ်လာမည်ဖြစ်ကာ ဖုန်းကို လှုပ်ခါလိုက်ရုံဖြင့် အပိုဒေတာများကို ကံစမ်းရယူနိုင်မည်ဟု သိရသည်။

“MyTelenor App 3.0 မှာ ဒီထက်ပိုပြီး စိတ်လှုပ်ရှားစရာ လုပ်ဆောင်ချက်များစွာကို ထပ်မံဖြည့်သွင်းပေးသွားဖို့လည်း လုပ်ဆောင်နေတာကြောင့် တယ်လီနောသုံးစွဲသူ တစ်ဦးတစ်ယောက်ချင်းစီအနေနဲ့ MyTelenor App တွေကို အခုပဲ အဆင့်မြှင့်တင်ကြဖို့ တိုက်တွန်းလိုပါတယ်၊ အသုံးပြုသူတွေအနေနဲ့ တယ်လီနောမြန်မာရဲ့ အစီအစဉ်သစ်တွေ၊ ပရိုမိုးရှင်းတွေ၊ ဝန်ဆောင်မှုတွေနဲ့ အခြား နောက်ဆုံးအကြောင်းအရာတွေကို အမြဲသိရှိနိုင်ဖို့အတွက် App ကို ပုံမှန်စစ်ဆေးကြည့်ရှုကြဖို့လည်း အကြံပေးလိုပါတယ်”ဟု တယ်လီနောမြန်မာ၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တယ်လီနောသုံးစွဲသူများအနေဖြင့် MyTelenor App ဖြင့် ဖုန်းငွေလက်ကျန်စစ်ခြင်း၊ ဒေတာအသုံးပြုမှုများနှင့် အထူးအစီအစဉ်များကို စစ်ဆေးခြင်း၊ တယ်လီနောဖုန်းအချင်းချင်း ဖုန်းဘေလ်ဖြည့်ပေးခြင်းနှင့် ဘေလ်လွှဲပေးခြင်း၊ ဆင်းကတ်များကို မှတ်ပုံတင်ထားခြင်းရှိမရှိ စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်း၊ တယ်လီနောအမှတ်တံဆိပ်အရောင်းဆိုင်များ၏ တည်နေရာများနှင့် တယ်လီနော 4G ကွန်ရက်မိသော နေရာများကိုကြည့်ရှုခြင်း စသည်တို့အပြင် အခြား လုပ်ဆောင်ချက်များစွာကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၈၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၂၅ ကျပ် | ၉၂၅/၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၃၅ ကျပ် | ၉၄၀/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၃၅ ကျပ် | ၇၇၅/၈၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၆၅/၈၃၀ ကျပ် | ၈၇၀/၈၈၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၃ · ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၂၄ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၃ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၂၀၁၁ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၇၁ · ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၅ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၆ · ၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၂၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၅ · ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၂ · ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ · ၂၃၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံနှင့် အယ်လ်နီညို အပိုင်း(၂)

သိပ္ပံစာရေးဆရာကိုကိုအောင်



သမိုင်းတစ်လျှောက်အပူဆုံးသော ၂၀၁၅ အယ်လ်နီညိုကာလက အိန္ဒိယနိုင်ငံ၌ အပူလှိုင်းဖြတ်ကာ ပြည်သူများအနေဖြင့် ရေရှားပါးသည့်အခက်အခဲများ ရင်ဆိုင်ခဲ့ရစဉ်။

*(ယခင်အပတ်မှအဆက်)*

**အယ်လ်နီညိုနှင့် ကျန်းမာရေး**

အယ်လ်နီညို ရာသီဥတုကြောင့် ပြင်းထန်သောအပူရှိန်ကို ခံစားကြရသည့်အခါ ရေများများသောက်ခြင်း၊ ဓာတ်ဆားရည် သောက်သုံးခြင်း၊ အချိုရည် အမျိုးမျိုး သောက်သုံးခြင်း၊ ဖျော်ရည်အမျိုးမျိုး သောက်သုံးခြင်း၊ အရည်ရွှမ်းသော အသီးအနှံများကို စားသုံးခြင်း၊ သီးစုံချဉ်ရည်ဟင်း ချက်ပြုတ်သုံးဆောင်ခြင်း စသည်တို့ကို လုပ်ဆောင်သင့်ကြသလို ပူလွန်းသောအရည်များသောက်ခြင်း၊ စပ်သောဟင်းလျာများ ချက်ပြုတ်စားသောက်ခြင်း၊ အပူစာများ စားသုံးခြင်းနှင့် အရက်သေစာ သောက်စားခြင်း စသည်တို့ကိုမူ လုံးဝ ရှောင်ရှားကြရမည်ဖြစ်သည်။

ပြည်သူ့ဆေးရုံကြီးများ၊ ဆေးခန်းများ၊ ဒေသန္တရ ကျန်းမာရေးဌာနများ၊ ကျေးရွာဆေးပေးခန်းများ စသည်တို့၌လည်း အပူဒဏ်လွန်ကဲမှုကြောင့် ဖြစ်ပွားတတ်သော ရောဂါဝေဒနာအမျိုးမျိုးကို ကုသပေးနိုင်မည့် ဆေးဝန်ထမ်းများ၊ ဆေးဝါးများ၊ အထောက်အကူပြုပစ္စည်းများနှင့် လျင်မြန်စွာ ကယ်တင်ကုသနိုင်မည့် ကုထုံးများ စသည်တို့ကို အရန်သင့်ထားရှိပေးရန် လိုအပ်သလို ကုသရမည့် ကုထုံးအဆင့်ဆင့်ကိုလည်း အများပြည်သူသိရှိအောင် ထင်သာမြင်သာ နံရံကပ်ပိုစတာများ ကပ်ထားပေးခြင်းဖြင့် အသိပညာပေးရမည်ဖြစ်သည်။

အပူဒဏ် ကာကွယ်ရေး နှိုးဆော်ချက်များ၊ တိုက်တွန်းချက်များနှင့် အကြံပြုချက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက်လည်း မီဒီယာများကို အသုံးချခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကြော်ငြာ ဆိုင်းဘုတ်ကြီးများ စိုက်ထူခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်နှင့် ဘူတာရုံများ၌ ကျန်းမာရေးပညာပေးပိုစတာများ ကပ်ထားခြင်း၊ ရုပ်ရှင်ရုံများ၌ ရုပ်ရှင်မပြသမီ ဆလိုက်ဖြင့် ကြေညာအသိပေးခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ တစ်ဆင့် နှိုးဆော်တိုက်တွန်းခြင်း၊ လူမှုကွန်ရက် စာမျက်နှာများမှ ဖြန့်ဝေအသိပေးခြင်းစသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာသော အပူချိန် အဆမတန် မြင့်တက်ခြင်းသည် ရောဂါပိုးကိုသယ်ဆောင်သည့် ခြင်မျိုးစိတ်များကို ပိုမိုပေါက်ပွားလာစေပြီး ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ ဇီကာဗိုင်းရပ်စ်ကူးစက်ရောဂါ စသော ရောဂါဆိုးများ ဖြစ်ပွားမှုကို ပိုမိုမြင့်တက်လာစေနိုင်သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့်ဖြစ်သော မိုးခေါင်ရေရှားမှုဒဏ်ကြောင့် သောက်ရေသုံးရေ အခက်အခဲများနှင့် ကြုံတွေ့ကြရဖွယ်ရှိနေသည့်အတွက် မသန့်ရှင်းသော ရေကို သောက်သုံးမိရာမှ ဆက်စပ်ဖြစ်ပွားလာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါများကို ခံစားကြရနိုင်သလို အရေပြားဆိုင်ရာ ကူးစက်ရောဂါများကိုလည်း ခံစားကြရနိုင်သည်။

သို့ဖြစ်၍ အယ်လ်နီညိုကြောင့် ဆက်စပ်ဖြစ်ပွားလာနိုင်သော ကူးစက်ရောဂါအမျိုးမျိုးတို့ကို ထိထိရောက်ရောက် ကြိုတင်ကာကွယ်နိုင်မည့် အစီအမံများ အားလုံးကိုလည်း စနစ်တကျ ပူးပေါင်းလုပ်ဆောင်ကြရမည် ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ကြရာတွင် အစိုးရပိုင်းအနေဖြင့်သာ လုပ်ဆောင်၍မရဘဲ ပြည်သူလူထု အားလုံးတို့ကလည်း အသိတရားရှိရှိဖြင့် ဝိုင်းဝန်းကူညီကာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

**အပူချိန်မြင့်တက်မှုနှင့် မီးဘေးအန္တရာယ်**

အလားတူပင် အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာသည့် အပူချိန်မြင့်တက်မှုသည် မီးလောင်ကျွမ်းမှုကို လွယ်လင့်တကူဖြစ်ပွားစေနိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ သို့ဖြစ်၍ အမှိုက်မီးရှို့ခြင်း၊ ပူပြင်းသောအချိန်၌ ဓာတ်ဆီကို အသုံးပြုခြင်းနှင့် ဓာတ်ဆီပုံးများ လဲလှယ်ခြင်း၊ လျှပ်စစ်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ် အသုံးပြုမှု မရှိခြင်း၊ မီးကို ပေါ့ဆစွာသုံးစွဲခြင်း၊ ဓာတ်ငွေ့သုံးမီးဖိုနှင့် ဆက်စပ်ပစ္စည်းများကို လဲလှယ်မှုမရှိဘဲ ကာလကြာရှည်စွာ အသုံးပြုခြင်း၊ သဘာဝဓာတ်ငွေ့သုံး ယာဉ်များ၌ ကြံ့ခိုင်မှုအားနည်းသော ဓာတ်ငွေ့အိုးနှင့် ဆက်စပ်ပစ္စည်းများ၊ အရည်အသွေး စံမမီသော ဓာတ်ငွေ့အိုးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်သုံးစွဲထားခြင်း စသည်တို့ကို ရှောင်ကြဉ်ကြရန်လည်း အထူးလိုအပ်မည်ဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်မှုသည် တောမီးလောင်ကျွမ်းမှုကိုပါ ဖြစ်ပေါ်စေနိုင်သည့်အတွက် တောင်ယာမီးရှို့ခြင်း၊ တောထဲ၌ မီးကြွင်းမီးကျန်ထားခဲ့ခြင်း၊ အမဲလိုက်သူများအနေဖြင့် တောချောက်ရန် မီးရှို့ခြင်း၊ တောတွင်း၌ တစ်ဦးနှင့်တစ်ဦး မီးခိုးဖြင့်အချက်ပြခြင်း၊ တောထဲ၌ မီးတုတ်ထွန်းညှိပြီး အိပ်စက်ခြင်းစသည့် အပြုအမူများကိုလည်း အသိတရားရှိရှိဖြင့် လုံးဝ ရှောင်ရှားကြရမည်ဖြစ်သည်။

ဤနေရာတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြို့ပြ လူနေဒေသများတွင် မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးပြောကြားချက်အချို့ကြောင့် လူအများက စိုးရိမ်ထိတ်လန့်မှုများ ခံစားကြရခြင်းနှင့်ပတ်သက်၍ မီးလောင်ကျွမ်းရခြင်း၏ အခြေခံသဘောကို သိရှိထားကြရန် လိုအပ်မည်ဖြစ်သည်။ မည်သည့်အကြောင်းကြောင့် မီးလောင်သည်ဖြစ်စေ မီးလောင်ခြင်းဟူသော အကျိုးတရားသည် မီးပွင့် သို့မဟုတ် မီးပွား သို့မဟုတ် မီးတောက် စသော လောင်မြိုက်နေသည့်အရာနှင့် မီးလောင်လွယ်သော သို့တည်းမဟုတ် မီးလောင်ခြင်းကိုအားပေးသော ဝတ္ထုပစ္စည်း သို့မဟုတ် ဓာတ်ငွေ့ သို့မဟုတ် အရည်တစ်မျိုးမျိုးတို့ ထိတွေ့ပေါင်းဆုံသွားခြင်းဟူသော အကြောင်းတရားကြောင့်သာလျှင်ဖြစ်သည်။

သို့ဖြစ်၍ လောင်စာမည်မျှရှိနေသည်ဖြစ်စေ မီးပွင့်စေသော/မီးပွားထွက်စေသော/မီးတောက်စေသော အရင်းအမြစ်တစ်ခုခု မရှိသေးသမျှ မီးလောင်မှုတစ်ခု ဖြစ်လာမည်မဟုတ်ပေ။ အပြန်အလှန်အားဖြင့်လည်း မီးပွင့်၊ မီးပွား၊ မီးတောက်တို့ မည်သို့ဖြစ်ပေါ်နေစေကာမူ မီးလောင်ကျွမ်းနိုင်သော လောင်စာ တစ်စုံတစ်ရာ မရှိပါက မီးလောင်ကျွမ်းမှု ဖြစ်ပေါ်မည်မဟုတ်ပေ။

အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရသည့်အခါ ပူပြင်းခြောက်သွေ့မှု လွန်ကဲခြင်းကြောင့် ဝတ္ထုပစ္စည်းမှန်သမျှတို့သည် ယင်းတို့ထဲ၌ ရှိနေသော ရေငွေ့များကို လေထုထဲသို့ စွန့်ထုတ်လိုက်ကြရသည်။ ယုတ်စွအဆုံး မြေမျက်နှာပြင် အပေါ်ယံလွှာသည်လည်း ရေနှင့်ရေငွေ့များကို အငွေ့ပျံစေခြင်းဖြင့် စွန့်ထုတ်လိုက်ကြရပြီး ခြောက်သွေ့သော မြေသားအပေါ်ယံလွှာ ဖြစ်လာရသည်။ ဝတ္ထုပစ္စည်းတို့သည် ရေငွေ့ပါဝင်နှုန်း လျော့ကျသွားသည့်အခါ သို့တည်းမဟုတ် ရေငွေ့ပါဝင်မှု မရှိတော့သည့်အခါ မီးပွင့်၊ မီးပွား၊ မီးတောက် စသည်တို့နှင့် ထိတွေ့မိပါက မီးလောင်ကျွမ်းမှုကို လွယ်လင့်တကူ ဖြစ်ပေါ်စေမည်သာ ဖြစ်သည်။

**အယ်လ်နီညို၏ လက်တွေ့ဆိုးကျိုးများ**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ငါးနှစ်တာကာလသည် အပူဆုံးသောကာလဖြစ်သလို ထိုကာလထဲမှာပင် ၂၀၁၅ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ထုတ်ပြန်အသိပေးခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်းက အိန္ဒိယနိုင်ငံ၌ ကြုံတွေ့ခဲ့ရသည့် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် ၄၈ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့ကာ လူပေါင်း နှစ်ထောင်ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။ အလားတူပင် ပါကစ္စတန်နိုင်ငံတွင်လည်း အပူလှိုင်း၏ဒဏ်ကြောင့် လူပေါင်း ၁၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။

အရှေ့အလယ်ပိုင်းဒေသ၌လည်း အပူချိန်များ စံချိန်သစ်တင် မြင့်တက်ခဲ့သလို ထိုဒေသနှင့်နီးကပ်သည့် အာဖရိကမြောက်ပိုင်းနှင့် ဥရောပနိုင်ငံအချို့တွင်လည်း အပူဒဏ်ကို သိသာစွာ ခံစားခဲ့ကြရသည်။ ၂၀၁၅ ခုနှစ်၏ အပူချိန် စံချိန်သစ်တင်သော သာဓကအချို့အဖြစ် အီရန်နိုင်ငံ၌ ၄၆ ဒီဂရီ စင်တီဂရိတ်အထိ၊ ဂျော်ဒန်နိုင်ငံ၌ ၄၇ ဒီဂရီ စင်တီဂရိတ်အထိနှင့် အီဂျစ်နိုင်ငံ၌ ၄၇ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

အယ်လ်နီညို၏ ပျမ်းမျှသက်တမ်းသည် ကိုးလဖြစ်ပြီး အများဆုံးအားဖြင့် ၂၀ လအထိ ကြာမြင့်တတ်ကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၈၂-၁၉၈၃ အယ်လ်နီညိုနှစ်သည် ၁၅ လကြာမြင့်ခဲ့ပြီး ၁၉၉၇-၁၉၉၈ အယ်လ်နီညိုနှစ်မှာ ၁၄ လကြာမြင့်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ပြီးခဲ့သည့် ၂၀၁၅ - ၂၀၁၆ အယ်လ်နီညိုနှစ်မှာမူ ၁၉ လခန့်အထိ ကြာမြင့်ခဲ့သည်။

လက်လှမ်းမီသမျှသော ကမ္ဘာ့ရာသီဥတု သမိုင်းစဉ်တစ်လျှောက်တွင် ဖော်ပြပါ ၁၉၈၂ - ၁၉၈၃ အယ်လ်နီညိုနှစ်၊ ၁၉၉၇ - ၁၉၉၈ အယ်လ်နီညိုနှစ်နှင့် ၂၀၁၅-၂၀၁၆ အယ်လ်နီညိုနှစ်များသည် အပြင်းထန်ဆုံးသော အယ်လ်နီညိုသက်ရောက်မှု နှစ်ကာလများ ဖြစ်ခဲ့သည်။ အယ်လ်နီညိုဖြစ်ပေါ်သော နှစ်ကာလအတွင်း၌ အမြင့်ဆုံးသော အယ်လ်နီညိုအခြေအနေကို နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် တွေ့ရှိရသည်။

အစွန်းရောက်ရာသီဥတုဖြစ်သော အယ်လ်နီညိုကြောင့် ဒေသအချို့တွင် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲသွားခဲ့သည်။ တရုတ်နိုင်ငံတွင် သည်းထန်စွာမိုးရွာသွန်းမှု အကြိမ်ပေါင်းများစွာရှိခဲ့ပြီး ရေကြီးရေလျှံဖြစ်ပွားမှုများကြောင့် ပြည်သူ ၇၅ သန်းတို့ အတိဒုက္ခရောက်ခဲ့ကြရသည်။ ထို့အတူ ပါကစ္စတန်နိုင်ငံတွင်လည်း တစ်ရက်တည်း၌ ရွာသွန်းသော မိုးရေချိန်သည် ယခင်က တစ်နှစ်ပတ်လုံးရွာသွန်းသည့် မိုးရေချိန်ကိုပင် ကျော်လွန်သွားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၀ အယ်လ်နီညိုနှစ်က မြင်းမူမြို့၌ အပူချိန် ၄၇ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်အထိ စံချိန်တင်မြင့်တက်ခဲ့သလို အခြားမြို့ကြီးအချို့၌လည်း အပူချိန် ၄၆ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။ အဆိုပါ အယ်လ်နီညိုနှစ်က အပူချိန်မြင့်မားသည့်ဒဏ်ကို ခံစားရသောဝေဒနာရှင် ၆၀၀ ကျော် ရှိခဲ့သည့်အနက် ၂၅ ရာခိုင်နှုန်းခန့်မှာ အသက်ဆုံးရှုံးခဲ့ကြရသည်။

**"အယ်လ်နီညိုဖြစ်ပေါ်သော နှစ်ကာလအတွင်း၌ အမြင့်ဆုံးသော အယ်လ်နီညိုအခြေအနေကို နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် တွေ့ရှိရသည်၊ အစွန်းရောက်ရာသီဥတုဖြစ်သော အယ်လ်နီညိုကြောင့် ဒေသအချို့တွင် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲသွားခဲ့သည်၊ တရုတ်နိုင်ငံတွင် သည်းထန်စွာမိုးရွာသွန်းမှု အကြိမ်ပေါင်း များစွာရှိခဲ့ပြီး ရေကြီးရေလျှံဖြစ်ပွားမှုများကြောင့် ပြည်သူ ၇၅ သန်းတို့ အတိဒုက္ခရောက်ခဲ့သည်၊ ထို့အတူ ပါကစ္စတန် နိုင်ငံတွင်လည်း တစ်ရက်တည်း၌ရွာသွန်းသော မိုးရေချိန်သည် ယခင်က တစ်နှစ်ပတ်လုံး ရွာသွန်းသည့် မိုးရေချိန်ကိုပင် ကျော်လွန်သွားခဲ့သည်၊ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၀ အယ်လ်နီညိုနှစ်က မြင်းမူမြို့၌ အပူချိန် ၄၇ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်အထိ စံချိန်တင်မြင့်တက်ခဲ့သလို အခြားမြို့ကြီး အချို့၌လည်း အပူချိန် ၄၆ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်"**

**အကောင်းဆုံး ရင်ဆိုင်ကြရမည်**

ဤသည်ကို သင်ခန်းစာရယူကြလျက် အနာဂတ်တွင် အယ်လ်နီညိုဖြစ်ပေါ်သော နှစ်ကာလနှင့် ကြုံကြိုက်လာရပါက ပြည်သူလူထုအတွင်း၌ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသော ကဏ္ဍအသီးသီးတွင် ထိခိုက်နစ်နာဆုံးရှုံးရမှုများ နည်းနိုင်သမျှ နည်းအောင် ကြိုးပမ်းလုပ်ဆောင်သွားကြခြင်းဖြင့် အယ်လ်နီညိုကို အကောင်းဆုံး ရင်ဆိုင်ကြရမည်ဖြစ်သည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပပြုလုပ်ခဲ့သော ၂၁ ကြိမ်မြောက် Conference of Parties ကမ္ဘာ့ညီလာခံကြီးတွင် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်လာမှုကို နှစ်ဒီဂရီ စင်တီဂရိတ်အောက် လျှော့ချရန်နှင့် ထိုမှတစ်ဆင့် ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ ကန့်သတ်လျှော့ချရန်ဟူသော သဘောတူညီချက်ကို ရေးဆွဲပြီးဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် အယ်လ်နီညိုရာသီဥတုကို ရင်ဆိုင်ကြုံတွေ့ကြရနိုင်သည့် အီကွေတာရပ်ဝန်းနိုင်ငံများ အားလုံးတို့အနေဖြင့် အဆိုပါ သဘောတူညီချက်အတိုင်း အင်တိုက်အားတိုက်ဖြင့် စွမ်းစွမ်းတမံ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်မည် ဖြစ်ပေသည်။ ။

## ပင်းတယမြို့နယ် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား တပေါင်းပွဲတော်ကြီး စည်ကားစွာ ကျင်းပမည်

**ပင်းတယ ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ခြောက်ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တပေါင်းပွဲတော်တွင် ဖွင့်ပွဲကို တပေါင်းလဆန်း ၁၁ ရက် နံနက်တွင် ရွှေဥမင်ဘုရားတောင်ခြေရှိ စူဠာမုနိဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ပြီး တပေါင်းလဆန်း ၁၄ ရက်နေ့တွင် 'ဓနုတိုင်းရင်းသားများဆုံစည်းရာနေ့' အခမ်းအနားနှင့်အတူ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် မြို့နယ်လုံးကျွတ် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ တပေါင်းလပြည့်နေ့ နံနက်တွင် အရုဏ်ဆွမ်းလောင်းလှူပွဲများကို ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ရုံဖွင့် ဇာတ်နှစ်ဖွဲ့ဖြစ်သည့် ရွှေအိမ်စံ(မန္တလေး)နှင့် မင်းမင်းဦး(မန္တလေး) ဇာတ်အဖွဲ့တို့၏ သုံးညစီ ဖျော်ဖြေတင်ဆက်မှုများ၊ မြို့နယ်ရှစ်ခုမှ ဓနုတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အကအလှပြိုင်ပွဲများနှင့် Danu Miss and Mister ပြိုင်ပွဲများ၊ အခြားတိုင်းရင်းသားများဖြစ်သည့် ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ တောင်ရိုး တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအကအလှ အစီအစဉ်များအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ဇော်ပိုင်၊ ဟန်ထွန်း၊ ဆုန်သင်းပါရ်နှင့် အခြားတေးသံရှင်များ၏ စတိတ်ရှိုး အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အားကစားပြိုင်ပွဲများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပြိုင်ပွဲများလည်း ထည့်သွင်း၍ ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဥမင် သဘာဝလိုဏ်ဂူဘုရားသို့ နိုင်ငံခြားသားများနှင့် ပြည်တွင်းဘုရားဖူးများ နေ့စဉ် လာရောက်ဖူးမြော်လျက်ရှိပြီး ပွဲတော်ချိန်တွင် ယခင်အချိန်များထက် ဘုရားဖူးလာရောက်သူ ပိုမိုများပြားသလို ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **ခင်မျိုးနွယ်(ပင်းတယ)**

## မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားမှုက အများဆုံးဖြစ်နေ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ဇန်နဝါရီလအထိ ကာလအတွင်း မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ စားသုံးသူများ၏ တိုင်ကြားမှု ၉၇ မှုရှိခဲ့ပြီး အဆိုပါတိုင်ကြားမှုများတွင် ဝန်ဆောင်မှုနှင့်ပတ်သက်သည့် တိုင်ကြားမှုများက အများဆုံးဖြစ်ကြောင်း သိရသည်။

တိုင်ကြားမှု ၉၇ မှုတွင် ကုန်စည်နှင့်ပတ်သက်၍ တိုင်ကြားမှု ၁၁ မှုသာရှိပြီး ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားမှု ၈၆ မှုအထိ ရှိခဲ့ကာ လက်ရှိအချိန်အထိ အဖွဲ့က ဖြေရှင်းဆောင်ရွက်ပြီးစီးသည့်အမှု ၄၀ နှင့် ဖြေရှင်းဆောင်ရွက်ဆဲအမှု ၅၇ မှုရှိကြောင်း မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်သည့် မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)မှ သိရသည်။

မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ဖြေရှင်းဆောင်ရွက်ပေးနေဆဲ အမှု ၅၇ မှုတွင်လည်း ကုန်စည်နှင့်ပတ်သက်၍ နှစ်မှုသာကျန်ရှိပြီး ဝန်ဆောင်မှုနှင့်ပတ်သက်၍ ၅၅ မှု ကျန်ရှိနေသေးကြောင်း ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစည်းအဝေးတွင် မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးကြည်က အမှာစကားပြောကြားပြီး မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြင့်မြင့်သန်း(ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး) က စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များကလည်း ကဏ္ဍအလိုက် ဆွေးနွေးခဲ့သည်။

မန္တလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ ဖေဖော်ဝါရီလအထိ ငါးလအတွင်း အသိပညာပေးဟောပြောပွဲ ၅၄ ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း ၄၂ ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ၁၉ ကြိမ်ကို စားသုံးသူအကာအကွယ်ပေးရေး လှုပ်ရှားမှုများအဖြစ် ဆောင်ရွက်ခဲ့ကြောင်းလည်း ခရိုင်စားသုံးသူရေးရာဦးစီးဌာန၏ စာရင်းများအရ သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



**မူဆယ်မြို့နန်းတော်ဂိတ်မှ မန်ဝိန်းဂိတ်ပေါက်အထိ လမ်းမကြီးကို လေးလမ်းသွား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ပြုပြင်မှုများကို စက်ယန္တရားကြီးများဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က ဆောင်ရွက်နေစဉ်။** (အဆိုပါလမ်းသည် မြို့ရှောင်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီး ဆုံသောနေရာဖြစ်ပြီး ယာဉ်သွားလာမှုများသလို မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်လေ့ရှိသည့်အတွက် လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင် ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။) **ဆိုင်ဖြူ (မူဆယ်)**

## မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီးတွင် လမ်းလယ်မီးတိုင်များ စိုက်ထူသွားမည်

**မုံရွာ ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ မုံရွာမြို့ရှိ ဗိုလ်ချုပ်လမ်းမကြီး၏ ကန်သာယာကန်ထိပ်မှ နာရီစင်အထိ လမ်းတစ်လျှောက်တွင် လမ်းလယ်မီးတိုင်များ စိုက်ထူသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး၏ ပြောကြားချက်အရ သိရသည်။

လမ်းအသုံးပြုသူများ လုံလောက်သောအလင်းရောင် ရရှိရန်၊ ယာဉ်ကြောခွဲခြားသတ်မှတ်နိုင်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် လမ်းမီးတိုင်များ စိုက်ထူရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။



**လမ်းလယ်မီးတိုင်များစိုက်ထူမည့် နေရာကို တိုင်းတာပြီး လျာထားသတ်မှတ်ထားသည်ကို တွေ့ရစဉ်။**

"အခုလုပ်ငန်းကို လုပ်ဖို့အတွက် လွန်ခဲ့တဲ့ ငါးလလောက်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်၊ အခု လမ်းလယ်ဓာတ်တိုင်စိုက်ထူမယ့် လမ်းမကြီးက လုံလောက်တဲ့ လမ်းအကျယ်ရှိတဲ့အတွက် လုပ်ဆောင်ပေးတာပါ၊ ဒီလုပ်ငန်းကို ဌာနရန်ပုံငွေနဲ့ အလှူရှင်တွေ ပူးပေါင်းပြီး လုပ်ဆောင်ပေးမှာပါ၊ အခုဆို လမ်းဖြတ်၊ လမ်းကွေ့ လုပ်မယ့်နေရာတွေ၊ ဓာတ်တိုင်စိုက်မယ့် နေရာတွေကို တိုင်းတာမှုတွေ လုပ်ပြီးသွားပြီ၊ ဓာတ်တိုင်တွေနဲ့ ဆက်စပ်ပစ္စည်းတွေလည်း ရောက်နေပါပြီ"ဟု ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က ပြောသည်။

အဆိုပါ လမ်းမကြီးတစ်လျှောက်တွင် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ အလှူရှင်များ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ဓာတ်တိုင် ၇၁ တိုင် စိုက်ထူခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ လုပ်ဆောင်လျက်ရှိကာ မတ်လကုန်တွင် လုပ်ငန်းများအားလုံး ပြီးစီးအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မသန်စွမ်း ကျောင်းသားကျောင်းသူ ၁၀၀ ကျော် ဝင်ရောက်ဖြေဆိုမည်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

၂၀၁၉ ခုနှစ် မတ်လအတွင်း ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အမြင်အာရုံ၊ အကြားအာရုံနှင့် ခန္ဓာကိုယ် မသန်စွမ်းသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ ကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးမြင့်ကျော်က ပြောကြားသည်။

အဆိုပါ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်မှာ လက်ရှိစာရင်းများအရဖြစ်ပြီး တစ်နိုင်ငံလုံးရှိ မသန်စွမ်း ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုအချိန်အထိ ဖြေဆိုရန် လျှောက်ထားမှုများ ရှိနေသေးကြောင်းနှင့် ၎င်းမသန်စွမ်းသူအားလုံးအတွက် စာမေးပွဲဖြေဆိုရန် သီးခြားစာဖြေခန်းနှင့် အချိန်ပို မိနစ် ၃၀ ပေး၍ ဖြေဆိုခွင့်ပြုထားကြောင်း သိရသည်။

"အမြင်အာရုံ၊ အကြားအာရုံနဲ့ ခန္ဓာကိုယ် မသန်စွမ်းသူ အားလုံးအတွက် သီးခြားစာဖြေခန်းနဲ့ အချိန်ပို မိနစ် ၃၀ ပေးပြီး ဖြေဆိုခွင့်ပြုထားပါတယ်၊ အမြင်အာရုံနဲ့ ခန္ဓာကိုယ် မသန်စွမ်းတဲ့ ဖြေဆိုမယ့်သူတွေအတွက် တောင်းဆိုမှုတွေရှိလာရင် နဝမတန်းကလေးတွေက ကိုယ်စားရေးပေးပြီး ဖြေခွင့်ပြုထားပါတယ်၊ ဒါ့အပြင် အကြားအာရုံမသန်စွမ်းတဲ့ ကျောင်းသားကျောင်းသူတွေအနက် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်ထားတဲ့ သင်တန်းကျောင်းတွေကနေ ဝင်ရောက်ဖြေဆိုကြမယ့်သူတွေကို သက်ဆိုင်ရာသင်တန်းကျောင်း ဆရာတွေက ကြိုတင်လျှောက်ထားမှုရှိရင် သူတို့ရဲ့သင်္ကေတဖြစ်တဲ့ sign language နဲ့ အချိန်ပိုပေးထားတဲ့ မိနစ် ၃၀ ထဲကနေ မေးခွန်းကို ရှင်းပြခွင့်ပေးထားပါတယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

ထို့အပြင် ရန်ကုန်မှ အင်းစိန်အကျဉ်းထောင်နှင့် မန္တလေး အိုးဘိုအကျဉ်းထောင်များနည်းတူ တောင်ငူ၊ ဘားအံ၊ မြိတ်နှင့် သရက် အကျဉ်းထောင်များမှလည်း ဖြေဆိုရန်လျှောက်ထားမှုများ ရှိလာသဖြင့် ထိုနေရာများတွင်လည်း စာစစ်ဌာနများဖွင့်လှစ်ပေးရန် စီစဉ်ထားကြောင်း ၎င်းက ဆက်ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို တစ်နိုင်ငံလုံးမှ ဖြေဆိုရန်လျှောက်ထားလာသူပေါင်း ၈၉၀၀၀၀ ကျော်ရှိပြီး ၎င်းတို့အနက် ရန်ကုန်တိုင်းဒေသကြီးမှ ၁၂၉၀၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီးမှ ၁၂၃၀၀၀ ကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၁၉၀၀၀ ကျော်ဖြင့် အများဆုံး လျှောက်ထားကြကြောင်း သိရသည်။ စာစစ်ဌာနများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အနည်းဆုံး ၁၈၈၀ ခန့် ဖွင့်လှစ်ပေးရန် စီစဉ်ထားကြောင်းလည်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေစကြိုမြို့နယ်မှ ကျေးရွာခုနစ်ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရေစကြို ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းမှ ကျေးရွာခုနစ်ရွာ၌ နွေရာသီကာလ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဝီစိစက်ရေတွင်းငါးတွင်း တူးဖော်ခြင်း၊ မြေသားရေကန်တစ်ကန် တူးဖော်ခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာ ခုနစ်ရွာ၌ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၂ ဒသမ ၀၉၆ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆင်ကြို၊ ထန်းတို၊ ကြက်ဆူကျင်း၊ မြေနီကုန်းနှင့် သံပြာချောင်း ကျေးရွာများတွင် တွင်းနက်စက်ရေတွင်းငါးတွင်း တူးဖော်ခြင်းနှင့် ကံပေါက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကာ ဆက်စပ်လုပ်ငန်းများဖြစ်သော အမြင့် ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်သုံးခု တည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်နှစ်ကန် ဆောက်လုပ်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံခြောက်ခု ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ ရေစကြိုမြို့နယ်အတွင်းမှာတော့ သောက်သုံးရေအခက်အခဲ မရှိစေရေးအတွက် ရေရှားပါးနိုင်တဲ့ ကျေးရွာတွေကို ဦးစားပေး ဆောင်ရွက်ပေးနေပါတယ်၊ အကယ်၍ သောက်သုံးရေအခက်အခဲရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးကို ဆက်သွယ်အကြောင်းကြားနိုင်ဖို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးကနေတစ်ဆင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေကို ညွှန်ကြားထားပါတယ်၊ ဖုန်းနဲ့လည်း အချိန်မရွေး ဆက်သွယ်နိုင်ပါတယ်"ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်စိုးက ပြောသည်။

ကျန်ရှိနေသော ဖြိဘ(အရှေ့)ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းကိုမူ လာမည့် ဧပြီလကုန်ပိုင်းခန့်တွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကျေးရွာခုနစ်ရွာမှ ရေရရှိရေးလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၂၇၁ အိမ်မှ လူဦးရေ ၇၃၀၀ ကျော်အပြင် ကျွဲ၊ နွားနှင့် အခြားတိရစ္ဆာန်များအတွက်ပါ သောက်သုံးရေ လုံလောက်စွာရရှိနိုင်မည်ဟု သိရသည်။ **သန်းလွင်(မကွေး)**



**ကျေးရွာတစ်ရွာ၌ စက်ရေတွင်းတူးဖော်နေစဉ်။**

# ရန်ကုန်တက္ကသိုလ်က သမိုင်းဝင်တက္ကသိုလ်ဖြစ်တာနဲ့အညီ သမိုင်းအမွေအနှစ်များ ထိန်းသိမ်းထားရှိမှုနဲ့ တစ်ပြိုင်တည်းမှာပဲ နိုင်ငံတကာအဆင့်မီ သန့်ရှင်းသာယာလှပတဲ့၊ တက်ကြွတဲ့ တက္ကသိုလ်ပညာရပ်ဝန်းကျင်ကောင်းဖြစ်ပေါ်ရေးကိုလည်း ဟန်ချက်ညီညီ ထည့်သွင်းစဉ်းစားထားပါတယ်

**ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း**

## ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးဆိုင်ရာ ပညာရေးစကားဝိုင်း

**ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးဆိုင်ရာ ပညာရေးစကားဝိုင်း ဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ Software Committee ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မင်းတို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။**



**အစီအစဉ်မှူး။ ။ ပထမဆုံးအနေနဲ့ ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးလုပ်ငန်းပေါ်ပေါက်လာပုံနဲ့ ဒီလုပ်ငန်းတွေကို ဘယ်လိုမျိုးဆောင်ရွက်နေလဲဆိုတာကို ဆရာကြီး ဒေါက်တာမောင်မောင်ဝင့်က အရင်ဆုံး ပြောကြားစေလိုပါတယ်။**

**ဒေါက်တာမောင်မောင်ဝင့်။** ။ ရန်ကုန်တက္ကသိုလ်ကို၁၉၂၀ ပြည့်နှစ်လောက်မှာ တည်ထောင်ဖွင့်လှစ်ချိန်တုန်းက ဒီတက္ကသိုလ်ဟာ အရှေ့တောင်အာရှမှာ ပညာအရည်အသွေးအနေနဲ့ရော အဆင့်အနေနဲ့ပါ အသိအမှတ်ပြုခံရတဲ့ အထင်ကရ တက္ကသိုလ်တစ်ခု ဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာလည်း နိုင်ငံတော်ရဲ့ ပညာရေးလိုအပ်ချက်၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားလိုအပ်ချက်နဲ့အညီ ဒီတက္ကသိုလ်ကို ထိုက်ထိုက်တန်တန် အဆင့်မြှင့်တင်ပေးဖို့နဲ့ အဆင့်မြှင့်တင်ပေးတဲ့နေရာမှာလည်း ဒီတက္ကသိုလ်ကို နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်တစ်ခု ဖြစ်ရုံတင်မကဘဲ ဒေသတွင်းနိုင်ငံများ၊ ပြည်ပနိုင်ငံများနဲ့ ချိတ်ဆက် ပြီး အကျိုးတူလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ထိထိရောက်ရောက် ကောင်းကောင်း မွန်မွန်ဖြစ်ဖို့ အတွက်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ကျင်းပစဉ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ယခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးလုပ်ငန်းကို ပြည်သူ့လွှတ်တော်မှာ အဆိုတင်သွင်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ဒီအဆိုကို မဲခွဲဆုံးဖြတ်ပြီး အတည်ပြုပေးလိုက်တာဖြစ်ပါတယ်။

### Master Plan တစ်ခုရေးဆွဲနိုင်

ဒီတက္ကသိုလ်ဟာ ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းစတဲ့ လုပ်ငန်းတွေဟာ နိုင်ငံတော်အဆင့် လုပ်ငန်းဖြစ်တဲ့အတွက် ထိုက်ထိုက်တန်တန် ကောင်းကောင်းမွန်မွန်နဲ့ ခိုင်ခိုင်မာမာဖြစ်စေဖို့အတွက် Master Plan တစ်ခုရေးဆွဲနိုင်ခဲ့ကြပါတယ်။ အဲဒီလို ရေးဆွဲရာမှာ အဖွဲ့တွေ၊ ကော်မတီတွေ အသီးသီးဖွဲ့ပြီး ဆောင်ရွက်ကြပါတယ်။ နောက် Master Plan ကို ၂၀၁၇ ခုနှစ်လောက်က စတင်ရေးဆွဲနိုင်ခဲ့ကြပါတယ်။ အဲဒီလို ရေးဆွဲရာမှာအဖွဲ့တွေ၊ ကော်မတီတွေ အသီးသီးဖွဲ့ပြီး ဆောင်ရွက်ကြပါတယ်။ ဒီဦးစီးကော်မတီလို့ခေါ်တဲ့ Steering Committee ဆိုရင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ပြည်ပ ပညာရှင်ဆိုရင် Central European University လို့ခေါ်တဲ့ တက္ကသိုလ်က ဟန်ဂေရီမှာပါ၊ အဲဒီက Professor Matei နဲ့ Sasha တို့ ပညာရှင်အဖွဲ့၊ IPEလို့ ခေါ်တဲ့ Irrawaddy Policy Exchange အဖွဲ့ Kilburn Nightingale Construction (UK – based) လို့ခေါ်တဲ့ အဖွဲ့တွေပါဝင်ကြပါတယ်။

ပြည်တွင်းမှာတော့ ပြည်တွင်းဆိုင်ရာ ပညာရှင်တွေပေါ့။ အချိန်ပေးနိုင်တဲ့ ပညာရှင်လည်းဖြစ်ရမယ်။ စိတ်အင်အားလည်းအများကြီး ထည့်ပေးနိုင်ပြီးတော့ လုပ်ငန်းနဲ့လည်း ဆီလျော်အပ်စပ်မှု၊ ပညာရေးကျောထောက်နောက်ခံရှိတဲ့ ပုဂ္ဂိုလ်များ၊ လွှတ်တော်ပညာရေးဆိုင်ရာကော်မတီများနဲ့ဆိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပုဂ္ဂိုလ်များ စသည်ဖြင့် ကော်မတီများဖွဲ့ခဲ့ပါတယ်။ ဖွဲ့တဲ့အခါမှာလည်း ရှင်းပြခဲ့သလို ပညာအရည်အသွေးမြှင့်တင်ဖို့လုပ်ငန်းတွေ တာဝန်ထမ်းဆောင်ရမယ့်ကော်မတီ၊ လိုအပ်တဲ့ ရုပ်ပိုင်းဆိုင်ရာကိစ္စများကို ဖြည့်ဆည်း လုပ်ဆောင်ပေးဖို့ Hardware Committee၊ Master Plan ရေးဆွဲဖို့ Master Plan Drafting Committee ၊ ရန်ကုန်တက္ကသိုလ်ရဲ့ University Charter တက္ကသိုလ် ပဋိညာဉ်ရေးဆွဲမှုကော်မတီစသည်ဖြင့် ကော်မတီတွေစုံစုံညီညီ ဖွဲ့စည်းပြီး အစဉ်တစိုက် လုပ်ကိုင်ဆောင်ရွက်ထားတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။ ။ ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး Master Plan ရဲ့ အဓိက ကဏ္ဍတွေနဲ့ ပတ်သက်ပြီးတော့လည်း ဆက်လက် ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာမောင်မောင်ဝင့်။** ။ Master Plan မှာတော့ ပြောစရာ တော်တော်များများရှိပါတယ်။ အရေးကြီးတဲ့ အဓိကအချက်တွေကိုပဲ မီးမောင်းထိုးပြမှာဖြစ်ပါတယ်။ ပထမ အဓိကကျတဲ့ အချက်တစ်ခုကတော့ အဆင့်မြှင့်တင်ပြီးတဲ့ ရန်ကုန်တက္ကသိုလ်ဟာ အခုလက်ရှိရန်ကုန်တက္ကသိုလ်နဲ့ ကွာခြားမှုအများကြီး ရှိမှာဖြစ်တဲ့အတွက်ကြောင့် အဲဒီတက္ကသိုလ်ရဲ့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ဒါတွေနဲ့ဆိုင်တဲ့ setup လို့ခေါ်တဲ့ ဖွဲ့စည်းပုံ၊ မူဝါဒပေါ်လစီများ၊ လုပ်ငန်းများ စတာတွေကို ဆီလျော်အပ်စပ်မှုညီညွတ်အောင် ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ဆောင်ပေးရမှာပါ၊ အဲဒီကဏ္ဍကလည်း အင်မတန်အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်ကြောင်းနဲ့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်နေပြီဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။

ဒုတိယအချက်ကတော့ အမျိုးသားပညာရေးဥပဒေ ၂၀၁၅ ရဲ့ ပြဋ္ဌာန်းချက်အရ ရန်ကုန်တက္ကသိုလ်ဟာ Autonomous University ဖြစ်မှာပါ။ အဲဒါကြောင့်မို့ Autonomous University တစ်ခုဖြစ်ဖို့အတွက် လိုအပ်တဲ့လိုအပ်ချက်များကို ကျွန်တော်တို့တစ်တွေက ဖြည့်ဆည်းပေးရမှာဖြစ်တဲ့အတွက် ဒီကိစ္စကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။ ဒါလည်း အင်မတန်မှ အရေးကြီးပါတယ်။

နောက်တစ်ချက်ကတော့ ပညာရေးဆိုင်ရာ ပြောင်းလဲမှုများ Educational Changes တွေ၊ အဲဒီမှာဆိုရင် Faculty System ထူထောင်ဖို့ မဟာဌာနတွေ ထူထောင်ဖို့၊ ဒါကလည်း ကျွန်တော်တို့ စနစ်တကျတိုင်ပင်ပြီး လိုအပ်သလို ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခုက ရှိရင်းစွဲဌာနများ၊ ရုံးများနဲ့ အသစ်ဖွင့်လှစ်မယ့် Centre တွေ အဲဒါတွေကို အသစ်ဖွင့်လှစ်ဖို့ ရှိရင်းစွဲဌာနတွေကို တိုးချဲ့ဖို့၊ ပြုပြင်မွမ်းမံဖို့၊ ပြောင်းလဲဖို့ စတဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်။ အရေးကြီးတဲ့ ကဏ္ဍတစ်ခုကတော့ လက်ရှိ ရှိနေတဲ့ Curriculum လို့ခေါ်တဲ့ သင်ရိုးညွှန်းတမ်းများကို ပြန်လည်ဆန်းစစ်ဖို့ လိုပါတယ်။ ပြန်လည်ဆန်းစစ်ပြီး မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း လိုအပ်ချက်နှင့်အညီ အသစ်ပြန်လည် ရေးဆွဲခြင်း ဆိုတဲ့ လုပ်ငန်းများလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ Curriculum Review, Revision, Revise and Drafting new curriculum ပါ။

### ပြုပြင်ပြောင်းလဲပေးရမှာဖြစ်

နောက်တစ်ချက်ကတော့ Curriculum Development အပြင် ပညာအရည်အသွေး မြင့်မားလာဖို့၊ နိုင်ငံရဲ့ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးမှု အထောက်အကူပြုဖို့ ပြည်ပတက္ကသိုလ်များနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ဒီထက်ပိုပြီး ထိထိရောက်ရောက်အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့နဲ့ Student Mobility လို့ခေါ်တဲ့ ကျောင်းသားများရွှေ့ပြောင်း ပညာသင်ယူရေးကိစ္စတွေ လွယ်ကူဖို့၊ ချောမောဖို့၊ အောင်မြင်ထိရောက်ဖို့ ရည်ရွယ်ပြီး ဒီ Curriculum တွေနဲ့ မူဝါဒတွေကိုချမှတ် ပြုပြင်ပြောင်းလဲပေးရမှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ IQA လို့ခေါ်တဲ့ Internal Quality Assurance အတွင်းပညာအရည်အသွေးအာမခံမှုအစီအစဉ်တစ်ခု Internal Quality Assurance System ဒါလည်း တက္ကသိုလ်တိုင်း တက္ကသိုလ်တိုင်းမှာ ထူထောင်ရမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ IQA ထူထောင်ဖို့ အထူးလိုအပ်တဲ့အတွက် စီမံကိန်းချပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ချက်ကတော့ အကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်ဖို့၊ အခုလည်း သုတေသနလုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် အကျိုးပြုသုတေသနလုပ်ငန်းဆိုတာ Applied Research ပါ။ အဲဒီ Applied Research Activities တွေကို တိုးမြှင့်ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်၊ အစီအစဉ်နဲ့အတူ အကောင်အထည်ဖော်ဖို့ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုကတော့ ရန်ကုန်တက္ကသိုလ်နဲ့ အခြားတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ် Collaborating University များ ထူထောင်ဖို့၊ အဲဒီမှာဆိုရင် ဥပမာ- ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နဲ့ နည်းပညာတက္ကသိုလ် စုစုပေါင်းတက္ကသိုလ်ငါးခု ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ဆိုလိုရင်း အဓိပ္ပာယ်ကတော့ Pooling of Resources, အဲဒါက Sharing of Resources Academic Activities, Research Activities တွေနဲ့ Training Activities တွေမှာ ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဖြစ်နိုင်လိမ့်မယ်လို့ ရည်ရွယ်ပြီးတော့ ဒီလို ဖွဲ့စည်းထားရခြင်း ဖြစ်ပါတယ်။

### Library ကို အဆင့်မြှင့်တင်ပေးဖို့ရည်ရွယ်

နောက်တစ်ခုကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ Library ကို အဆင့်မြှင့်တင်ပေးဖို့ ဒီခေတ်ဒီအခါ လိုအပ်ချက်နဲ့အညီ e-Library ဖြစ်အောင် ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ e-Library ဆိုတာကလည်း သူ့အဆင့်နဲ့သူ ရှိတာဖြစ်တဲ့အတွက်ကြောင့် လုပ်လို့ရသမျှ အဆင့်ထိ ရောက်အောင် မြှင့်တင်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စမှာလည်း Open Society Foundation, CEU(Central European University), Kyoto University တို့ရဲ့ အကူအညီတွေနဲ့ အများကြီးပါဝင်ပါတယ်။

နောက်တစ်ခုကတော့ အင်္ဂလိပ်စာကျွမ်းကျင်မှု အဆင့်မြှင့်တင်ရေးလုပ်ငန်း ဒါကလည်း အင်မတန်အရေးကြီးပါတယ်။ ခုနကပြောကြားခဲ့တဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ရာမှာ အထူးသဖြင့် နိုင်ငံတကာနဲ့ ထိထိရောက်ရောက် ကူးလူးဆက်ဆံမှုတွေ ပြုလုပ်တဲ့နေရာ၊ သင်ကြားမှုနာယူမှုတွေပြုလုပ်တဲ့နေရာ၊ လေ့ကျင့်မှုတွေ လုပ်တဲ့နေရာမှာ အင်္ဂလိပ်စာကျွမ်းကျင်မှုဟာ အင်မတန်မှ လိုအပ်ပါတယ်။ ဒီအချက်ကိုလည်း ထည့်သွင်းစဉ်းစားပြီး လုပ်ဆောင်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

**အစီအစဉ်မှူး။ ။ ဆက်လက်ပြီးအခြေခံအဆောက်အအုံနဲ့ ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရေး Hardware ကဏ္ဍနဲ့ ပတ်သက်လို့ ဆရာကြီး ဒေါက်တာ ဖိုးကောင်းက ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဒေါက်တာဖိုးကောင်း။ ။ Master Plan အရ ဆိုရင် ပညာရေး Software အဆင့်မြှင့်တင်ရေးနဲ့ အခြေခံအဆောက်အအုံနဲ့ ပစ္စည်းကိရိယာများ Hardware အဆင့်မြှင့်တင်ရေးဆိုပြီး အဓိကကဏ္ဍကြီးနှစ်ရပ် ပါဝင်ပါတယ်။ ဒီကဏ္ဍကြီးနှစ်ရပ်ကိုလည်း ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အရေးကြီးတာက ပညာရေးဆိုင်ရာမြှင့်တင်မှုတွေမှာ Hardware လိုအပ်ချက်တွေကို အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်မယ့် အခြေခံအဆောက်အအုံနဲ့ ပစ္စည်းကိရိယာများ Hardware လုပ်ငန်းစဉ်ဖြစ်ရပါမယ်။ နောက်တစ်ခါ ရန်ကုန်တက္ကသိုလ်က သမိုင်းဝင်တက္ကသိုလ်ဖြစ်တာနဲ့အညီ သမိုင်းအမွေအနှစ်များ ထိန်းသိမ်းထားရှိမှုနဲ့ တစ်ပြိုင်တည်းမှာပဲ နိုင်ငံတကာအဆင့်မီ သန့်ရှင်းသာယာလှပတဲ့၊ တက်ကြွတဲ့ တက္ကသိုလ်ပညာရပ်ဝန်းကျင်ကောင်းဖြစ်ပေါ်ရေးကိုလည်း ဟန်ချက်ညီညီ ထည့်သွင်းစဉ်းစားထားပါတယ်။

**အစီအစဉ်မှူး။ ။ ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးဆိုင်ရာ အရေးကြီးကဏ္ဍတွေနဲ့ပတ်သက်၍ ဆရာကြီးကပဲ ဆက်လက်ပြောကြားပေးပါဦး။**

**ဒေါက်တာဖိုးကောင်း။** ။ သင်ကြားသင်ယူမှု အဆင့်မြှင့်တင်ရေး၊ သုတေသန အလေ့အထများ အားကောင်းရေး၊ တက္ကသိုလ်ရဲ့ ဆောင်ရွက်စီမံခန့်ထားမှု အရည်အသွေးကောင်းမွန်ရေး၊ အမျိုးသားပညာရေး ဥပဒေမှာဆိုထားတဲ့ ကိုယ်တိုင်စီမံခန့်ခွဲနိုင်မယ့် Autonomous University ဖြစ်ရေးအတွက် လက်ရှိဖွဲ့စည်းမှုအနေအထားနဲ့ မူဝါဒတွေ ပြန်လည်သုံးသပ်ပြီး အားသာချက်ကိုယူပြီးတော့ တက္ကသိုလ်ပညာရေး၊ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ဖွဲ့စည်းပုံတွေကိုလည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပါမယ်။ ***(ဆက်လက်ဖော်ပြပါမည်)***

**သတင်းအဖွဲ့**

**“သင်ကြားသင်ယူမှုအဆင့်မြှင့်တင်ရေး၊ သုတေသနအလေ့အထများ အားကောင်းရေး၊ တက္ကသိုလ်ရဲ့ ဆောင်ရွက်စီမံခန့်ထားမှု အရည်အသွေးကောင်းမွန်ရေး၊ အမျိုးသားပညာရေး ဥပဒေမှာဆိုထားတဲ့ ကိုယ်တိုင်စီမံခန့်ခွဲနိုင်မယ့် Autonomous University ဖြစ်ရေးအတွက် လက်ရှိဖွဲ့စည်းမှုအနေအထားနဲ့ မူဝါဒတွေ ပြန်လည်သုံးသပ်ပြီး အားသာချက်ကိုယူပြီးတော့ တက္ကသိုလ်ပညာရေး၊ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ဖွဲ့စည်းပုံတွေကိုလည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပါမယ်”**

# ကျေးဇူးတင် ဂုဏ်ပြုလွှာ

ဟောင်ကောင်မှ Shaw Brothers Pictures International Co. Ltd သည် Line Walker – 2 (Operation Midnight Shadow) ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ လာရောက်ရိုက်ကူးခဲ့ပါသည်။

ထိုသို့ရိုက်ကူးနိုင်ရေးအတွက် ခွင့်ပြုပေးခဲ့သော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ဗဟန်းမြို့နယ်၊ သာကေတမြို့နယ်တို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ၊ ပါဝင်ကူညီပေးကြသော ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်များ၊ ယာဉ်လမ်းကြောင်း ပြောင်းလဲဆောင်ရွက်မှုများအပေါ် သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများ၊ YBS ယာဉ်လိုင်းအသီးသီးမှ ယာဉ်မောင်းများနှင့် တာဝန်ရှိသူများ၊ ရိုက်ကွင်းသို့ လာရောက်အားပေးကြည့်ရှုသူ ပြည်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ပူးပေါင်းပါဝင် အားပေးကူညီဆောင်ရွက်မှုများအတွက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ဝမ်းမြောက်စွာ အသိပေးဖော်ပြအပ်ပါသည်။

SHAW BROTHERS PICTURES INTERNATIONAL LIMITED

J.Q. PICTURES HOLDINGS LIMITED

YANGON SYNTHESIS PRODUCTIONS CO.,LTD

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃

ဦးအောင်ကွန့် **နှင့်** ၁။ ဒေါ်နန်းရွှေစင်နု
၂။ ဦးအောင်မြင့်မြတ်
၃။ ဒေါ်ငြေးငြေး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်၊ သရက်ကုန်းကွက်သစ်၊ ၂၄×၂၅ လမ်းကြား၊ ၅၆ လမ်းနေ (၂)လျှောက်ထားခံရသူ ဦးအောင်မြင့်မြတ်နှင့် (၃)လျှောက်ထားခံရသူ ဒေါ်ငြေးငြေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးအောင်ကွန့်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ (၁)အရ ပညတ်မိန့်ဝရမ်းချွာပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၉ ခုနှစ် မတ် ၁၄ ရက် (၁၃၈၀ပြည့်နှစ် တပေါင်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်လှမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးကျော်အောင် အမည်ပေါက် ဦးပိုင်အမှတ် (၂၃၆)၊ မြေကွက်အမှတ် (၁၅၃)၊ ဧရိယာ ၀ဒသမ၀၅၅အား ဦးစိန်လွင်(ဘ)ဦးအုန်းလှိုင် ၉/ကပတ(နိုင်)၁၅၄၀၅၈မှ ပျဉ်းမနားမြို့မြေနေရာချထားရေးကော်မတီ၏ မြေကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဗန္ဓုလ)၊ ဦးပိုင်အမှတ် (၂၉/၃၀)၊ ဧရိယာ ၀ဒသမ၂၂၃ဧကရှိ ဦးကြည်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်သိန်းအုံ (ဘ) ဦးပွင့် ၉/တကန(နိုင်)၀၁၈၇၃၆ မှ ဦးကြည်မောင်အမည်ပေါက် မြေငှားစာချုပ်၊ ဦးကြည်မောင် သေစာရင်း၊ တပ်ကုန်းမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ် (၅၆၅/၂၀၁၈)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး မှတ်ပုံတင်အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉/အဘိရာဇာရပ်)၊ ဦးပိုင်အမှတ်(၁၀၄)၊ ဧရိယာ ၀ ဒသမ ၄၀၃ ဧကအား ဦးခင်မောင်ထွန်း(ဘ)ဦးဥ ၉/တကန(နိုင်)၀၁၁၅၅၄ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၄၇၂/၂၀၁၈)၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၈၂ဧက၊ မြေကွက်အမှတ်(ဥ-၄၂၈) ဒေါ်တင်ကြည် ၉/ဥတသ(နိုင်)၀၀၂၁၀၀ (ဘ)ဦးဖိုးသီ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးသက်နောင်ထွန်း ၁၁/သကန(နိုင်)၀၆၅၀၀၄ (ဘ)ဦးထွန်းကြည်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက်၊ စည်ပင်သာယာရပ်၊ ဝိုင်းအကွက်အမှတ် (၁၈)၊ ဒေါ်ဝါပွင့် ၉/ညဥန(နိုင်)၀၁၁၇၅၈ အမည်ပေါက် ဝိုင်းမြေကွက်အတွက် (ဘ) ဦးကံသောင်း၏သား ကျွန်တော် ဦးမြင့်ကျော်ဦး ၉/ညဥန(နိုင်)၀၀၉၇၄၀ မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးမြင့်ကျော်ဦးသို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## တရားမပထမအယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့ ကြားသိစေသည့် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုခဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
### ကရင်ပြည်နယ်တရားလွှတ်တော်
### ၂၀၁၈ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၄

ဦးမောင်မောင် **နှင့်**
၁။ ဦးဘဲလှူး (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်စိုး)
၂။ ဦးမောင်အေး (ခ)ဦးရာကန်ပလွန် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်လွင်)
၃။ ဒေါ်ဆာလဆူ
၄။ ဒေါ်စရိုးဂျာ
၅။ ဒေါ်ဆာရာသာ
၆။ ဒေါ်မလီကာ
၇။ ဒေါ်အမူသာ
၈။ ဒေါ်ဝီဂျေရာ
၉။ ဦးအောင်သိန်း
၁၀။ ဦးအောင်သိုက်
၁၁။ ဦးကိုမြင့်
၁၂။ ဦးကော်ဝါးလူး
၁၃။ ဒေါ်မူနီးရာမား
၁၄။ ဒေါ်ဆယ်လမား
၁၅။ ဒေါ်မာရီရားမား
၁၆။ ဒေါ်မွတ်တလားရီ

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

အမှတ် (၂)အထက ကျောင်းလမ်း၊ ဒညင်းပဲခူးစုမှတ်တိုင်အနီး၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ အယူခံတရားပြိုင်အမှတ် (၆) ဒေါ်မလီကာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၇ရက်စွဲပါ ဘားအံခရိုင်တရားရုံးတော်၏ တရားမကြီးမှုအမှတ် ၃၄/၂၀၁၈ တွင် ချမှတ်ထားသောစီရင်ချက်နှင့် ဒီကရီကိုအယူခံတရားလိုက မကျေနပ်သဖြင့် တရားမပထမအယူခံမှုလျှောက်လွှာတစ်စောင်ကိုတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုတရားမပထမအယူခံမှုလျှောက်လွှာကို ၂၀၁၉ ခုနှစ် မတ် ၂၁ရက် (၁၃၈၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ (သို့မဟုတ်)သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်တွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ဇော်ဝင်းထွန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်တရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် C /၁၃၊ မြေကွက်အမှတ် ၁၃၈ မြေကွက်တည်နေရာအမှတ် ၁၃၈၊ နေကြာလမ်းသွယ် (၂)လမ်း၊ ၄ရပ်ကွက်၊ ရွှေပြည်သာ ဦးစိုး ၉/မရတ(နိုင်)၀၀၆၂၈၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုး ၉/မရတ(နိုင်)၀၀၆၂၈၇ ကွယ်လွန်သဖြင့် အမည်ပေါက်၏ဇနီးဖြစ်သူ ဒေါ်မေပြုံးသော် ၉/မရတ(နိုင်)၀၀၆၂၈၈ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၂၃ (၁၈-၈-၂၀၁၅)ဖြင့် GPရရှိသူ ဦးမင်းသီဟ(ခ)ဦးမင်းသီဟကျော် ၁၂/သဃက(နိုင်)၀၀၅၁၈၂မှ ၃၀-၁၂-၂၀၁၂ တွင် သေဆုံးသောအမည်ပေါက် ဦးစိုး၏သေစာရင်း၊ ဒေါ်မေပြုံးသော် ကိုယ်တိုင်မှ ကျိန်ဆိုထားသည့် ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း(လင်းစဒေါင်းလမ်းကျယ်)၊ အမှတ် (၃၁)၊ (၆)ခန်းတွဲ (၈)ထပ်တိုက်တာ အဆောက်အအုံကို မျက်နှာမူပြီးရပ်လျှင် ဝဲဘက်မှရေတွက်ပါက သုံးခန်းမြောက်ဖြစ်သော မြေညီထပ်(ဝဲခန်း)၊ အကျယ်အဝန်း (၁၂ $\frac{1}{2}$ ပေ×ပေ၆၀)၊ အမြင့် ၁၄ပေရှိသော မြေညီထပ်တိုက်ခန်းနှင့် ထိုတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေစက်အပါအဝင်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးရှိသော တိုက်ခန်းကို ဦးကျော်ဝင်း ၁၂/ဗတထ(နိုင်)၀၁၇၂၀၅ နှင့် ဒေါ်ဝင်းဥမ္မာနွယ် ၁၂/ဗတထ(နိုင်)၀၃၃၉၁၈တို့မှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကာ ၄င်းတို့ထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းကိုအပြီးအပိုင် ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ကြည် (စဥ်-၁၂၁၃၁) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၀၀၁၈၇၃၄၊ အမှတ် ၂၆၃၊ သုံးလွှာ၊ ဗားဂရာလမ်း၊**
**မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက် အမှတ်-၁၆၂၊ ဧရိယာ ၀ဒသမ၀၂၈ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာအမှတ်-၄၊ ခိုင်ရွှေဝါလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိ မိမိတို့သာလျှင် တရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြောဆိုသူများဖြစ်သည့် ဦးလှမိုး ၁၂/ကမရ(နိုင်)၀၃၁၂၁၆၊ ဒေါ်မေစိန် ၁၂/ကမရ(နိုင်)၀၂၉၅၅၄၊ ဦးမြသောင်း ၁၂/ဥကတ(နိုင်)၁၂၁၂၄၀ တို့မှ ကျွန်ုပ်မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကို ပေးချေပြီး အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း (စဥ်-၉၆၈၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၉၃၁၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ်(၅) ရပ်ကွက်၊ စည်ပင်သာယာရပ်၊ ဝိုင်းအကွက်အမှတ်(၈)၊ ဦးမြင့်အောင် ၉/ညဥန(နိုင်)၀၁၀၇၀၈ အမည်ပေါက် ဝိုင်းမြေကွက်အတွက် (ဘ) ဦးကံသောင်း၏သား ကျွန်တော် ဦးမြင့်ကျော်ဦး ၉/ညဥန(နိုင်)၀၀၉၇၄၀ မှ ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့်ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးမြင့်ကျော်ဦးသို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၄)ရပ်၊ ဝိုင်းအကွက်အမှတ်(၄၅၃)၊ ဒေါ်ခင်မိမိ ၉/ညဥန(နိုင်)၀၀၈၂၁၉ အမည်ပေါက် ဝိုင်းမြေကွက်အတွက် (ဘ)ဦးဝင်းမောင်၏သား ကျွန်တော် ဦးရဲဝင်းထွန်း ၉/ညဥန(နိုင်)၁၃၂၀၆၇မှ ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်အမည်ပြောင်း ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးရဲဝင်းထွန်းသို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၅)ရပ်၊ ဝိုင်းအကွက်အမှတ်(၅၃၀)၊ ဦးထူး သက်ထွေး ၇/တငန(နိုင်)၀၆၉၁၇၀+ဦးဇာနည်ကို ၁၂/လမန(နိုင်)၁၁၂၀၂၁ အမည်ပေါက် ဝိုင်းမြေကွက်အတွက် (ဘ)ဦးအေးကို၏သား ကျွန်တော်ဦးဇာနည်ကို ၁၂/လမန(နိုင်)၁၁၂၀၂၁ မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါရွှေစည်းခုံစေတီတော်ပိုင်ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက် အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူဦးဇာနည်ကိုသို့ ရွှေစည်းခုံစေတီတော် ပုံတော်ပါဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော် ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁-ခ)၊ ဦးပိုင်အမှတ် (၁၁၈)၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိပြီး ဒုအရာခံဗိုလ်သန်းဝင်း အမည်ဖြင့် ၂၅-၅-၂၀၁၉ရက်ထိ (၁၅)နှစ်သက်တမ်းရှိ နေအိမ်မြေဂရန်ကို မူလမြေဂရန်အမည်ပေါက်သူထံမှ ၂၈-၆-၂၀၀၅ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်များဖြင့် ဦးလှမိုးက ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဦးလှမိုး ၁/မကန(နိုင်)၀၁၀၄၉၈ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် ၁၅-၁၀-၂၀၁၈ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၅၈၄/၂၀၁၈)ကို ၁၆-၁၀-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၃၄၄/၂၀၁၈) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးညိုမောင် ၉/ပမန(နိုင်)၂၂၇၂၁၉ (ဘ) ဦးမဲလုံး အမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၄၅၁၀)ကို ဦးညီညီကြိုင် ၁၂/ဗဟန(နိုင်)၀၂၄၉၄၀(ဘ)ဦးမောင်ကြိုင်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ ဦးပိုင်အမှတ် (၃၁၇)မြေကွက်အမှတ် (၂၁၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးခင်မောင်သိန်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးနောင်နောင်နေလတ် (ဘ) ဦးထွန်းသိန်း ၉/မနမ(နိုင်)၁၀၄၅၂၇ မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ မြေကွက်ချထားပေးကြောင်း အမိန့်၊အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3227 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/3740 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ် ၂၃၇၊ မြေကွက်အမှတ် (၁၅၄)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်အေး အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိန်လွင်(ဘ)ဦးအုန်းလှိုင် ၉/ကပတ(နိုင်)၁၅၄၀၅၈ မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင် သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၃၊ ဦးပိုင်အမှတ် ၁၅၂၂၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်ကြည် အမည်ပေါက် မြေကွက်အား ဒေါ်စိုးစိုးအောင်(ဘ)ဦးတင်ထွန်းအောင် ၉/မထလ(နိုင်)၀၀၉၁၈၅ မှ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (B-3) အခန်းအမှတ် (၃၁၆)၊ Type (A) အမျိုးအစား၊ ကြမ်းခင်းဧရိယာ (၁၂၆၁) အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သည်ဟု ဝန်ခံပြောဆိုကြသူ ဒေါ်သွဲ့သွဲ့မင်း ၁၄/ဒဒရ(နိုင်)၀၀၂၉၉၉ +၁ ထံမှ ဝယ်ယူခဲ့ပြီး ကျွန်တော် ဦးခင်ဇော် ၇/သနပ(နိုင်)၀၇၀၈၀၁ မှ တိုက်ခန်းအမည်ပြောင်းလဲမှာဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဇော်**
**၇/သနပ(နိုင်)၀၇၀၈၀၁**
**ဖုန်း-၀၉-၄၉၃၃၂၆၇၅**

## ဒေါက်တာကက်သရင်းဗသိုက်
**Retired Scientist(WHO,Geneva)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဋ္ဌူလမ်း၊ အမှတ်(၁၉)၊ ပါရမီရိပ်သာနေ (ဦးဗသိုက်)-ဒေါ်ရင်မေတို့၏သမီး၊ ပါမောက္ခဒေါက်တာဦးရဲမြ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း-ဗဟို)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မြကေသီ-ဦးရာဇာထွန်း၊ ဦးမင်းဇော်မြ၊ ဦးထွန်းဇော်မြ-ဒေါ်မေသက်ဟန်တို့၏ မိခင်၊ မောင်သတ္တိမြထွန်း၊ မောင်နေရောင်မြထွန်း၊ မောင်ဖုန်းနန္ဒမြတို့၏အဘွား၊ ဒေါက်တာဒေါ်ဝင်းမေ၏ ညီမ၊ ဒေါက်တာကျော်ဇော၊ ဒေါက်တာကျော်ညိမ်းတို့၏အစ်မသည် ၂၇-၂-၂၀၁၉ရက် နံနက် ၉း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်ကက်သရင်းဗသိုက်
**Retired Scientist (WHO Headquarters, Geneva)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဋ္ဌူလမ်း၊ ပါရမီရိပ်သာ၊ အမှတ်(၁၉)နေ ပါမောက္ခဒေါက်တာဦးရဲမြ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို))၏ဇနီး ဒေါက်တာဒေါ်ကက်သရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်ဇနီး**
**ဒေါက်တာဒေါ်နန်းခမ်းမိုင်မိသားစု**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်ကက်သရင်းဗသိုက်
**Retired Scientist (WHO Headquarters, Geneva)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဋ္ဌူလမ်း၊ ပါရမီရိပ်သာ၊ အမှတ်(၁၉)နေ ပါမောက္ခဒေါက်တာဦးရဲမြ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို))၏ဇနီး ဒေါက်တာဒေါ်ကက်သရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊**
**ဒုတိယဝန်ကြီး**
**အမြဲတမ်းအတွင်းဝန်များနှင့်အရာထမ်း၊ အမှုထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသိမ်းကျော်
**ပါမောက္ခချုပ်(ငြိမ်း)၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၅လမ်း၊ အမှတ် ၄၈နေ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ သိမ်းကျော်သည် ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊**
**ဒုတိယဝန်ကြီး**
**အမြဲတမ်းအတွင်းဝန်များနှင့်အရာထမ်း၊ အမှုထမ်းများ**

---

## ဦးအောင်ဆွေ အသက်(၇၉)နှစ်
**Master of Engineering (Civil)(Tokyo University)**
**(Design Engineer)(ဆည်မြောင်းဦးစီးဌာန၊ ငြိမ်း)**
**Consultant Engineer (Fukken Co.,Ltd,Japan)(ငြိမ်း)**
**Technicial Advisor(YCDC-Road & Bridge)(ငြိမ်း)**
**(ဝဲလောင်)**

တောင်သာမြို့နယ်၊ ဝဲလောင်ရွာနေ (ဦးစံပ-ဒေါ်ချော)တို့၏သား၊ ဂျပန်နိုင်ငံ၊ ဟီရိုရှီးမားမြို့နေ Matsushita Hiroko၏ခင်ပွန်း၊ Matsushita Maki(ခ) စန္ဒာအောင်၊ Matsushita Haruhiko(ခ)အောင်နေလင်း၊ မခင်ဝင်းယုတို့၏ဖခင်သည် ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၂-၃-၂၀၁၉ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)လမ်း၊ သီရိမွန်အိမ်ရာ၊ အမှတ် ၂၉နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒေါက်တာသိမ်းကျော် အသက်(၅၈)နှစ်
**ပါမောက္ခချုပ်(ငြိမ်း)၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)**
**(IM-1 of 1986)**

ကိုကောင်းကျော်၊ မသူသူသိမ်းကျော် (Director, Stella Collections) တို့၏ဖခင် ဒေါ်မျိုးမျိုးယု၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာသိမ်းကျော်သည် ၂၆-၂-၂၀၁၉ရက် ည ၇နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**ဥက္ကဋ္ဌ၊ MD နှင့် ဝန်ထမ်းများ**
**Bella Interiors Co,Ltd. Stella Collections**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစိုးလင်းသန်း(ငြိမ်း) အသက်(၄၉)နှစ်
**စတသ(၃၃)**
## ဒေါ်ချောစုစုလင်း အသက်(၄၅)နှစ်

ညီနောင် ဗိုလ်မှူးစိုးလင်းသန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ချောစုစုလင်းတို့သည် ၂၁-၂-၂၀၁၉ ရက်တွင် မမျှော်လင့်ဘဲ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အောင်ဆန်းတပ်ခွဲညီနောင်များ**

---

# အနိစ္စ

## ဒေါ်ငန်ကြည်
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် ၅၄နေ (ဦးဝိုင်-ဒေါ်ယူ)တို့၏သမီး၊ (ဦးသန်းချစ်-ဒေါ်ရွှေကြည်)၊ ဦးတင်ဝင်း-ဒေါ်ရင်ငုတ်၊ (ဦးလုဝင်း)-ဒေါ်ကြိုတီ၊ ဦးလှမြင့်-(ဒေါ်လှသန်း)၊ (ဦးကြူးခင်)-ဒေါ်ငွေ၊ ဦးမြင့်လွင်-ဒေါ်လှကြည်တို့၏ညီမ၊ ဦးဝင်းတင့်-ဒေါ်အေးအေးတို့၏အစ်မသည် ၂၇-၂-၂၀၁၉ရက် နံနက် ၂း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(မော်တင်ကမ်းနားမှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်မိုး(ခ)
## ဒေါ်တင်စန်းငွေး
**(တောင်သာ)**
**(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ အထက-၄၊ ဗိုလ်တထောင်)**
**အသက်(၆၄)နှစ်**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၊ တလိုင်းရပ်ရွာသစ်နေ (ဆရာဦးပြား-ဆရာမဒေါ်ရွှေဥ) တို့၏သမီး၊ ဒေါ်မြမြ( ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၊ ဒေါ်ခင်သန်းနွဲ့၊ ဒေါ်စိန်စိန်၊ ဒေါ်ကြည်ကြည်လွင်တို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၄၇၅နေ (ဦးအောင်ငွေ)(ဦးစီးအရာရှိ၊ လ.ဝ.က-ငြိမ်း)၏ ဇနီး၊ ကိုဇော်ရှိန်း၏မိခင်သည် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ရက် (သောကြာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြသိန်း(ခ)ဘူထွန်း
**အင်ဂျင်နီယာ(G.T.I)(ပြည်)**
**အသက်(၅၃)နှစ်**

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်း၊ (ကသ.၅၂)နေ (ဦးစံရွှေပု-ဒေါ်မစံလှ)တို့၏သား၊ (ဒေါ်ဦးမြသန်း)၊ ဒေါ်ခင်သန်း(ထွေ/အုပ်-ငြိမ်း)တို့၏မောင်၊ ဦးရွှေသိန်း (စစ်တွေတက္ကသိုလ်)၏ညီ၊ ဦးအေးထွန်း(စက်မှုလယ်ယာ)-ဒေါ်သန်းသန်းငွေး(စက်မှုလယ်ယာ)တို့၏အစ်ကို၊ ဒေါ်မဝေ၏ခင်ပွန်း၊ မောင်ကျော်လင်းနိုင်၊ မမေမြတ်နိုးတို့၏ဖခင်၊ မောင်ထူးလွင်ဖြိုး၊ မောင်ပြည့်စုံဖြိုးတို့၏ဘကြီးသည် ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးမြင့်အောင် (၂၀၁၂ခုနှစ်၊ အမျိုးသားစာပေဆုရှင်)
**ရှေးဟောင်းသုတေသနပညာရှင်**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၂)လုံးတန်း၊ ရန်ရှင်းလမ်း၊ အမှတ် ၂၁၇၊ အခန်း(၉)နေ (ဦးပေါက်တူး-ဒေါ်ရှိန်)တို့၏တစ်ဦးတည်းသောသား၊ (ဒေါ်ကြင်မြင့်)၏ခင်ပွန်း၊ ဒေါက်တာကျော်နိုင်-ဒေါ်လှမြတ်မွန်(ဩစတြေးလျ)၊ ဦးသန့် ဇင်-ဒေါ်နီလာထွန်း၊ ဦးထင်အောင်-ဒေါ်မေဇင်ဇေယျာ၊ (မောင်မြတ်ကျော်)၊ (မောင်မြတ်ဇော်)တို့၏ဖခင်၊ မောင်ဇင်အောင်ရှိုင်း၊ (မောင်အောင်ဇင်အောင်)၊ (မောင်ရှင်းမြတ်အောင်)တို့၏အဘိုးသည် ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်းဒါယကာကြီး**
## ဦးညိုသာအောင် (ပလက်ဝမြို့)
**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ ထွေ/အုပ်**
**စာရေးဆရာညိုသောင်း(ဘာသာကြီးလေးခုအနှစ်သာရများ၊ ဂျူးပြဿနာ)**
**အသက်(၈၂)နှစ်**

ပလက်ဝမြို့၊ မြို့မရပ်နေ (ဦးအောင်ထွန်းဖြူ-ဒေါ်လှရှင်ဦး)တို့၏သား၊ (ဦးစံကျော်အောင်-ဒေါ်အောင်မဖြူ)တို့၏သားသမက်၊ ဒေါ်သိန်းသိန်း၏ခင်ပွန်း၊ ဦးဝေဇံအောင်၊ ဦးဇေယံအောင်-ဒေါ်မိုးမိုးဆွေ၊ ဒေါ်နှင်းမြအောင်၊ ဦးဒေဝံအောင်-ဒေါ်မေသက်နွယ်၊ ဦးမေဃံအောင်-ဒေါ်အေးသီတာမျိုးတို့၏ဖခင်၊ မောင်ဟိန်းဖြိုးသျှန်၊ မောင်ဘုန်းဇင်ထက်တို့၏အဘိုးသည် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသ၀တီ(၁၆)လမ်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
## ဒေါက်တာသိမ်းကျော်
**ပါမောက္ခချုပ်-(ငြိမ်း)၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)**
**(IM-1 of 1986)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ် ၄၈နေ (ဦးစောဟာလင်တန်)-ဒေါ်အေးကြည်တို့၏သား၊ ဦးစိန်ယု-ဒေါ်လှရီတို့၏သားသမက်၊ ကိုကောင်းကျော်၊ မသူသူသိမ်းကျော် (Director,Stella Collections) တို့၏ဖခင်၊ ဒေါ်မျိုးမျိုးယု၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ရန်ကုန်ဆေးရုံကြီး ခုတင်-၅၀၀ ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၉ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
## ဒေါက်တာသိမ်းကျော်
**ပါမောက္ခချုပ်-(ငြိမ်း)၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)**
**(IM-1 of 1986)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ်၄၈နေ (ဦးစောဟာလင်တန်)-ဒေါ်အေးကြည်တို့၏သား၊ ဦးစိန်ယု-ဒေါ်လှရီတို့၏သားသမက်၊ (ဦးတင်ထွန်း)၊ ဦးအောင်ထွန်း၊ ဒေါ်ကြည်၊ ဒေါ်နုနုအောင်၊ ဒေါ်မေနုတို့၏တူသား၊ ကိုကောင်းကျော်၊ မသူသူသိမ်းကျော်(Director,Stella Collections)တို့၏ဖခင်၊ ဒေါ်မျိုးမျိုးယုချစ်လှစွာသောခင်ပွန်းသည် ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ရန်ကုန်ဆေးရုံကြီး ခုတင်-၅၀၀ ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၉ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးဇမ်ခန့်ကာပ် (တပ်မတော်ရေ-ငြိမ်း)
**U ALPHONE ZAM KHAN KAAP**
**(Cingpikot khua-Naulak beh)**
**Y.C.C.F**
**အသက်(၇၁)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ကျိန်ပီးကွတ်ရွာနေ (Pu Lam Za Dal-Pi Nian Dim)တို့၏သား၊ Nu Mary Zen Ngaih Lun၏ချစ်လှစွာသောခင်ပွန်း၊ Robert Dal Khen Kap-Rose Mary Cing Sian Man,Agnes Dim San Ciin-ဦးကိုကိုနိုင်၊ David Thang Lam Tuang,Francis Thang Khan Mung,Peter Vung Sian Khaiတို့၏ဖခင်၊ Michael Kap Deih Tung, Jaimes Kap Suan Lian,John Kap Za Cin တို့၏အဘိုးသည် ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့) ည ၈း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၂-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်၊ မြေနီကုန်း Y.C.C.F ဘုရားကျောင်းနှင့် ယုဇန ပိတောက်ကွေ့တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးညို
**စွန်းလွန်းယောဂီ**
**အမေရိကန်သံရုံး(ငြိမ်း)**
**အသက်(၁၀၁)နှစ်**

(ဦးဘကျုတ်-ဒေါ်စိန်)တို့၏သား၊ (ဒေါ်သိန်းခင်)၏ခင်ပွန်း၊ ဦးအောင်သိန်းမြ(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၊ ဒေါ်အေးကြည်(မိုးမိုး) (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၊ ဦးမြင့်အေး-ဒေါ်ဘရန်ဒါ(Perth,Australia)တို့၏ဖခင်၊ မောင်သက်နိုင်ဝင်း(MMB Bank)- မအေးအေးအောင်(MMB Bank)၊ မောင်ငွေယု-မနှင်းနှင်းဝင့်ဟန်၊ မောင်အေးခိုင်၊ မောင်ထွန်းထွန်းမင်း၊ မောင်ဇေယျဖြိုးတို့၏ဖခင်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၉ရက် ညနေ ၆း၂၀နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ အသောကလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ အမှတ် ၁၁နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူသားသမီး၊ မြေး၊ မြစ်တစ်စု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်ကြည် (ဒိုက်ဦး) အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဩဘာလမ်း၊ အမှတ် ၂၁(2-A)နေ (ဦးထွန်းအောင်-ဒေါ်စောကြင်)တို့၏သမီး၊ (ဦးညို)၏ဇနီး၊ ဦးမျိုးမြင့်-ဒေါ်ကြင်ပြုံး(M.E.I.S)၊ ဒိုက်ဦးမြို့နေ ဒေါက်တာမြင့်သိန်း-ဒေါ်ရွှေသီတို့၏မိခင်၊ ကိုကျော်ဇင်မျိုး-မသင်းရီစိုး၊ ကိုနေလင်း-မနန်းသန္တာအေး၊ ဒေါက်တာဝင်းကျော်မိုး၊ ဒေါက်တာသန်းနိုင်စိုး-မဂျူလိုင်အောင်၊ ဒေါက်တာယဉ်ဝေငြိမ်းတို့၏အဘွား၊ မအိန်ဂျလာဇင်၊ မောင်လင်းသန့်ကျော်ဇင်တို့၏အဘွားသည် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၉ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းမြင့်
**(ကညွတ်ကွင်း)**
**အသက်(၉၃)နှစ်**

မန္တလေးမြို့၊ ချမ်းသာရထုံးကုန်းရပ်နေ ဦးထွန်းဝင်း-ဒေါ်လေးကြူ၊ ကွဲဆည်ကန်(၅)လမ်းနေ (ဦးမြင့်လွင်)-ဒေါ်စန်းစန်းမြင့်(စိန် ကိုးလုံး ရေခဲစက်)၊ မန္တလေးမြို့၊ လမ်း-၄၀၊ ဘီးတန်းရပ်နေ (ဦးသန်းထွေး)-ဒေါ်ခင်မွှေး(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)၊ မန္တလေးမြို့၊ ကျွန်းလုံးဥသျှောင်၊ (၅၀၁)ရပ်ကွက်နေ ဦးမင်းနိုင်၊ ဦးစိုးနိုင်၊ ဒေါ်ခင်မာဆွေ၊ ဒေါ်သင်းသင်းကြူ၊ ဦးရဲနိုင်-မအေးအေး(ဆိုရှယ်-ဒီလိုင်း၊ ရောင်းဝယ်ရေး)တို့၏ဖခင်၊ မြေး၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘိုး၊ (ဒေါ်ဝိုင်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်အေးရိပ်ငြိမ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှဖေ (ကျောက်ပန်းတောင်း)
**ဆည်မြောင်း(ငြိမ်း)၊ စစ်မှုထမ်းဟောင်း**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ တောင်ညိုလမ်း၊ အမှတ် ၉၄၃(က)နေ (ဦးပြောင်း-ဒေါ်နု)တို့၏သား၊ (ဒေါ်ခင်မေရီ)၏ခင်ပွန်း၊ ဦးသိန်းဇော်-ဒေါ်တင်တင်လှ၊ (ဦးတင်မောင်လှ)-ဒေါ်မာမာ(သန်မြန်သူဂိတ်မှူး၊ ကျောက်ပန်းတောင်း)၊ ဦးတင်မောင်ဝင်း (စာရင်းကိုင်-၂၊ စက်မှုလုပ်ငန်း၊ ဆည်မြောင်း၊ တည်ဆောက်ရေး-၄၊ ရွှေဘို)-ဒေါ်စန်းစန်းမြင့်(ထ-၁၊ မြောက်ဒဂုံ)၊ ဦးတင်မောင်ဆွေ-ဒေါ်ခင်ခင်၊ ဦးနေအောင်-ဒေါ်မိုးစန္ဒာ(မူအုပ်၊ အမက၊ ထီးအုံးခြံ၊ ဆီဆိုင်မြို့နယ်)၊ ဒေါ်ဝင်းစန္ဒာ(ခ)မလိတ်(သန်မြန်သူဂိတ်မှူး၊ ကျောက်ပန်းတောင်း)၊ ဦးအောင်ကိုဝင်း(ဒိုင်းမွန်းစတား)၊ ဒေါ် အေးအေးမိုး(မ-၂၁၊ ဒဂုံအရှေ့)၊ ဦးဇင်လင်းထွဋ်-ဒေါ်သူသူမိုး၊ ဦးလင်းကိုကိုထွေး(East boy ကုမ္ပဏီ)တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၂၇-၂-၂၀၁၉ရက် နံနက် ၄း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတားဒါယကာကြီး**
## ဦးအောင်မြင့်မောင် (ဒု-ပြည်နယ်မှူး-ငြိမ်း)(လ.ဝ.က-၁၁၂၃)
**မြို့မကျောင်းသားဟောင်း**
**ပျဉ်းမနားမြို့**
**အသက်(၈၇)နှစ်**

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ (၆)လမ်း၊ အမှတ် ၁၀/၈၉နေ (ဗိုလ်မှူးလှမောင်-ဒေါ်ထွေးရင်)တို့၏သား၊ ဦးအောင်မြင့် နိုင်-ဒေါ်အေးအေး၊ ဦးအောင်မြင့်ကျော်-ဒေါ်ကြူကြူခိုင်၊ ဦးအုန်းကျော်(ဦးစီးအရာရှိ၊ ပေါင်းတည်၊ လဝက)-ဒေါ်ဝါဝါမြင့်( အလပြ-ငြိမ်း)၊ ဦးတင့်လွင်ဦး-ဒေါ်သီရိမြင့်(လဝက-ငြိမ်း)၊ (ဦးအောင်မြင့်ထွေး)တို့၏ဖခင်၊ ဒေါ်အိသန္တာကျော်(ဒုတိယလူဝင် မှုကြီးကြပ်ရေးမှူး၊ လဝက)၊ ဒေါ်သက်ထားကျော်(ဒု-လက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေး)၊ ဦးနိုင်အောင်လူ (ပြည်တွင်းအခွန်)၊ မအေးချမ်းဖြူ(Third Year, YUFL-Japanese)၊ မယဉ်မျိုးအေး(First Year-Law)၊ မောင်ခန့်မင်းထက်၊ မဆုယမင်းထက်တို့၏ ဘိုးဘိုးကြီး၊ ဒေါ်လှလှ၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) ည ၁၁း၄၇နာရီတွင် အမှတ်(၂)တပ် မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးနှင့် မြင်းခြံရှိ တပ်မတော်အကြီးစားစက်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မကွေးတပ်နယ်ရှိ တပ်မတော်အကြီးစားစက်ရုံသို့ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်ခဲ့သည့် TATA Truck မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်ထုတ်လုပ်ရန် တပ်ဆင်ထားရှိသည့် Truck Assembly Line များအား လည်းကောင်း၊ City Bus နှင့် Innlay Jeep ကားများအတွက်လိုအပ်သည့် Gear Box များ ထုတ်လုပ်တပ်ဆင်နေမှု အခြေအနေများအား လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စက်ရုံဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားပြီး စက်ရုံဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံမှ Innlay Jeep အတွက် Gear Box များ ထုတ်လုပ်နိုင်ခြင်းအတွက် စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် မြင်းခြံတပ်နယ်ရှိ တပ်မတော် အကြီးစားစက်ရုံသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက မော်တော်ယာဉ်များအတွက် လိုအပ်သည့် Light Truck Axle၊ Heavy Duty Truck နှင့် Innlay Jeep Axle များ ထုတ်လုပ်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ၌ မော်တော်ယာဉ်စက်အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြား



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် လူ့အခွင့်အရေးကောင်စီ၏ အကြိမ်(၄၀)မြောက် ပုံမှန်အစည်းအဝေးအဆင့်မြင့်ကဏ္ဍသို့ တက်ရောက် မိန့်ခွန်းပြောကြားစဉ်။**

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၇**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် လူ့အခွင့်အရေးကောင်စီ၏ အကြိမ်(၄၀)မြောက် ပုံမှန်အစည်းအဝေးအဆင့်မြင့်ကဏ္ဍသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်က မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် လူ့အခွင့်အရေးကောင်စီမှ လိုက်နာသင့်သည့် မူဝါဒများ၏ အရေးပါမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းဆောင်ရွက်နေမှုနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍

*စာမျက်နှာ ၆ ကော်လံ ၁* ❑

# ဝမ်းချန်ပီယံရှစ် တွဲဆိုင်း ၁၁ ဆိုင်း မတ် ၈ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်မြို့၌ ကျင်းပမည့် ဝမ်းချန်ပီယံရှစ်၏ ONE : Reign of Valor ပြိုင်ပွဲကြီးတွင် တွဲဆိုင်း ၁၁ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။အဆိုပါ တွဲဆိုင်းပြိုင်ပွဲကြီး၌ အဓိကတွဲဆိုင်းတွင် ဝယ်သာဝိတ်ကမ္ဘာ့ ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ထားသော ဆွီဒင်နိုင်ငံသား Zebaztian Kadestam သည် ကာဇက်စတန်နိုင်ငံကစားသမား Georgiy Kichiginနှင့် ယှဉ်ပြိုင်ရန် ၎င်း၏ ချန်ပီယံခါးပတ်ကို ပထမဆုံးအကြိမ်အဖြစ် ကာကွယ်သွားမည်ဖြစ်သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလက Kadestam သည် ရှုံးပွဲမရှိသေးသော အမေရိကန်ကစားသမား Tyler Mcguire ကို ပဉ္စမအချီ၌ အလဲထိုးကာ ဝမ်းဝယ်သာဝိတ်ကမ္ဘာ့ချန်ပီယံနေရာကို ရယူနိုင်ခဲ့သည်။ ကာဇက်စတန်နိုင်ငံသား Kichigin သည် ကျွမ်းကျင်သော နပန်းကစားသမားတစ်ဦးဖြစ်ကာ Fight Nights ကမ္ဘာ့ချန်ပီယံတစ်ဦးလည်း ဖြစ်သည်။ ၎င်းသည် ပရော်ဖက်ရှင်နယ် ကိုယ်ခံပညာသိုင်းပေါင်းစုံ ပွဲစဉ်မှတ်တမ်း (၂၀- ၅)ကို ရရှိထားကာ နိုင်ပွဲ ၁၆ ပွဲကို ချုပ်ကွက်များဖြင့်

*စာမျက်နှာ ၁၂ ကော်လံ ၅* ○

**မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်း ဂျပန်နိုင်ငံသို့ ထွက်ခွာ**

*စာမျက်နှာ -၁၂*

**မောင်တောနှင့် ထားဝယ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်/ခဲယမ်း ဖမ်းဆီးရမိ**

*စာမျက်နှာ -၁၃*